# မြဝတီ နေ့စဉ်

မှန်မည် ထူးမည်၊ မြန်မည် ဦးမည် အသွင်သစ်နှင့်မြဝတီ


## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

လောကဥ္စ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ အဖကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ လောကဥ္စ ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝကတို့ကို ပစ္စည်းလေးပါးဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ **ဓမ္မပဒ**

### ဒို့တာဝန်အရေးသုံးပါး

♦ ပြည်ထောင်စုမပြိုကွဲရေး။

♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။

♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**တိုင်းပြည်အနာဂတ် ပန်းတိုင်ဆီ ဆန္ဒကိုယ်စီ မဲပေးမည်။**


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၂၁၅)

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလကွယ်နေ့
၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၁၉ ရက်၊ ဗုဒ္ဓဟူးနေ့


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။



# နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ တတိယအစည်းအဝေး ပထမနေ့ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၈**

နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ တတိယအစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာ ဓမ္မသဘင်၌ ကျင်းပသည်။

**စာမျက်နှာ ၅ ကော်လံ ၁ ➲**



တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့်အတူလိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု) မအူပင်မြို့နယ်သို့ရောက်ရှိ၊ လေးအိမ်စုကျေးရွာ၌အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ စတင်ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁၈**

ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ လေးအိမ်စုကျေးရွာသို့ရောက်ရှိကြရာ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ရပ်မိရပ်ဖများက သောင်းသောင်းဖြဖြကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ နယ်လှည့်ဆေးကုသရေးအဖွဲ့သည် မအူပင်မြို့နယ်၊ လေးအိမ်စုကျေးရွာ စတုဘုမ္မိက-မဟာသတိပဋ္ဌာန်ကျောင်းတိုက်၌ အခြေပြု၍ လေးအိမ်စုကျေးရွာနှင့်

**စာမျက်နှာ ၆ ကော်လံ ၁ ➤**




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၁၉ ရက်)

# ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်ပေးခြင်း

ပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတွင် ကျန်းမာရေးကောင်းမွန်မှုသည် အဓိကကျသည့် အခန်းကဏ္ဍမှပါဝင်သည်။ လူဆိုသည်မှာ အသက်ရှည်ရှည်ပျော်ပျော်ရွှင်ရွှင်ဖြင့် လူ့ဘဝခရီးကိုဖြတ်သန်းလိုကြသည်။ ကျန်းမာခြင်း၏တန်ဖိုးကို မကျန်းမာသည့်အခါမှ ပို၍သိနားလည်ကြသည်။ ကျန်းမာရေးကောင်းနေစဉ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုသည် အရေးတကြီးလိုအပ်သည့်အရာမဟုတ်သော်လည်း ကျန်းမာရေးညံ့လာသည့်အခါ ကျန်းမာရေးစောင့်ရှောက်မှုကိုမျှော်လင့်လာကြသည်။ အချို့သောအရပ်ဒေသများမှာ အကြောင်းအမျိုးမျိုးကြောင့် ကြီးမားသောရောဂါများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးရန် အခက်အခဲရှိနေသည်။

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ဦးတည်ချက်တွင် **"နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး"** ဟူသော ဦးတည်ချက်တစ်ရပ်ပါဝင်သည်။ ပညာရေးနှင့်ကျန်းမာရေးသည် ဒွန်တွဲလျက်ရှိသည်။ ပညာကိုတတ်မြောက်အောင်သင်ယူထားမှသာ ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိများကို ပိုမိုနားလည်မည်။ ဆောင်ရန်ရှောင်ရန်များကို ကြိုတင်သိရှိနိုင်သည်။ ထို့အတူ ပညာတတ်မြောက်အောင်သင်ယူရာတွင်လည်း ကျန်းမာရေးကောင်းမွန်နေမှုဖြစ်ပေမည်။

တပ်မတော်အနေဖြင့် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့်မြစ်ရေယာဉ် (စကု)၊ တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)တို့ဖြင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ဧရာဝတီတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြစ်ဝကျွန်းပေါ်နေကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးရန် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့်မြစ်ရေယာဉ်(စကု)တို့သည် နိုဝင်ဘာလ ၁၇ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ အမှတ်(၄)ရေတပ်ဗဟိုတံတားမှလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ်အတွင်းရှိ ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ရန် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် နိုဝင်ဘာလ ၁၇ ရက် နေ့လယ်ပိုင်းတွင် ရန်ကုန်မြို့အမှတ်(၂)ရေတပ်ဆိပ်ခံတံတားမှလည်းကောင်း သက်ဆိုင်ရာဒေသများသို့ အသီးသီးထွက်ခွာသွားကြသည်။

အဆိုပါရေယာဉ်များတွင်လိုက်ပါသွားသော တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုအရာရှိများ၊ သူနာပြုစစ်သည်များနှင့်သူနာပြုရဲမေများသည် ဒေသခံပြည်သူများအား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အရိုးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ ထို့ပြင် X-Ray ရိုက်ခြင်း၊ Ultrasound ရိုက်ခြင်း၊ ရောဂါဗေဒပါရဂူများဖြင့် ရောဂါရှာဖွေစမ်းသပ်ကုသခြင်း၊ ECG စက်၊ ဓာတ်မှန်ရိုက်စက်များဖြင့် ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းနှင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးပေးခြင်းများကိုလည်း ဆောင်ရွက်ပေးမည်ဖြစ်သည်။

ထို့ပြင် အရေးပေါ်အခြေအနေပေါ်ပေါက်လာပါက ဆေးရုံတင်ကုသမှုများဆောင်ရွက်ပေးနိုင်ရန် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ပေါ်တွင် လူနာ ၃၀ ဦးအထိလည်းကောင်း၊ တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)ပေါ်တွင် လူနာ ၂၅ ဦးအထိလည်းကောင်း တင်ဆောင်ကုသနိုင်သည့်ခွဲစိတ်ခန်း၊ သားဖွားမီးယပ်ခန်း၊ စမ်းသပ်ခန်းနှင့် အထူးကြပ်မတ်ကုသဆောင်များလည်းပါရှိသည်။ တပ်မတော်အထူးကုဆေးအဖွဲ့များပါဝင်သည့် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့အနေဖြင့် ၂၀၁၃ ခုနှစ်မှစတင်၍ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသနှင့် မြစ်ကြောင်းများတစ်လျှောက်ရှိ ဆေးကုသရန်ခက်ခဲသောကျေးရွာများရှိဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးခဲ့ရာ ယခုခရီးစဉ်မှာ အကြိမ်(၂၀)မြောက် ခရီးစဉ်ဖြစ်သည်။ (၁၉)ကြိမ်မြောက်အထိ ဒေသခံပြည်သူစုစုပေါင်း ၁၈၅၅၆၈ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆေးရုံရေယာဉ်ပေါ်ရှိ သားဖွားခန်း၌ ကိုယ်ဝန်ဆောင်မိခင် ၃၁ ဦးတို့ကို အောင်မြင်စွာမွေးဖွားပေးနိုင်ခဲ့သည်။

အလားတူ တပ်မတော်အထူးကုဆေးအဖွဲ့ဝင်များပါဝင်သည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)အနေဖြင့် ၂၀၁၆ ခုနှစ်မှစ၍ မြန်မာ့ပင်လယ်ကမ်းရိုးတန်းဒေသများနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိရာ ယခုခရီးစဉ်မှာ (၁၉)ကြိမ်မြောက်ခရီးစဉ်ဖြစ်သည်။ (၁၈)ကြိမ်မြောက်အထိ ဒေသခံပြည်သူ ၁၆၃၆၄၆ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆေးရုံရေယာဉ်ပေါ်ရှိသားဖွားခန်း၌ ကိုယ်ဝန်ဆောင်မိခင် ၂၂ ဦးတို့အား အောင်မြင်စွာမွေးဖွားပေးနိုင်ခဲ့သည်။

အချုပ်အားဖြင့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)နှင့် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့သည် ဆေးရုံဆေးခန်းနှင့်မနီးသော ဝေးလံခေါင်ဖျားသောဒေသများနှင့် မြစ်ဝကျွန်းပေါ် ဒေသများရှိ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိသည့်အတွက် ပြည်သူများအနေဖြင့်လည်း ဝမ်းသာပီတိဖြစ်ရပါသည်။ ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဖြစ်သည့်အတွက် ဒေသခံပြည်သူများ၏ ဝမ်းမြောက်စွာကြိုဆိုကြသည်မှာ အလွန်ပင် ဝမ်းသာကြည်နူးဖွယ်ကောင်းလှသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများပင်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

**၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ**

**ရွေးကောက်ပွဲကျင်းပရန်**
**၃၉**
**ရက်**
**သာ လိုတော့သည်။**

**လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး "ဝန်ထမ်းသက်သာအရောင်းဆိုင်" ဖွင့်လှစ်

နေပြည်တော် နိုဝင်ဘာ ၁၈

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး "ဝန်ထမ်းသက်သာအရောင်းဆိုင်" ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး စုပေါင်းခန်းမ၌ကျင်းပသည်။

အခမ်းအနားသို့ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးလွင်ဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ကော်မရှင်ရုံးမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ကော်မရှင်ဥက္ကဋ္ဌ ဦးလွင်ဦးက ဝန်ထမ်းသက်သာအရောင်းဆိုင်ကို သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ရုံးဝန်ထမ်းများအားလုံး အခြေခံစားသောက်ကုန်များကို စိတ်ချမ်းမြေ့လွယ်ကူအဆင်ပြေစွာ ပြင်ပဈေးနှုန်းထက်သက်သာသောနှုန်းထားဖြင့် ဝယ်ယူနိုင်စေရန်ရည်ရွယ်ကြောင်း၊ အခြေခံစားသောက်ကုန်များနှင့် လူသုံးကုန်ပစ္စည်းများကို အမျိုးအစားစုံလင်စွာ ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနလက်အောက်ရှိ သမဝါယမဦးစီးဌာနမှ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်များနှင့် ရက်ကန်းထည်များကို အပ်ကုန်စနစ်ဖြင့်မှာယူ၍ ဝန်ထမ်းများဈေးနှုန်းချိုသာစွာ ဝယ်ယူသုံးစွဲနိုင်ရေးစီစဉ်ဆောင်ရွက်ထားရှိကြောင်း၊ အခြင်အတွယ် မှန်ကန်စွာရောင်းချပေးနိုင်ရေးနှင့် ရောင်းချပစ္စည်းများပြတ်လပ်မှုမရှိစေရေးတို့ကိုလည်း အထူးဂရုစိုက်ကြရန်လိုအပ်ကြောင်း မှာကြားသည်။

ဆက်လက်၍ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက "ဝန်ထမ်းသက်သာအရောင်းဆိုင်" ကို ဝန်ထမ်းများအတွက် တစ်ဖက်တစ်လမ်းမှသက်သာစေရန်ရည်ရွယ်၍ စီမံဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် ဝင်ငွေထွက်ငွေမျှတစွာသုံးစွဲကြရန် လိုအပ်ကြောင်း ပြောကြားသည်။ **မြဝတီ**

## သဇင်(FM)အသံလွှင့်အစီအစဉ်

၁၉-၁၁-၂၀၂၅(ဗုဒ္ဓဟူးနေ့)

၁။ ၀၉:၁၀ Market News
၂။ ၁၁:၅၀ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်
၃။ ၁၃:၁၀ ပြည်သူ့ကြားက ပြည်သူ့စကား
၄။ ၁၄:၅၀ ဖတ်သမျှ မှတ်သမျှ
၅။ ၁၅:၃၅ Happy Zone
၆။ ၂၁:၄၀ ချောက်ချောက်ချားချားဖြစ်ရပ်များ

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက်ပဓာနနာယက ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ မဟာထေရ်၏ အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာ

[ ၁၃၈၇ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက် (၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်)၊ အင်္ဂါနေ့ ]

နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ တတိယအစည်းအဝေးသို့ ကြွရောက်တော်မူလာကြကုန်သော နိုင်ငံတော်သံဃမဟာနာယကဆရာတော် အရှင်မြတ်တို့ဘုရား–

ကိုယ်၏ ပင်ပန်းနွမ်းနယ်မှုကို အလေးဂရုမထားဘဲ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို အလေးပေးကာ ကြွရောက်တော်မူလာကြကုန်သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်များကို ရွှင်ရွှင်လန်းလန်း ကျန်းကျန်းမာမာတွေ့မြင်ရပါသဖြင့် နှစ်သက်ရွှင်လန်းဝမ်းမြောက်မှု ပီတိသောမနသများဖြစ်ပွားရပါကြောင်း ဦးစွာလျှောက်ထားအပ်ပါသည်ဘုရား။

ဤအစည်းအဝေး၌ ဆရာတော်တို့အား ဝိနယပိဋက၊ စူဠဝဂ္ဂပါဠိတော်၌လာသော

**သုခေါ ဗုဒ္ဓါနမုပ္ပါဒေါ၊ သုခါ သဒ္ဓမ္မဒေသနာ၊**

**သုခါသံဃဿသာမဂ္ဂီသမဂ္ဂါနံ တပေါသုခေါ**ဟူသော မြတ်စွာဘုရား၏ သုခလေးဖြာ ဩဝါဒကထာကိုပင် လျှောက်ထားအပ်ပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား–**

(၁) သဗ္ဗညုဘုရားရှင်တို့၏ ပွင့်ထွန်းပေါ်ပေါက်တော်မူလာခြင်းကို ဗုဒ္ဓုပ္ပါဒသုခဟု ခေါ်ဆိုရပါသည်။

(၂) သဗ္ဗညုဘုရားရှင်တို့၏သဒ္ဓမ္မသုံးဖြာဒေသနာတော်ကို လူနတ်ဗြဟ္မာသတ္တဝါတို့အား ဟောကြားတော်မူခြင်းကို သဒ္ဓမ္မဒေသနာသုခဟု ခေါ်ဆိုရပါသည်။

(၃) သံဃာတော်၏ညီညွတ်ခြင်းကို သံဃသာမဂ္ဂီသုခဟု ခေါ်ဆိုရပါသည်။

(၄) ညီညွတ်သော သံဃာတော်၏ သမ္မပ္ပဓာန လုံ့လဝီရိယ လေးပါးကို ပွားများကြိုးကုတ်အားထုတ်ကျင့်သုံးခြင်းကို တပေါသုခဟု ခေါ်ဆိုရပါသည်ဘုရား။

အနည်းငယ်ချဲ့၍ ရှင်းလင်းလျှောက်ထားရပါလျှင် အကယ်၍သာ သဗ္ဗညုဘုရားရှင် ပွင့်ထွန်းတော်မမူခဲ့ပါလျှင်၊ ပွင့်ထွန်းတော်မူပါသော်လည်း သူတော်ကောင်းတရားကို ဟောကြားတော်မမူခဲ့လျှင် လူနတ်ဗြဟ္မာသတ္တဝါတို့ ပွားများကျင့်သုံးရမည့် ကုသိုလ်တရား၊ ပယ်ရှားထွက်ခွာရမည့် အကုသိုလ်တရားတို့ကို ခွဲခြားပိုင်ပိုင်မသိနိုင်ကြသောကြောင့် ပွားများရမည့်ကုသိုလ်တရားကို မပွားများမကျင့်သုံးကြရ၊ ပယ်ရမည့်အကုသိုလ်ဒုစရိုက်တရားကို မပယ်ရှားမထွက်ခွာကြဘဲ **“ပါပသ္မိံ ရမတိ မနော”** ဟူသော ဓမ္မပဒ၊ ပါပဝဂ်လာ ဒေသနာတော်အတိုင်း အကုသိုလ် ဒုစရိုက်တို့၌သာ ပျော်ပိုက်လေ့ရှိကြသဖြင့် ဒုဂ္ဂတိဘဝများသို့သာ လားရောက်ကြ၍ ဒုက္ခကြီးစွာ တွေ့ကြုံခံစားရမည်သာဖြစ်ပါသည်ဘုရား။

ယခု ဗုဒ္ဓုပ္ပါဒနဝမခေတ်တွင်မူ မြတ်စွာဘုရားပွင့်တော်မူ၍ သူတော်ကောင်းတရားကို ချီးမြှင့်ဟောကြားတော်မူခြင်းကြောင့် လူနတ်ဗြဟ္မာသတ္တဝါတို့ပွားများကျင့်သုံးရမည့် ကုသိုလ်တရား၊ ပယ်ရှားရမည့်အကုသိုလ်တရားတို့ကို ခွဲခြားသိမြင်ကြ၍ ကုသိုလ်တရားကို ပွားများ၊ အကုသိုလ်တရားတို့ကို ပယ်ခွာရှောင်ရှားနိုင်ကြသဖြင့် ဘုရားရှင်တို့ ပွင့်ပေါ်တော်မူခြင်းကို **“ဗုဒ္ဓုပ္ပါဒသုခ”**၊ သူတော်ကောင်းတရား ဟောကြားတော်မူခြင်းကို **“သဒ္ဓမ္မဒေသနာသုခ”** ဟု ခေါ်ဆိုရပါသည်ဘုရား။

ဤသုခနှစ်ပါးတို့သည် တပည့်တော်များပြုလုပ်အားထုတ်၍ ရစကောင်းသောသုခများ မဟုတ်ကြ၊ ဘုရားရှင်တို့ ကိုယ်တော်တိုင်သာပြုလုပ်နိုင်သော ဘုရားရှင်တို့နှင့်သာ သက်ဆိုင်သော သုခများဖြစ်ကြပါသည်



ဘုရား။ ဤသုခနှစ်ပါးတို့ကို ဘုရားရှင်ကိုယ်တော်မြတ်က လူနတ်ဗြဟ္မာသတ္တဝါတို့အတွက် အပြည့်အစုံချီးမြှင့်ဆောင်ရွက်တော်မူခဲ့ပြီးဖြစ်ပါသည်ဘုရား။

တတိယမြောက်သံဃာတော်၏ညီညွတ်ခြင်း သံဃသာမဂ္ဂီသုခနှင့်ပတ်သက်၍ လျှောက်ထားရပါလျှင် ဘုရားရှင်၏တပည့်သာဝက သံဃာတော်များ မညီညွတ်ခဲ့ပါက ဝိဝါဒ–ငြင်းခုံမှု၊ ဝိဂ္ဂဟ–ဆန့်ကျင်မှု၊ ကလဟ–ကိုယ်နှုတ်ထိပါးခိုက်ရန်ပွားမှုများဖြစ်ကြ၍ လူနတ်ဗြဟ္မာသတ္တဝါတို့ ဆင်းရဲဒုက္ခကြီးစွာရောက်ကြရမည်သာ ဖြစ်ပါသည်ဘုရား။ အကြင်ရွာ၊ အကြင်မြို့၊ အကြင်တိုင်းနိုင်ငံ၊ အကြင်ကျောင်းတိုက်၊ အကြင်အသင်းအဖွဲ့၌ အချင်းချင်းမညီမညွတ်စိတ်ဝမ်းကွဲပြားကြ၏။ ထိုရွာ၊ ထိုမြို့၊ ထိုတိုင်းနိုင်ငံ၊ ထိုကျောင်းတိုက်၊ ထိုအသင်းအဖွဲ့သည် မချမ်းသာဘဲ ဆင်းရဲနေမည်သာ ဖြစ်ပါသည်ဘုရား။

ဣတိဝုတ္တက ပါဠိတော်၊ သံဃဘေဒသုတ်၌–

“ဧကော ဓမ္မော ဘိက္ခဝေ လောကေ ဥပ္ပဇ္ဇမာနော ဥပ္ပဇ္ဇတိ ဗဟုဇနာ ဟိတာယ ဗဟုဇနာသုခါယ ဗဟုနော ဇနဿ အနတ္ထာယ အဟိတာယ ဒုက္ခာယ ဒေဝမနုဿာနံ။ ကတမော ဧကော ဓမ္မော သံဃဘေဒေါ။ သံဃေ ခေါ ပန ဘိက္ခဝေ ဘိန္နေ အညမညံ ဘဏ္ဍနာနိ စေဝ ဟောန္တိ၊ အညမညံ ပရိဘာသာ စ ဟောန္တိ၊ အညမညံ ပရိက္ခေပါ စ ဟောန္တိ၊ အညမညံ ပရိစ္စဇနာ စ ဟောန္တိ၊ တတ္ထ အပ္ပသန္နာ စေဝ နပ္ပသီဒန္တိ ပသန္နာနဉ္စ ဧကစ္စာနံ အညထတ္တံ ဟောတိ။”

ရဟန်းတို့ တစ်ခုသောတရားသည် လောက၌ ဖြစ်ပေါ်လာသည်ရှိသော် လူအများ စီးပွားမဲ့ရန်၊ ချမ်းသာမဲ့ရန်၊ အကျိုးမဲ့ရန်၊ နတ်လူတို့ စီးပွားမဲ့ရန်၊ ဆင်းရဲရန်ဖြစ်၏။ တစ်ခုသော တရားဟူသည် အဘယ်နည်း။ သံဃာကွဲပြားခြင်းပင်တည်း။ ရဟန်းတို့ သံဃာကွဲပြားသည်ရှိသော် (သံဃာကွဲပြားခြင်းကြောင့်) အချင်းချင်းငြင်းခုံမှု၊ ခြိမ်းခြောက်မှု၊ ပြစ်တင်ရှုတ်ချမှု၊ အချင်းချင်းနှင်ထုတ်စွန့်လွှတ်မှုတို့ ဖြစ်ကြရကုန်၏။ ထိုသံဃာကွဲပြားရာ၌ မကြည်ညိုသောသူတို့လည်း မကြည်ညိုကြတော့ကုန်၊ ကြည်ညိုပြီးသော အချို့သူတို့လည်း အကြည်ညိုပျက်ကြကုန်၏”ဟု ဘုရားရှင်ဟောကြားတော်မူခဲ့ပါသည်ဘုရား။

ဣတိဝုတ္တက ပါဠိတော်၊ သံဃသာမဂ္ဂီသုတ်တော်၌–

“ ဧကော ဓမ္မော ဘိက္ခဝေ လောကေ ဥပ္ပဇ္ဇမာနော ဥပ္ပဇ္ဇတိ ဗဟုဇနဟိတာယ ဗဟုဇနသုခါယ ဗဟုနော ဇနဿ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ။ ကတမော ဧကော ဓမ္မော သံဃသာမဂ္ဂီ။ သံဃေ ခေါ ပန ဘိက္ခဝေ သမဂ္ဂေ န စေဝ အညမညံ ဘဏ္ဍနာနိ ဟောန္တိ၊ န စ အညမညံ ပရိဘာသာ ဟောန္တိ၊ န စ အညမညံ ပရိက္ခေပါ ဟောန္တိ၊ န စ အညမညံ ပရိစ္စဇနာ ဟောန္တိ၊ တတ္ထ အပ္ပသန္နာ စေဝ ပသီဒန္တိ၊ ပသန္နာနဉ္စ ဘိယျောဘာဝေါ ဟောတိ။

ရဟန်းတို့ တစ်ခုသောတရားသည် လောက၌ဖြစ်ပေါ်လာသည်ရှိသော် လူအများအစီးအပွားဖြစ်ရန်၊ ချမ်းသာရန်၊ အကျိုးရှိရန်၊ နတ်လူတို့ အစီးအပွားဖြစ်ရန်၊ ချမ်းသာရန်သာ ဖြစ်ပေ၏။ တစ်ခုသောတရားဟူသည် အဘယ်နည်း။ သံဃာညီညွတ်ခြင်းပင်တည်း။ ရဟန်းတို့ သံဃာညီညွတ်သည်ရှိသော် (သံဃာညီညွတ်ခြင်းကြောင့်) အချင်းချင်းငြင်းခုံမှု၊ ခြိမ်းခြောက်မှု၊ ပြစ်တင်ရှုတ်ချမှု၊ အချင်းချင်းနှင်ထုတ်စွန့်လွှတ်မှုတို့ မဖြစ်ကြကုန်။ ထိုသံဃာညီညွတ်ရာ၌ မကြည်ညိုသေးသူတို့လည်း ကြည်ညိုကြကုန်၏။ ကြည်ညိုပြီးသူတို့လည်း တိုး၍ ကြည်ညိုကြကုန်၏။” ဟု မြတ်စွာဘုရားရှင်ဟောကြားတော်မူပါသည်ဘုရား။ ထို့ကြောင့် သံဃာတော်၏ ညီညွတ်ခြင်းကို သံဃသာမဂ္ဂီသုခဟု ခေါ်ဆိုရပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား–**

သံဃာတော်တို့ မကွဲပြား ညီညွတ်ရုံသာ ညီညွတ်ကြ၍ သမ္မပ္ပဓာန်လေးပါးအကျင့်တရားကို ကျင့်သုံးအားထုတ်မှုမရှိကြဘဲ မေ့မေ့လျော့လျော့ပေါ့ပေါ့ဆဆနေကြပါလျှင် ချမ်းသာသုခကို ရနိုင်ကြမည်မဟုတ်ပါဘုရား။ ညီညွတ်သောသံဃာတော်တို့သမ္မပ္ပဓာန်လေးပါးအကျင့်တရားကို ပွားများကြိုးကုတ်အားထုတ်မှသာ ချမ်းသာသုခကိုရရှိနိုင်ကြမည်ဖြစ်ပါသည်။ ထို့ကြောင့် ညီညွတ်သော သံဃာတော်၏ သမ္မပ္ပဓာန်လေးပါး အကျင့်တရားကို ပွားများကြိုးကုတ်အားထုတ်ခြင်းကို “တပေါသုခ”ဟု ခေါ်ဆိုရခြင်းဖြစ်ပါသည်ဘုရား။

တပည့်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီး၊ ဂိုဏ်းအသီးသီးရှိ အယူသီလတူညီကြကုန်သော တစ်ပြည်လုံးရှိ သံဃာတော်များ ၁၉၈၀ ပြည့်နှစ်တွင် ပြည့်ပြည့်ဝဝ ညီညွတ်မှုရရှိကာ သာသနာ့သမိုင်းဝင် ဂိုဏ်းပေါင်းစုံ သံဃာအစည်းအဝေးကြီးကျင်းပနိုင်ခဲ့ပါသည်ဘုရား။ တပည့်တော်တို့၏ ရှေးရှေး သီလဝန္တ သိက္ခာကာမသာသနာ့အာဇာနည်ဆရာအရှင် မထေရ်မြတ်ကြီးများ၏သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး စသောရည်ရွယ်ချက်များ၊ “သံဃာ့ကိစ္စ သံဃာဆောင်ရွက်”မှုများနှင့်အညီ သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ၊ ဝိနည်းဓမ္မကံအဓိကရဏ်းမှုခင်းများဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ပြဋ္ဌာန်းနိုင်ခဲ့ပါသည်ဘုရား။

ထိုရေးဆွဲပြဋ္ဌာန်းနိုင်ခဲ့သော ဓမ္မဝိနယနှင့်ညီညွတ်၍ ခေတ်ကာလနှင့် လျော်ညီသော ပြဋ္ဌာန်းချက်များအတိုင်း တပည့်တော်တို့ သံဃပိတု သံဃာ့ ဦးသျှောင်မထေရ်တို့ ထိန်းသိမ်းဆောင်ရွက်ခဲ့ကြသည့် နည်းအတိုင်း သံဃာတော်များ အစဉ်အဆက် ညီညီညွတ်ညွတ် ဆောင်ရွက်လာခဲ့ကြသည်မှာ ပထမအကြိမ် ၅ နှစ်သက်တမ်းမှ ယခု နဝမအကြိမ်ထိရောက်ရှိလာခဲ့ပြီးဖြစ်ပါသည်ဘုရား။ ထိုသို့ သံဃနာယကအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လာကြသည့် ၄၅ နှစ်သက်တမ်းတွင် သာသနပစ္စတ္ထိကဖြစ်သည့် သာသနာအတွင်းရန်သူ အပြင်ရန်သူအမျိုးမျိုးကို ရှင်းလင်းသုတ်သင်၍ ဘုရားရှင်၏သာသနာတော်မြတ်ကြီးကို သန့်ရှင်းတည်တံ့ပြန့်ပွားရေးလုပ်ငန်းကြီးများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြပါသည်ဘုရား။ ဥပမာဆောင်ပြရလျှင် ခေတ်အဆက်ဆက်နှိမ်နင်းဆောင်ရွက်ခဲ့ကြသော ဓမ္မ အဓမ္မ၊ ဝိနယ အဝိနယ ကိစ္စရပ်များ၊ လက်ရှိတပည့်တော်တို့ကာလတွင် သာသနာအတွင်းသား ရဟန်းသာမဏေအချို့၏မြေပြင်သမဏသာရုပ္ပ မဆောင်သည့်ပြုမူဆောင်ရွက်ချက်များ၊ လူမှုကွန်ရက်ပေါ်တွင် သမဏသာရုပ္ပမဖြစ်သည့် လွှင့်တင်မှုများမဖြစ်စေရေး တိုင်းဒေသကြီး/ပြည်နယ် သံဃနာယကအဖွဲ့များကတစ်ဆင့် မြို့နယ်သံဃနာယကအဖွဲ့များထံ၊ မြို့နယ်သံဃနာယကအဖွဲ့များကတစ်ဆင့် သက်ဆိုင်ရာကျောင်းတိုက်၊ ကာယကံရှင်များထံ တားမြစ်ရ ဆုံးမဩဝါဒပေးရသည့်ကိစ္စရပ်များကို ဆောင်ရွက်ခဲ့ကြရပါသည်ဘုရား။ သာသနာအတွင်းသား ရဟန်းသာမဏေမဟုတ်သည့် အခြားပုဂ္ဂိုလ်များ၏ ဘုရားရှင်သာသနာတော်ကိုထိခိုက်အောင် သာသနာတော်ညှိုးနွမ်းအောင် ဆောင်ရွက်ချက်များ လူမှုကွန်ရက်များဖြစ်သော ဖေ့စ်ဘွတ်၊ တစ်တော့၊ ယူကျူ စသည်တို့တွင် ပျံ့နှံ့လာသောကြောင့် ဓမ္မစက် အာဏာစက်ဖြင့် ထိရောက်စွာအရေးယူရခြင်းများလည်း ရှိနေပါသည်ဘုရား။ ထိုသို့သော ကိစ္စရပ်များကိုလည်း သံဃနာယကအဆင့်ဆင့်အနေဖြင့် မျက်ခြည်မပြတ် ဂရုတစိုက်ဆောင်ရွက်ရန် လိုအပ်ပါသည်ဘုရား။ ဤသို့ ဆောင်ရွက်လာနိုင်ခဲ့ကြခြင်းသည် ဘုရားရှင်၏ အဆုံးအမ သာမဂ္ဂီသုခ၊ တပေါသုခနှစ်ပါးအတိုင်း အစဉ်အဆက် ထိန်းသိမ်းခဲ့ကြခြင်းကြောင့်သာ နှစ်ပေါင်းများစွာ ညီညီညွတ်ညွတ်ကျော်ဖြတ်နိုင်ခဲ့ကြခြင်းဖြစ်သည်ဟု လျှောက်ထားလိုပါသည်ဘုရား။

ဘုရားရှင်မိန့်ကြားတော်မူခဲ့သော သုခလေးဖြာ ဩဝါဒကထာတို့တွင်ဗုဒ္ဓုပ္ပါဒသုခနှင့်သဒ္ဓမ္မဒေသနာသုခ နှစ်ပါးတို့သည် တပည့်တော်တို့က ပြုလုပ်အားထုတ်၍ ရကောင်းသော သုခမဟုတ်ကြ၊ ဘုရားရှင်တို့သာ ပြုလုပ်နိုင်သော သုခနှစ်ပါး၊ ဘုရားရှင်တို့နှင့်သာ သက်ဆိုင်သော သုခနှစ်ပါးဖြစ်ကြပါသည်ဘုရား။ သာမဂ္ဂီသုခ၊ တပေါသုခနှစ်ပါးတို့သည် ဘုရားရှင်၏ တပည့်သာဝက သံဃာတော်အပေါင်း၏ တာဝန်ဖြစ်သည့် သုခများဖြစ်ပါသည်ဘုရား။ ထို့ကြောင့် လူနတ်ဗြဟ္မာသတ္တဝါများ စီးပွားချမ်းသာဖြစ်စေရန်၊ ဘုရားရှင်သာသနာတော်ကြီး အရှည်တည်တံ့ခိုင်မြဲ၍ စည်ပင်ပြန့်ပွား ထွန်းကားတိုးတက်စေရန်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးနှင့် အဆင့်ဆင့်သော သံဃာ့အဖွဲ့အစည်းတို့ အရှည်တည်တံ့ခိုင်မြဲ၍ စိတ်ချမ်းသာစွာဖြင့် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကိစ္စများကို အောင်မြင်စွာဆောင်ရွက်နိုင်ကြစေရန် ရည်သန်တော်မူကြ၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ခွဲအချင်းချင်းလည်းကောင်း၊ အဖွဲ့ဝင်အချင်းချင်းလည်းကောင်း၊ သံဃနာယကအထက်အဆင့် အောက်အဆင့် အချင်းချင်းလည်းကောင်း ကလဟ–ဝိဝါဒ မဖြစ်အောင် ညီညွတ်မှုရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်ပါသည်ဘုရား။

ထိုသို့ဆောင်ရွက်ကြရာတွင်ဘုရားရှင်၏သုခလေးဖြာ ဩဝါဒကထာလာ သာမဂ္ဂီသုခ၊ တပေါသုခနှစ်ပါးပြည့်ဝနိုင်ရေး ဦးတည်ကြရမည်ဖြစ်သကဲ့သို့ တပည့်တော်တို့၏ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းစသော ပြဋ္ဌာန်းချက်များ၊ ညွှန်ကြားလွှာများ စသည်တို့နှင့်အညီ ဆောင်ရွက်ကြရမည်ဖြစ်သည့်အပြင် သံဃာ့အဖွဲ့အစည်းအသီးသီးတွင်လည်း အဖွဲ့ငယ်တစ်ဖွဲ့၏ ဆောင်ရွက်ချက်ကိုအခြားအဖွဲ့ငယ်များက အလေးဂရုပြု၍လည်းကောင်း၊ အဖွဲ့ဝင်တစ်ပါး၏ တင်ပြချက်ကို အခြားအဖွဲ့ဝင်များက အလေးဂရုပြု၍ လည်းကောင်း၊ ၄၇ ပါးစုံညီအစည်းအဝေးဆုံးဖြတ်ချက်များကိုမူ အဖွဲ့ခွဲ အားလုံးက အထူးပင် အလေးဂရုပြု၍လည်းကောင်း ပြေပြစ်ချောမောသဘောညီမျှစေရန် ကာယကံမေတ္တာ၊ ဝစီကံမေတ္တာ၊ မနောကံမေတ္တာအပြည့်အဝထားတော်မူကြကာ ညီညီညွတ်ညွတ် တိုင်တိုင်ပင်ပင်ညှိညှိနှိုင်းနှိုင်းဆောင်ရွက်တော်မူကြပါရန်လေးလေးနက်နက်တိုက်တွန်းလျက်တပည့်တော်၏ သာရဏီယ ဩဝါဒကထာကို နိဂုံးကမွတ်အဆုံးသတ်ပါသည် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်အရှင်မြတ်တို့ဘုရား။

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

ညီ။ "ရှေ့ကိုမတိုးဘဲ ဒီအတိုင်းရပ်တည်မနေနိုင်ဘူးလားဘရားသား"

နုပ်။ "စိတ်က ရုပ်လိုမဟုတ်ဘူးဗျ။ ဥပမာ-သံမဏိတစ်ချောင်းဆိုရင် အတန်ကြာကြာကြီး တည်နေနိုင်တယ်ဆိုပါတော့။ စိတ်မှာဖြစ်တဲ့ ဒေါသ တရားဆိုတာမျိုးကတော့ ဒီလိုမဟုတ်ဘူးဗျ။ ဆုတ်ရင် ဆုတ်မယ်၊ မဆုတ်ရင် တိုးမှာပဲ။ အကြာကြီးရပ်တည်လို့ မနေတတ်တဲ့ သဘာဝ ရှိတယ်"

ညီ။ "ကျွန်တော်တို့ဘက်က ဘရားသားပြောတဲ့အတိုင်း အာဃာတ လျော့အောင် ကြိုးစားပြီဆိုပါတော့။ သူတို့ရဲ့အုပ်ချုပ်ရေးဝါဒက စစ်ပြင် ရေးဝါဒခင်ဗျ။ ချက်ချင်းစစ်ထတိုက်ဖို့မဟုတ်ပေမယ့် လက်နက်တွေ လုပ်နေရမှ အလုပ်သမားတွေ အလုပ်ရပြီး စက်ယန္တရားကြီး လည်နိုင် တာခင်ဗျ။ ဒီအကြောင်းကို ဘရားသားစဉ်းစားဖူးရဲ့လား"

နုပ်။ "စဉ်းစားဖူးပါတယ်လေ။ ခင်ဗျားတို့ဘက်က ကျွန်တော်ပြောတဲ့ အတိုင်း ကြေညာချက်ထုတ်။ နောက်တစ်ထစ် သဘောတူညီချက်ရ အောင်လုပ်နိုင်တဲ့အခြေအနေရောက်တဲ့အခါမှာ သူတို့ဘာသာသူတို့ အကြံညာဏ်ထုတ်ရပါလိမ့်မယ်။ အခုတော့ ခင်ဗျားတို့က သူတစ်ပြန် ငါတစ်ပြန် ခြောက်လှန့်ပေးနေကြတော့ သူတို့ အရင်းရှင်ကြီးတွေ အကြိုက်၊ သူတို့အစိုးရအကြိုက်ဖြစ်နေပြီး သူတို့ထောင်ထားတဲ့ ကျော့ကွင်းထဲ ခင်ဗျားတို့က ဝင်တိုးနေသလို ဖြစ်နေတာပေါ့ဗျ"

ညီ။ "သူတို့က ဒီအခြေအနေကိုမြင်ပြီး ကျွန်တော်တို့လျှော့တိုင်း မလျှော့ဘဲ တင်းခံနေရင်ကောခင်ဗျာ"

နုပ်။ "ဒီတော့လည်း စပ်ကြားနေကြတဲ့ ကမ္ဘာသူ၊ ကမ္ဘာသားတွေရှိကြ ပါသေးတယ်လေ။ အခုထိတော့ ခင်ဗျားတို့ အုပ်စုကြီးနှစ်ခုစလုံးဟာ ပြိုင်တူလိုတင်းနေကြရာမှာ ဒီဘက်က ဆိုးတယ်၊ ဟိုဘက်က ဆိုးတယ် လို့ မပြောနိုင်ကြဘဲ ကြည့်နေကြရတာပဲ။ ခင်ဗျားတို့ဘက်က ရန်မလိုတဲ့ အနေအထားမျိုး ထင်ထင်ရှားရှားပြနိုင်တဲ့အခါမှာ စပ်ကြားတိုင်းပြည် တွေက ခင်ဗျားတို့ဘက်ကို မေတ္တာထားလာကြလို့မို့ သူတို့ တစ်နည်း တစ်လမ်း ဉာဏ်ထုတ်ကြရတော့မှာပဲ"

ညီ။ "ဉာဏ်ထုတ်တဲ့အခါမှာ နည်းကောင်းနည်းမှန်ကို မတွေ့ဘဲနဲ့ စစ်ထတိုက်တဲ့နည်းကိုလိုက်သွားရင်ကောခင်ဗျာ"

နုပ်။ "ဒီနေရာကျတော့ ကျွန်တော့်ဆရာ ဂေါတမဗုဒ္ဓရဲ့ ခြေရာ ပျောက်သွားလို့မို့ ကျွန်တော့်ထင်မြင်ချက်အရ ဖြေရတော့မှာပဲဗျာ။ ကြေညာချက်ထုတ်ပြီး ခင်ဗျားတို့က စတင်ကောင်းလာခဲ့တာကို တစ် ကမ္ဘာလုံးကလည်း သိလို့မို့ သူတို့လည်း သိရမှာပဲ။ လက်နက်အင်အား တောင့်တင်းပါလျက်နဲ့ ရန်ရှောင်တဲ့လမ်းစဉ်ကို စတင်ကျင့်သုံးလာခဲ့တဲ့ အစိုးရကို မုန်းတီးစရာအကြောင်းအချက်လည်း မရှိပါဘဲနဲ့ တမင်သက်သက် စတိုက်ဖို့ဆိုတာတော့ မဖြစ်နိုင်ဘူးလို့ ကျွန်တော် ဆိုချင်တယ်ဗျာ။ ဖြစ်နိုင်တယ်။ တိုက်တယ်ဆိုရင်လည်းပဲ ကမ္ဘာကြီး ပျက်ဖို့ အချိန်စေ့လို့ပဲလို့ ဆိုရတော့မှာပဲဗျာ"

ညီ။ "ဒါ့ပြင်ကောခင်ဗျာ။ ဘရားသားရဲ့ဆရာက ဘာများမြင်သေး သလဲ"

နုပ်။ "ကားလ်မာ့က်စ်က အရင်းရှင်စနစ်ကြောင့် လူတွေ စားနေဝတ် မလုံလောက်ဘဲ ဆင်းရဲကြရတယ်၊ စစ်ဖြစ်ကြရတယ်လို့ မြင်တယ်။ ဒါက ရုပ်ဘက်က အမြင်ပဲ။ သူ့ဟာနဲ့သူတော့ မှန်ပေတယ်။ သူ့နည်းအတိုင်း လိုက်နာကျင့်သုံးကြလို့ ဆိုရှယ်လစ်တိုင်းပြည်တွေမှာ စားနေဝတ်နဲ့ ပတ်သက်လို့ အဆင့်အတန်းတက်လာပြီး လူအများစုမှာ သက်သာ ချောင်ချိလာတာကို ကျွန်တော်တွေ့ခဲ့ရပါတယ်။ သို့သော် တစ်ဖက်က အနှောင့်အယှက်တစ်မျိုးဝင်လာပြန်တယ်ဗျ။ ဒါကိုတော့ ကားလ်မာ့က်စ် ရဲ့နည်းနဲ့မရဘူး။ ဂေါတမဗုဒ္ဓနည်းနဲ့လုပ်ယူမှရမယ်လို့ ကျွန်တော် မြင်တယ်"

ညီ။ "ဘယ်လိုများဟောခဲ့သလဲဗျာ"

နုပ်။ "လောကကြီးမှာ လူတွေဟာ ဘာကြောင့် ငြိမ်းချမ်းစွာမနေဘဲ တထိတ်ထိတ်တလန့်လန့်နဲ့ သောကစိုးရိမ်မှုတွေဖြစ်နေကြသတဲ့လဲဗျ။ ပုဂ္ဂိုလ်တစ်ဦးက မေးလျှောက်တယ်"

ညီ။ "ဘယ်လိုဖြေသတဲ့လဲခင်ဗျ"

နုပ်။ "Jealousy and Envy (ဣဿာ၊ မစ္ဆရိယ ) မနာလိုဝန်တိုမှုတွေ ကြောင့်တဲ့ဗျ။ ကားလ်မာ့က်စ်က ရုပ်ဘက်က ကြည့်တယ်။ ဗုဒ္ဓက စိတ်ဘက်က ကြည့်တယ်။ ကားလ်မာ့က်စ်ရဲ့နည်းမှန်ကန်လို့ ဆိုရှယ် လစ်တိုင်းပြည်တွေမှာ "စားနေဝတ်"မှုအတွက် ချောင်ချိလာတယ်။ နို့ပေမယ့် လူတွေမှာ တစ်နည်းတစ်ဖုံအားဖြင့် စိုးရိမ်ကြောင့်ကြမှုတွေ တိုးလာပြီး ငြိမ်းချမ်းမှုမရကြဘူးမဟုတ်လား။ ဒါကိုတော့ ကားလ်မာ့က်စ် က မတတ်နိုင်ဘူး။ ဗုဒ္ဓရဲ့နည်းနဲ့ လုပ်ယူမှအောင်မြင်မယ်လို့ ကျွန်တော် မြင်တယ်"

ညီ။ "ဘရားသားပြောတဲ့ ဗိုလ်လုမှုဆိုတာဟာ မနာလိုဝန်တိုမှုပဲလား ခင်ဗျာ"

နုပ်။ "ဟုတ်တာပေ့ါဗျ။ တစ်ဖက်က ကမ္ဘာမှာ အရှိန်အဝါ တန်ခိုး အာဏာကြီးသွားရင် မခံမရပ်နိုင်ဖြစ်ပြီး သူ့ထက်သာအောင် လုပ်ယူ နေကြတယ်မဟုတ်လား။ ခင်ဗျားတို့နဲ့ အမေရိကန်ဟာ မြေကြီးလုတော့ တာလည်းမဟုတ်ဘူး။ ရွှေငွေလုတော့တာလည်းမဟုတ်ဘူး။ သူ့ထက်ငါ အရှိန်အဝါ တန်ခိုးအာဏာ Power ကြီးအောင် အပြိုင်အဆိုင် လုပ်နေကြတယ်မဟုတ်လား။ ကားလ်မာ့က်စ်က လမ်းညွှန်ခဲ့တဲ့ စားနေဝတ်ပြဿနာဟာ ခင်ဗျားတို့နဲ့မဆိုင်တော့ဘူး။ လွန်ခဲ့ပြီ။ ဗုဒ္ဓဟောတော်မူတဲ့ ဂုဏ်ပြိုင်မှုဆီရောက်လာကြပြီ။ သူ့နည်းနဲ့ရှင်းမှ ရတော့မယ်ဗျာ"

ညီ။ "ဗိုလ်လုကြတာဟာ ဘာကြောင့်တဲ့လဲဘရားသား"

နုပ်။ "ဗုဒ္ဓက ချစ်ခြင်း၊ မုန်းခြင်းကြောင့်လို့ ဟောတော်မူခဲ့တယ်။ တစ်ဖက်နဲ့တစ်ဖက်က မုန်းလည်းနေကြလေတော့ ဗိုလ်လုမှုဟာ သာပြီး ဆိုးနေတာကို တွေ့ကြရတယ်မဟုတ်ဘူးလား။ ဒါကြောင့် မုန်းတီးခြင်း လျော့အောင် ခင်ဗျားတို့ဘက်က စပြီးလုပ်ပါလို့ ကျွန်တော်တောင်းပန် တိုက်တွန်းခြင်းဖြစ်ပါတယ်။ ဗုဒ္ဓရဲ့နည်းက ဟိုးရှေးတုန်းက ပေါ်ပေါက် ခဲ့ဖူးတဲ့ နိုင်ငံရေးကဝိ Machiavelli ကြီးရဲ့ တစ်ပြည်ကိုတစ်ပြည်က လှည့်ပတ်ပြီးအနိုင်ယူတဲ့ ပရိယာယ်နည်းမျိုးမဟုတ်ပါဘူးဗျ။ အဟုတ် တကယ် ငြိမ်းချမ်းရေးရနိုင်တဲ့နည်းဖြစ်ပါတယ်။ ကမ္ဘာ့ငြိမ်းချမ်းရေး အတွက် ခင်ဗျားတို့မှာ ဒ့ါပြင်နည်းလည်း မရှိနိုင်ပါဘူး။ ကျွန်တော် ပြောခဲ့တဲ့ကြေညာချက်ကို ခင်ဗျားတို့ဘက်က ထုတ်ပြန်နိုင်အောင် မစ္စတာခရုရှေ့ကို ကျွန်တော် ဘယ်လိုချဉ်းကပ်ရပ့ါမလဲလို့ စိတ်ကူး နေတုန်းပဲဗျာ"

**အဘိုးကြီးနှစ်ယောက် ဆွေးကြပုံ**

ညီနှင့် ကျွန်ုပ်သည် ဝါဆောဟိုတယ်၌ ည ၁၂ နာရီထိုးသည့်တိုင်အောင် စကားပြောကြ၍ ဟိုတယ်ခန်းစောင့်မိန်းမကြီးက ခရီးထွက်ဖို့ အချိန် တန်ပြီဖြစ်ကြောင်း လာရောက်သတိပေးသည်တွင်မှ တက္ကစီတစ်စီးဖြင့် လေဆိပ်သို့ ထွက်လာကြလေ၏။ လေဆိပ်၌ ညီက နောက်ဆုံးနှုတ်ဆက် သည့်အနေဖြင့် ဂျော်ဂျီယန်ဝိုင်တစ်လုံးမှာယူကာ တစ်ယောက်၏ ကျန်းမာရေး၊ ချမ်းသာရေးအတွက် တစ်ယောက်က တို့စ် လုပ်ကြလေ သည်။ ဤသို့ဖြင့် တစ်နာရီခန့်ကြာ၍ နာရီပြန်တစ်ချက်ခွဲအချိန်တွင် ကျွန်ုပ်တို့သည် အသင့်ဆိုက်ထားသည့် မော်စကို-ဂျာကာတာ-ရုရှား လေယာဉ်ပျံကြီးဆီသို့ လျှောက်လာကြသည်။ လေယာဉ်ပျံကြီးအနီး၌ ခရီးသည် ဆယ်ယောက်ခန့်ရပ်လျက်ရှိ၏။ လေယာဉ်ပျံသို့ ကျွန်ုပ်တက် ခါနီး၌ ညီသည် ကျွန်ုပ်တစ်ကိုယ်လုံးကို သိမ်းကျုံးကာ ဖတ်လျက် ကျွန်ုပ် ၏ပါးနှစ်ဖက်ကို သူ၏ပါးနှစ်ဖက်ဖြင့် တစ်လှည့်စီအပ်ကာ ရှိုက်ကြီး တငင်ငိုကြွေးလေရာ ကျွန်ုပ်မှာ သူကဲ့သို့ ထိခိုက်တုန်လှုပ်သည်မဟုတ် သော်လည်း မျက်ရည်များကျလာပါသည်။ လေယာဉ်ပျံအနီး၌ ရပ်လျက်ရှိကြသော ခရီးသည်များသည် လေယာဉ်ပျံပေါ်သို့တက်ကြ တော့မည်ဟု လှေကားလက်ရန်းကိုကိုင်ပြီးခါမှ မတက်နိုင်ကြသေးဘဲ ဘိမ္မာအဘိုးကြီးတစ်ယောက်နှင့် ရုရှားအဘိုးကြီးတစ်ယောက်သည် ဘယ်လိုအကြောင်းများကြောင့် ဤမျှလောက် ကြင်နာတွယ်တာခြင်း ရှိကြလေသည်ကို တွေးတောနေကြသည့်လက္ခဏာဖြင့် ကျွန်ုပ်တို့ နှစ်ယောက်အား ငေးကြည့်နေကြပါသေးသည်။

ကျွန်ုပ်၌ မရှိလျှင် ဝေစားမည်ဆိုသည့် (စားလည်း စားကြပါပေသည်။) သူငယ်ချင်းသုံးလေးယောက်ရှိခဲ့ဖူးပါ၏။ ကျွန်ုပ်၏သဘာဝမှာ တချို့ လူများကဲ့သို့ ရုတ်တရက် မိတ်ဆွေမဖြစ်တတ်ဘဲ နှစ်ရှည်လများ ပေါင်း သင်းဆက်ဆံခွင့်ရရှိသောအခါမှ တဖြည်းဖြည်းခင်မင်မှုတိုးပွားပြီး ရင်းနှီး သောအဖြစ်သို့ ရောက်ရှိခဲ့ကြသည်ချည်းဖြစ်ပေရာ တစ်လခန့်မျှ အတွင်း ဤညီကဲ့သို့ အပြန်အလှန်ခင်မင်ရင်းနှီးသောအဖြစ်မျိုးသို့ ရောက်ခဲ့ရခြင်းကိုမူ ကျွန်ုပ်၏ အသက် ၇၀ ကျော်အတွင်း၌ တစ်ကြိမ် တစ်ခါမျှ မကြုံခဲ့ရဖူးပါ။

ဆက်လက်ဖော်ပြပါမည်။

# ညောင်လေးပင်မြို့နယ်၌( ၈၁ )နှစ်မြောက် စာဆိုတော်နေ့အထိမ်းအမှတ် ဂုဏ်ပြုပွဲ ဆုပေးပွဲနှင့်သက်ကြီးပူဇော်ပွဲကျင်းပ

ညောင်လေးပင် နိုဝင်ဘာ ၁၈

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်စာရေးဆရာအသင်းမှ ကြီးမှူး၍ ( ၈၁ )နှစ်မြောက် စာဆိုတော်နေ့အထိမ်းအမှတ်ဂုဏ်ပြုပွဲ၊ ဆုပေးပွဲနှင့်သက်ကြီးပူဇော်ပွဲအခမ်းအနားကို နိုဝင်ဘာလ ၁၇ ရက်က ညောင်လေးပင်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် ညောင်လေးပင်မြို့နယ် စာရေးဆရာအသင်းနာယက ဒေါက်တာမြင့်သန်း (ညောင်လေးပင်)က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးစိုးဝင်းက မြန်မာနိုင်ငံစာရေးဆရာအသင်း(ဗဟို)မှ ပေးပို့သော (၈၁)နှစ်မြောက်စာဆိုတော်နေ့ သဝဏ်လွှာကိုဖတ်ကြားသည်။

ထို့နောက် တက်ရောက်လာကြသော စာပေချစ်သူများက အလှူငွေများပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူသည်။ ဆက်လက်၍ စာဆိုတော်နေ့အထိမ်းအမှတ်ဂုဏ်ပြုပွဲကိုကျင်းပရာ ၂၀၂၅ ခုနှစ်တွင် အမျိုးသားစာပေဆုရရှိသော မြို့နယ်စာရေးဆရာအသင်းနာယက ဒေါက်တာမြင့်သန်း(ညောင်လေးပင်)အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုလက်ဆောင် ပေးအပ်သည်။

ဆက်လက်၍ မြို့နယ်စာရေးဆရာအသင်းမှ အလုပ်အမှုဆောင်သတင်းထောက် ဦးနေလင်း (နေလင်း-ညောင်လေးပင်)အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုလက်ဆောင်ပေးအပ်သည်။

ယင်းနောက် မြို့နယ်စာရေးဆရာအသင်းမှကြီးမှူးကျင်းပသည့် ကဗျာပြိုင်ပွဲတွင်ဆုရရှိခဲ့ကြသော အထူးဆု သုံးဆု၊ နှစ်သိမ့်ဆုငါးဆု၊ လက်တန်းကဗျာဆုခြောက်ဆုရရှိခဲ့ကြသည့် အခြေခံပညာအထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဆုများ အသီးသီးချီးမြှင့်ပေးအပ်ကြသည်။

ထို့နောက် မြို့နယ်စာရေးဆရာအသင်း



အတွင်းရေးမှူး ဦးဟိန်းထက်အောင်က စာပေလုပ်ငန်း ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားပြီး စာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် အသက် ၇၅ နှစ်အထက် သက်ကြီးစာရေးဆရာကြီးနှစ်ဦးအား ကန်တော့ပစ္စည်းများဖြင့် ပူဇော်ကန်တော့ခဲ့ကြကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)

ာ ရှေ့ဖုံးမှအဆက်

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသည့်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (စီမံ) နှင့်တိုင်းဒေသကြီး/ပြည်နယ်သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးမစတင်မီ ဒုတိယဝန်ကြီးက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်ကြီး အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုများဆက်ကပ်လှူဒါန်းသည်။

အစည်းအဝေးတွင်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက သဘာပတိအဖြစ်ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင်ဆရာတော်အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တကောဝိဒက အခမ်းအနားမှူးအဖြစ်ဆောင်ရွက်တော်မူသည်။

ဦးစွာ အခမ်းအနားမှူးဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့်ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၏အရေအတွက်ကိုဖတ်ကြားလျှောက်ထားပြီးအစည်းအဝေးအထမြောက်အောင်မြင်ကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်က အစည်းအဝေးဖွင့် သာရဏီယသြဝါဒကထာကို မြွက်ကြားတော်မူသည်။

**(နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်၏ သာရဏီယသြဝါဒကထာကို စာမျက်နှာ (၃)တွင် သီးခြားဖော်ပြထားပါသည်။)**

ထို့နောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ယင်းနောက် နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ပထမအဖွဲ့ခွဲ၏ ပထမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာအကျဉ်းကို တာဝန်ကျအဖွဲ့ခွဲကိုယ်စား တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလာဘိဝံသက တင်သွင်းလျှောက်ထားပြီး နဝမအကြိမ်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ပထမအဖွဲ့ခွဲ၏ပထမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဝိနိစ္ဆယရေးရာဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒွိပိဋကဓရဘဒ္ဒန္တဝိရောစနကလည်းကောင်း၊ သာသနာရေးရာဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနန္ဒပါလကလည်းကောင်း၊ ပညာရေးရာဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘဒ္ဒန္တသုဘောဂကလည်းကောင်း ကဏ္ဍအလိုက်တင်သွင်းလျှောက်ထားသည်။

ဆက်လက်၍ သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာကိစ္စများကို တင်ပြလျှောက်ထားရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများက ဝေဖန်ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို နံနက် ၁၀ နာရီတွင် ရပ်နားသည်။

ထို့နောက် နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ တတိယအစည်းအဝေး ပထမနေ့ ဒုတိယပိုင်းကို မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပပြီး သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာကိစ္စရပ်များကိုတင်ပြလျှောက်ထားရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများက ဝေဖန်ဆွေးနွေးဆုံးဖြတ်တော်မူကြပြီးအစည်းအဝေးကိုရပ်နားသည်။

ယနေ့အစည်းအဝေးသို့ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများအား ဗိုလ်ချုပ်မှူးကြီးသန်းရွှေ(ငြိမ်း)+ဒေါ်ကြိုင်ကြိုင်မိသားစုနှင့်ဓမ္မမိတ်ဆွေများက အရုဏ်ဆွမ်း၊ နေ့ဆွမ်းတစ်နေ့တာဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်းသိရသည်။ မြဝတီ

# “နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်များ၏ ခေတ်သစ်တိုးတက်မှုလမ်းကြောင်းသို့ ဦးတည်ခြင်း - စဉ်ဆက်မပြတ်သော၊ တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှု၏အယူအဆကိုထည့်သွင်းခြင်း”ဒေသတွင်းအဆင့် မူဝါဒပိုင်းဆိုင်ရာဆွေးနွေးပွဲ ကျင်းပ




နေပြည်တော် နိုဝင်ဘာ ၁၈

“နိုင်ငံတကာရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်များ၏ ခေတ်သစ်တိုးတက်မှုလမ်းကြောင်းသို့ ဦးတည်ခြင်း - စဉ်ဆက်မပြတ်သော၊ တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှု၏အယူအဆကို ထည့်သွင်းခြင်း” ဒေသတွင်းအဆင့် မူဝါဒပိုင်းဆိုင်ရာဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ M GALLERY ဟိုတယ်၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

အခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်၊ ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ ဒုတိယဝန်ကြီး ဦးသန့်စင်လွင်၊ ဘာသာရပ်ဆိုင်ရာဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဟောင်ကောင် အထူးအုပ်ချုပ်ခွင့်ရဒေသ(တရုတ်)မှ ကိုယ်စားလှယ်များ၊ နိုင်ငံတကာကျွမ်းကျင်ပညာရှင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်က ရေရှည်တည်တံ့ခိုင်မြဲသော၊ တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုများနှင့် စပ်လျဉ်းသည့်သဘောတရားများကို နောင်တွင် ချုပ်ဆိုမည့်၊ အဆင့်မြှင့်တင်မည့် ဒေသတွင်းရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်များတွင်ထည့်သွင်းခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အငြင်းပွားမှုများကိုလျှော့ချနိုင်ပြီး အိမ်ရှင်စာချုပ်နိုင်ငံ၏ စည်းမျဉ်းစည်းကမ်းချပိုင်ခွင့်ကို ရရှိနိုင်ခြင်းနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များကို နိုင်ငံအဆင့်နှင့် ဒေသတွင်းအဆင့် အောင်မြင်နိုင်ရေးတွင် တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ပြုနိုင်မည်ဖြစ်ကြောင်း၊ အာဆီယံရေရှည်တည်တံ့ခိုင်မြဲသော ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလမ်းညွှန်ချက်များကိုလည်း ဒေသတွင်းအဆင့် ကျင့်သုံးနိုင်ရေး ကြိုးပမ်းအားထုတ်မှုသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ စုပေါင်းကတိကဝတ်ပြုမှုကို ထင်ဟပ်စေခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အာဆီယံ-ဟောင်ကောင် (တရုတ်) လွတ်လပ်သောကုန်သွယ်မှုဒေသ သဘောတူစာချုပ်အောက်ရှိ ရင်းနှီးမြှုပ်နှံမှုဆပ်ကော်မတီ၏ ဟောင်ကောင်ပူးတွဲသဘာပတိ Mr. CHAR Chi Man၊ အာဆီယံပူးတွဲသဘာပတိ Ms. Rozieyanahayu Ab Rahman နှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံး ဝန်ဆောင်မှုနှင့်ရင်းနှီးမြှုပ်နှံမှုဌာနခွဲမှအကြီးတန်းအရာရှိ Ms. Yuanita Ruchyat တို့က ဒေသတွင်းအဆင့် ရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်များတွင် စဉ်ဆက်မပြတ်သော၊ တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုများဆိုင်ရာ အချက်များထည့်သွင်းနိုင်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမူဝါဒချမှတ်ခြင်းတွင် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားကြသည်။

ထို့နောက် စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ ကုလသမဂ္ဂ၏အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဥပဒေကော်မရှင်၊ ကုလသမဂ္ဂ ကုန်သွယ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုညီလာခံ၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းနှင့် နိုင်ငံတကာကျွမ်းကျင်ပညာရှင်များ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်းအဖွဲ့ကိုယ်စားလှယ်များက ရေရှည်တည်တံ့ခိုင်မြဲသော၊ တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်တို့၏ ဆက်စပ်မှုနှင့် ယင်းဆက်စပ်မှုအပေါ်အခြေခံ၍ စာချုပ်ဝင်နိုင်ငံနှင့် အိမ်ရှင်နိုင်ငံအကြား အငြင်းပွားမှုလျော့ကျစေခြင်းဆိုင်ရာအချက်များနှင့် စပ်လျဉ်း၍ နိုင်ငံအလိုက်ကြိုးပမ်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြသည်။

အဆိုပါဆွေးနွေးပွဲကို အာဆီယံ-ဟောင်ကောင် (တရုတ်) လွတ်လပ်သောကုန်သွယ်မှုသဘောတူစာချုပ်အောက်ရှိ စီးပွားရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းအစီအစဉ်၏ပံ့ပိုးကူညီမှုဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးတို့က ပူးပေါင်း၍ နိုဝင်ဘာလ ၁၈ ရက်မှ ၁၉ ရက်အထိ နှစ်ရက်ကြာကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ မြဝတီ

# မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၊ ပညာရေးနှင့်အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၈

မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၊ ပညာရေးနှင့်အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းကော်မတီအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)ရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပညာရေးနှင့်အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်နှင့် ဦးစီးဌာနများမှ လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ လုပ်ငန်းဆပ်ကော်မတီအဖွဲ့ဝင်များက အွန်လိုင်းဖြင့်တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက ကလေးအလုပ်သမား လျော့နည်းပပျောက်စေရေးဆောင်ရွက်ရာတွင် လုပ်ငန်းခွင်အတွင်း လုပ်ကိုင်နေသောကလေးများကို ရှာဖွေဖော်ထုတ်ဖယ်ရှားပစ်ရုံဖြင့် ပပျောက်အောင်ဆောင်ရွက်၍မရနိုင်သည့်အတွက် နိုင်ငံတော်အနေဖြင့် ကျောင်းနေအရွယ်ကလေးများအားလုံး အခမဲ့ပညာသင်ကြားခွင့်စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် ကလေးအလုပ်သမားဆိုင်ရာ အခြေခံဗဟုသုတများ ပြန့်ပွားစေရေးအတွက် အသိပညာနှင့်ဗဟုသုတတိုးမြှင့်ပေးခြင်းနှင့် ကလေးအလုပ်သမားများထဲမှ ပညာဆက်လက်သင်ကြားလိုသူများကို သင့်လျော်ကောင်းမွန်သည့် နည်းလမ်းများဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ကလေးအလုပ်သမားများကို စောင့်ကြည့်ရှာဖွေဖော်ထုတ်ခြင်း၊ လွှဲပြောင်းပေးခြင်းဆိုင်ရာ ဖော်ထုတ်ရေးလုပ်ငန်းစဉ်များတွင်လည်း မိမိတို့အနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျောင်းပြင်ပ ပညာရေးကို လိုအပ်သည့်နေရာတိုင်းတွင် ဆောင်ရွက်ပေးနေသကဲ့သို့ အခြေခံပညာကျောင်းများကလည်း လက်ရှိကျောင်းသားများ ပုံမှန်တက်ရောက်နိုင်ရေးနှင့် ကျောင်းထွက်မှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်ကြရန် အထူးလိုအပ်ကြောင်း၊ သို့မှသာ အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသည့် ကလေးအလုပ်သမားများ ဖယ်ရှားပေးနိုင်မည်ဖြစ်သကဲ့သို့ ပြန်လည်ကုစားပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီအတွင်းရေးမှူး ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်ဇင်ထွန်းက ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာသည့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းများဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ ဆွေးနွေးကြပြီး ဒုတိယဝန်ကြီးက ပြန်လည်ဆွေးနွေးကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ မြဝတီ

## ထူးခြားသည့် ညအပူချိန်များ

၁၈-၁၁-၂၀၂၅

| | | | | |
|---|---|---|---|---|
| ဟားခါး | ၄ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |
| ဟုမ္မလင်း | ၁၀ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ပူတာအို | ၁၀ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| မင်းကင်း | ၁၁ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| မချမ်းဘော့ | ၁၂ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| မိုးညှင်း | ၁၃ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ကလေးဝ | ၁၃ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| လှိုင်လင် | ၁၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ခန္တီး | ၁၄ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ ဟိုင်းကြီးကျွန်းမြို့သို့ရောက်ရှိ ကျောင်းကျန်းမာရေးပညာပေးဟောပြောခြင်းနှင့် ကျန်းမာရေးစစ်ဆေးခြင်းများစတင်ဆောင်ရွက်



တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့က ဟိုင်းကြီးကျွန်းမြို့ရှိ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေးစစ်ဆေးခြင်းဆောင်ရွက်ပေးစဉ်။

နေပြည်တော် နိုဝင်ဘာ ၁၈

ရန်ကုန်တိုင်းဒေသကြီး၊ ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး၊ ဟိုင်းကြီးကျွန်းမြို့နယ်အတွင်းရှိ ကျေးရွာများနှင့် ပတ်ဝန်းကျင်ကျေးရွာများမှဒေသခံပြည်သူများအားကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးရန်အတွက် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှပါရဂူများ၊ ဆေးမှူးများနှင့်သူနာပြုများပါဝင်သည့်တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်းမြို့သို့ရောက်ရှိရာ နယ်မြေခံတပ်မှတာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက သောင်းသောင်းဖြဖြကြိုဆိုကြသည်။

အဆိုပါတပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ တာဝန်ရှိသူများသည် မွန်းလွဲပိုင်းတွင် ဟိုင်းကြီးကျွန်းမြို့ရှိ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းကျန်းမာရေးပညာပေးဟောပြောခြင်းနှင့် ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေးစစ်ဆေးခြင်းများ စတင်ဆောင်ရွက်ပေးကြသည်။

ဦးစွာ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ ကလေးရောဂါကုပါရဂူက တစ်သက်တာကျန်းမာရေး၊ တစ်ကိုယ်ရေကျန်းမာရေးနှင့်ပတ်သက်၍ သိသင့်သိထိုက်သည်များကိုဟောပြောဆွေးနွေးပေးသည်။ ထို့နောက်တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျောင်းသား၊ ကျောင်းသူ ၁၅၀ ဦးတို့ကို ကျောင်းကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးကြသည်။ ထို့ပြင် တာဝန်ရှိသူများက ဟိုင်းကြီးကျွန်းမြို့ရှိ အခြေခံပညာအထက်တန်းကျောင်းအတွက် အလှူငွေများ၊ ကျောင်းသား၊ ကျောင်းသူများအတွက် သံချဆေးနှင့် အားဆေးများကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ နယ်လှည့်အထူးကုဆေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ဟိုင်းကြီးကျွန်းမြို့ရှိ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား၊ကျောင်းသူများအား ကျောင်းကျန်းမာရေးပညာပေးဟောပြောစဉ်။





တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့်အတူလိုက်ပါလာသည့် တပ်မတော်မှပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

➤ ရှေ့ဖုံးမှအဆက်

ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၅၂၄ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင်ဆေးကုသမှုဆိုင်ရာရောဂါ ၁၆၄ ဦး၊ ခွဲစိတ်ရောဂါ ၃၆ ဦး၊ သားဖွားမီးယပ်ရောဂါ ၅၂ ဦး၊ ကလေးရောဂါ ၄၄ ဦး၊ အရိုးရောဂါ ၃၈ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၇၀ ဦး၊ မျက်စိရောဂါ ၈၂ ဦး ၊ သွားနှင့်ခံတွင်းရောဂါ ၃၈ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများဆောင်ရွက်ပေးပြီး ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ၇ ဦး၊ ခတ်မှန်ရိုက်လူနာ ၈ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၂၄ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၄ ဦးနှင့်ဓာတ်ခွဲစမ်းသပ်လူနာ ၁၈ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲကြားသိခဲ့ရပါတယ်-







"အရင်တုန်းကတော့ ရောဂါတော်တော်ရှင်းရှင်းပဲ။ နောက်ကျန်ခဲ့တဲ့နှစ်နှစ်လောက်ကျတော့ တစ်နှစ်လုံးလုံးကမူးနေတာ။ ငုတ်တုတ်ပဲအိပ်ရတယ်။ တုံးလုံးလဲအိပ်လို့မရဘူး။ နောက် ဒီကဆရာဝန်တွေနဲ့ ပြကြည့်ပြီး သူတို့ကုသပေးတော့ ရောဂါသက်သာပြီး အိပ်လို့ရသွားတယ်။ ခေါင်းမူးတဲ့ဝေဒနာကတော့ တစ်ခါတစ်ရံမှာပြန်ဖြစ်တဲ့အတွက်လည်းပါတယ်။ နောက်နှလုံးခုန်မြန်တဲ့ဝေဒနာလည်း ခံစားရတဲ့အတွက်ကြောင့် အခုလာပြတာပါ။ ဆရာဝန်တွေပြောတာကတော့ နှလုံးကြီးတယ်လို့ပြောတယ်။ အဲဒီရောဂါကြောင့် လေလည်းဖြစ်နိုင်တယ်။ ဒါ့အပြင် အခြားရောဂါတွေလည်းဖြစ်တတ်တယ်လို့ပြောတယ်။ ဒါကြောင့် ကျွန်မအနေနဲ့ ဒီဆေးတွေကို အပြတ်မခံဘဲ ဝယ်သောက်နေရပါတယ်။ အခုလို နယ်လှည့်ဆေးကုအဖွဲ့တွေ လာရောက်ကုသတဲ့အချိန်မှာ လာပြတာက ဆေးကုသစရိတ်လည်းမကုန်ဘူး။ ဆေးတွေ လုံလုံလောက်လောက်လည်းပေးပါတယ်။ အခုလို ဆေးလာရောက်ကုသပေးတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်။ အခုလိုလာရောက်လှည့်လည်ဆေးကုပေးတဲ့အတွက် ဝမ်းလည်းဝမ်းသာပါတယ်။ ဒေသခံပြည်သူတွေလည်း အခမဲ့ဆေးကုသခွင့်ရတဲ့အတွက်ကြောင့် အခုလိုစီစဉ်ပေးတဲ့နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိသူများနဲ့ ဆေးကုသပေးတဲ့သူတွေအားလုံးကို ကျေးဇူးလည်းတင်ပါတယ်။ ဝမ်းလည်းသာပါတယ်"ဟု ပြောသည်။

"ကျီးပေါင်းဖြစ်ဖူးလို့ ခဏခဏခေါင်းမူးတာနဲ့လာပြတာပါ။ ဆေးကအရင်တုန်းကသောက်တယ်ပေါ့။ အခုကဖြတ်လိုက်တော့ ဆရာကြီးက စွဲသောက်ရမယ့်ဆေးကို ညွှန်ပြလိုက်တယ်ပေါ့နော်။ သေသေချာချာလည်းမေးတယ်။ တချို့ဆိုလို့ရှိရင် ကျန်းမာရေးမကောင်းဘူး၊ ကိုယ်က ဆေးခန်းပြချင်တာတောင်မှ ငွေရေးကြေးရေးအခက်အခဲ အခုကမလွယ်ဘူးလေ၊ တစ်ခေါက်တစ်ခေါက်ခရီးစရိတ်ကအစ မလွယ်တဲ့အခါကျတော့သွားရတာအဆင်မပြေဘူး။ အခုလိုမျိုးလာရောက်တဲ့အခါကျတော့ ငွေရေးကြေးရေးအတွက်ဘာမှမပူရဘူး။ အကုန်လုံးအဆင်ပြေတယ်ပေါ့နော်။ အခုလိုမျိုး နယ်လှည့်ဆေးကုသရေးအဖွဲ့ကို စေလွှတ်ပေးတဲ့ တာဝန်ရှိတဲ့ အကြီးအကဲတွေကိုရော၊ လာရောက်ပြီးတော့ကုသပေးတဲ့ ဆရာတွေအကုန်လုံးရော၊ တာဝန်ရှိသူအကုန်လုံးအားလုံးကို ကျေးဇူးတင်ပါတယ်လို့ ပြည်သူလူထုတွေရဲ့ကိုယ်စားရော၊ ဝန်ထမ်းတွေရဲ့ကိုယ်စားရော အားလုံးကိုကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

(၁၀၀)

## ၁၈-၁၁-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၉၇၀,၀၀၀) ကျပ်**ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## လေဖိအားနည်းရပ်ဝန်း ကိုမိုရင်းဧရိယာသို့ ရောက်ရှိခဲ့

နေပြည်တော် နိုဝင်ဘာ ၁၈

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော သီရိလင်္ကာနိုင်ငံတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း (Low Pressure Area) သည် ကိုမိုရင်းဧရိယာ (Comorin Area) သို့ ရောက်ရှိခဲ့ပြီးဖြစ်သည်။

(မိုး/ဇလ)

# မွန်တိုးတက်ရေးပါတီက ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၁၈

**မွန်တိုးတက်ရေးပါတီ အထွေထွေအတွင်းရေးမှူး မင်းထွန်းလွင်က ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာလ ၁၈ ရက် ညပိုင်းတွင် ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**မင်းထွန်းလွင် (မွန်တိုးတက်ရေးပါတီ အထွေထွေအတွင်းရေးမှူး)**

မင်္ဂလာပါခင်ဗျာ...

လေးစားအပ်တဲ့ မဲဆန္ဒရှင်မိဘပြည်သူ၊ တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်တိုးတက်ရေးပါတီရဲ့ အထွေထွေအတွင်းရေးမှူး မင်းထွန်းလွင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မွန်တိုးတက်ရေးပါတီရဲ့ မူဝါဒလုပ်ငန်းစဉ်တွေကို တင်ပြသွားမှာဖြစ်ပါတယ်။

မွန်တိုးတက်ရေးပါတီဟာ ၂၀၂၃ ခုနှစ်မှာပြဋ္ဌာန်းခဲ့တဲ့ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအရ ကရင်ပြည်နယ်အတွင်းမှာ လှုပ်ရှားဆောင်ရွက်တဲ့ မွန်တိုင်းရင်းသားကိုယ်စားပြုပါတီအဖြစ် ဖွဲ့စည်းပြီး မှတ်ပုံတင်ခွင့်လျှောက်ထားခဲ့ရာမှာ ၂၀၂၄ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှာ မှတ်ပုံတင်ခွင့်ရခဲ့တာဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီဟာ ဖွဲ့စည်းစပါတီတစ်ရပ်ဖြစ်တဲ့အလျောက် လာမယ့်ဒီဇင်ဘာလ (၂၈) ရက်နေ့မှာကျင်းပမယ့် ပါတီစုံအထွေထွေရွေးကောက်ပွဲမှာ ကျွန်တော်တို့ မွန်တိုးတက်ရေးပါတီအနေနဲ့ ကရင်ပြည်နယ်အတွင်းမှာရှိတဲ့ မဲဆန္ဒနယ် အသီးသီးကနေ ကိုယ်စားလှယ်လောင်း(၃)ဦးသာ ပါဝင်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ နိုင်ငံရေးပါတီတွေအနေနဲ့ ပါတီရဲ့နိုင်ငံရေးရပ်တည်ချက်နဲ့ မူဝါဒလုပ်ငန်းစဉ်တွေနဲ့အညီ နိုင်ငံတော်နဲ့ပြည်သူ့အကျိုးသယ်ပိုးနိုင်ခွင့် ရနိုင်ဖို့ရာ မဲဆန္ဒရှင်ပြည်သူလူထုရဲ့ ရွေးချယ်အပ်နှင်းမှုက အဓိကအကျဆုံးဖြစ်တဲ့အတွက် ကျွန်တော်တို့ပါတီရဲ့ဖြစ်တည်မှုနဲ့ ထားရှိတဲ့ နိုင်ငံရေးရည်မှန်းချက်၊ မူဝါဒလုပ်ငန်းစဉ်တွေကို မိဘပြည်သူတွေ သိရှိအောင် အကျဉ်းချုပ်တင်ပြလိုပါတယ်။

မွန်တိုးတက်ရေးပါတီဟာ တိုင်းရင်းသားကိုယ်စားပြု နိုင်ငံရေးပါတီဖြစ်ပြီး ကရင်ပြည်နယ်အတွင်းမှာသာ လှုပ်ရှားဆောင်ရွက်တဲ့ ပါတီငယ်တစ်ရပ်ဖြစ်ပေမယ့်လည်း စုံလင်ကွဲပြားမှုတွေနဲ့ တည်ဆောက်ထားတဲ့ပြည်ထောင်စုကြီးမှာ ပြည်သူတွေလိုလားတောင့်တတဲ့ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကို တည်ဆောက်သွားမယ့်နိုင်ငံရေးဖြစ်စဉ်မှာ အရေးကြီးတဲ့အခန်းကဏ္ဍကနေ ပါဝင်အားဖြည့်နိုင်လိမ့်မယ်လို့ယုံကြည်ထားပါတယ်။

**မိဘပြည်သူများနဲ့တိုင်းရင်းသားညီအစ်ကိုမောင်နှမအပေါင်းတို့ခင်ဗျာ**

ဒီပစ္စုပ္ပန်ကာလနိုင်ငံရေးအကျပ်အတည်းတွေ၊ ပဋိပက္ခတွေနဲ့ရင်ဆိုင်ကြုံတွေ့နေရတဲ့အချိန်မှာ ကျင်းပမယ့်ရွေးကောက်ပွဲအပေါ် ထင်မြင်ချက်ယူဆချက်အမျိုးမျိုး၊ တုံ့ပြန်မှုအမျိုးမျိုးရှိနေကြမှာဖြစ်ပါတယ်။ ကျွန်တော်တို့မွန်တိုးတက်ရေးပါတီအနေနဲ့က ကြုံတွေ့ရတဲ့နိုင်ငံရေးလောကဓံတွေကို နိုင်ငံနဲ့ပြည်သူလူထု ထိခိုက်မှုအနည်းဆုံးဖြစ်အောင် နည်းလမ်းရှာပြီး ရင်ဆိုင်ကျော်လွှားသွားရမှာပဲလို့ ယုံကြည်ထားပါတယ်။

**မွန်တိုးတက်ရေးပါတီအနေနဲ့ ပါတီရဲ့မူဝါဒဖြစ်တဲ့**

ပါတီစုံဒီမိုကရေစီစနစ်အခြေတည်ခိုင်မာလာစေရေး ကြိုးပမ်းဆောင်ရွက်ရန်နှင့် တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားတို့နှင့်ပြည့်စုံသည့် ဒီမိုကရေစီနိုင်ငံတည်ဆောက်ရန်။

ဒေသတွင်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးတည်ဆောက်ရန်နှင့်နိုင်ငံတစ်ဝန်းလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်လာရေးတွင် ပါဝင်ဆောင်ရွက်ရန်။

တိုင်းရင်းသားလူမျိုးစုအားလုံး၏အစုအဖွဲ့ဆိုင်ရာ ကိုယ်ပိုင်အမှတ်အသားသရုပ်လက္ခဏာများကို အသိအမှတ်ပြုသည့်အပြင် ပြည်သူတစ်ဦးချင်းစီ၏ တိုင်းရင်းသားအခွင့်အရေး၊ နိုင်ငံသားအခွင့်အရေး၊ ဒီမိုကရေစီအခွင့်အရေးများ အပြည့်အဝခံစားခွင့်ရှိသည့် လူ့အဖွဲ့အစည်းတစ်ရပ်တည်ထောင်ရန်။

တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လူ့အခွင့်အရေးအပြည့်အဝရရှိစေရန်နှင့် လွတ်လပ်သောလူမှုဘဝကို ရရှိခံစားနိုင်ကြစေရန်။

အဂတိလိုက်စားမှုကင်းစင်ပပျောက်ပြီး တရားဥပဒေစိုးမိုးရေး ပီပီပြင်ပြင်ဖြစ်ထွန်းခိုင်မာလာစေရန် စတဲ့ရည်မှန်းချက်ကိုရောက်ရှိနိုင်ဖို့ ဦးလည်မသုန်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

မွန်တိုးတက်ရေးပါတီဟာ ပြည်နယ်အတွင်းမှာ လှုပ်ရှားဆောင်ရွက်တဲ့ ပါတီတစ်ရပ်ဖြစ်ပေမယ့် ပြည်ထောင်စုတစ်ခုလုံးရဲ့အကျိုးကိုအာရုံစိုက်ပြီး အားလုံးနဲ့သဟဇာတဖြစ်မယ့် မူဝါဒလုပ်ငန်းစဉ်တွေ ရေးဆွဲအကောင်အထည်ဖော်သွားမှာဖြစ်ပါတယ်။

နိုင်ငံတော်နဲ့မဲဆန္ဒရှင်ပြည်သူတွေအကျိုးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့်ကဏ္ဍအသီးသီးမှာ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

နိုင်ငံရေးကဏ္ဍမှာ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုဖော်ဆောင်ရေး၊ တိုင်းရင်းသားလူနည်းစု အခွင့်အရေးများကာကွယ်စောင့်ရှောက်ရေး စတဲ့အချက်တွေကို ဦးစားပေးဆောင်ရွက်သွားမှာဖြစ်ပါတယ်။



စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသမီးနဲ့ လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတွေအတွက် နည်းလမ်းပေါင်းစုံနဲ့ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါ့အပြင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ ကူညီကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကိုလည်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

အထူးသဖြင့် မွန်တိုးတက်ရေးပါတီဟာ တိုင်းရင်းသားပါတီဖြစ်တဲ့အလျောက် တိုင်းရင်းသားကဏ္ဍအနေနဲ့ လိုအပ်တဲ့ဥပဒေ၊ နည်းဥပဒေတွေရေးဆွဲပြီး တိုင်းရင်းသားအခွင့်အရေးတွေ ကာကွယ်စောင့်ရှောက်မြှင့်တင်နိုင်ဖို့၊ တိုင်းရင်းသားတွေရဲ့ ဓလေ့ထုံးတမ်းအစဉ်အလာတွေကို အားပေးမြှင့်တင်နိုင်ဖို့ အလေးထားဆောင်ရွက်သွားမှာဖြစ်ပါတယ်။

နောက်ဆုံးအနေနဲ့ တင်ပြလိုတာကတော့ မွန်တိုးတက်ရေးပါတီဟာ မြန်မာပြည်တစ်နံတစ်လျားမှာနေထိုင်ကြတဲ့ မွန်လူမျိုးတွေနဲ့တကွ တိုင်းရင်းသားပြည်သူအားလုံးအတွက် တစ်နိုင်ငံလုံးလွှမ်းခြုံတဲ့ ငြိမ်းချမ်းရေးရရှိနိုင်ရေး၊ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးမှာရှိတဲ့ တိုင်းရင်းသားသွေးချင်းညီနောင်တွေနဲ့ လက်တွဲဆောင်ရွက်သွားမှာဖြစ်ပြီး အထက်ကတင်ပြခဲ့တဲ့ မူဝါဒလုပ်ငန်းစဉ်တွေကို မဲဆန္ဒရှင်ပြည်သူလူထုရဲ့ အားပေးထောက်ခံမှုနှင့်အတူ ဆိုင်ရာဆိုင်ရာအင်အားစုတွေနဲ့ အစဉ်တစိုက် လက်တွဲပူးပေါင်းအကောင်အထည်ဖော်သွားမှာဖြစ်ပါတယ်။ ရွေးကောက်ပွဲမှာ ဘယ်လိုရလဒ်ရရှိသည်ဖြစ်စေ မွန်တိုးတက်ရေးပါတီအနေနဲ့ ပါတီရဲ့မူဝါဒလုပ်ငန်းစဉ်တွေအတိုင်း ပြည်သူလူထုအကျိုး၊ ဒေသအကျိုးနဲ့ နိုင်ငံ့အကျိုးကို ဆက်လက်သယ်ပိုးသွားမှာဖြစ်ပါတယ်။

ဘယ်လိုစိန်ခေါ်မှု အခက်အခဲတွေရှိနေပါစေ၊ မိဘပြည်သူများ၊ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများရဲ့ကောင်းကျိုးအတွက် အစွမ်းရှိသမျှ သယ်ပိုးသွားမှာဖြစ်တဲ့အတွက် မွန်တိုးတက်ရေးပါတီကို အားပေးကြပါလို့ တိုက်တွန်းရင်း မိဘပြည်သူအပေါင်း လိုရာဆန္ဒပြည့်ဝကြရပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ကျွန်တော့်ရဲ့တင်ပြချက်ကို နိဂုံးချုပ်လိုက်ပါတယ်။

အားလုံးကို ကျေးဇူးတင်ရှိပါတယ်ခင်ဗျာ...။

---

# မသိုးရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပြိုင်ပွဲတွင် ရခိုင်ပြည်နယ်ကိုယ်စားပြု ပြိုင်ပွဲဝင်အသင်းများကို ဂုဏ်ပြုပွဲနှင့် ပြည်နယ်ဝန်ကြီးချုပ်ထံသို့ ဆုတံဆိပ်အပ်နှံပွဲ အခမ်းအနားကျင်းပ

**စစ်တွေ နိုဝင်ဘာ ၁၈**

မသိုးရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပြိုင်ပွဲတွင် ရခိုင်ပြည်နယ်ကိုယ်စားပြုပြိုင်ပွဲဝင်အသင်းများကို ဂုဏ်ပြုပွဲနှင့် ပြည်နယ်ဝန်ကြီးချုပ်ထံသို့ ဆုတံဆိပ်အပ်နှံပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် ရခိုင်ပြည်နယ်ကိုယ်စားပြုပြိုင်ပွဲဝင်အသင်းသားများ တက်ရောက်ကြသည်။

ဦးစွာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က ပြည်ထောင်စုနယ်မြေ နေပြည်တော် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်ကြီး၌ တန်ဆောင်တိုင်ပွဲတော်ကို ရိုးရာယဉ်ကျေးမှု အစဉ်အလာနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပြီး ရခိုင်ပြည်နယ်ကိုယ်စားပြု လေးရပ်ဝတီစင်တော်အမည်ဖြင့် ကုသိုလ်ယူ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း၊ ရခိုင်ပြည်နယ် ကိုယ်စားပြုအသင်းက အဖွဲ့လိုက်ချုပ်ရိုး ချုပ်သားအကောင်းဆုံးဆုကို ဆွတ်ခူးရရှိခဲ့သည့်အတွက် အသင်းသားများကို မှတ်တမ်းတင် ဂုဏ်ပြုကြောင်းနှင့် နောင်နှစ်များတွင်လည်း ဆုများရရှိအောင် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူးက မသိုးရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့မှုအတွေ့အကြုံများကို ရှင်းလင်းတင်ပြပြီး ဆုတံဆိပ်များကို ပြည်နယ်ဝန်ကြီးချုပ်ထံအပ်နှံ၍ ဆုရရှိခဲ့သောပြည်နယ်ကိုယ်စားပြု လေးရပ်ဝတီစင်တော်အသင်းသားများကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)

# ငြိမ်းချမ်းရေးအကျိုးဆောင်ပါတီက ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၁၈

**ငြိမ်းချမ်းရေးအကျိုးဆောင်ပါတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် နန်းခင်စန်းကြည်က ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာလ ၁၈ ရက် ညပိုင်းတွင် ရေဒီယိုနှင့်ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**




**နန်းခင်စန်းကြည် (ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ငြိမ်းချမ်းရေးအကျိုးဆောင်ပါတီ)**

လေးစားအပ်ပါသော ပြည်ထောင်စုတစ်ဝန်းလုံးမှ တိုင်းရင်းသားညီအစ်ကိုမောင်နှမများရှင် -

မင်္ဂလာရှိတဲ့မနက်ဖြန်တွေကိုဖန်တီးဖို့အတွက် ယနေ့ဒီမိုကရေစီခရီးမှာ ပြည်သူလူထုနှင့်အတူရပ်တည်နေတဲ့ ငြိမ်းချမ်းရေးအကျိုးဆောင်ပါတီကိုယ်စား ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ကျွန်မနန်းခင်စန်းကြည်က နှုတ်ခွန်းဆက်သအပ်ပါတယ်ရှင်။ ကျွန်မတို့ဟာ ခေတ်သစ်ကိုတည်ဆောက်သူတွေဖြစ်လာဖို့ ကျွန်မတို့ပါတီရဲ့မူဝါဒ၊ သဘောထားနှင့် လုပ်ငန်းစဉ်တွေကို တင်ပြသွားမှာပဲဖြစ်ပါတယ်ရှင်။

**တိုင်းရင်းသားညီအစ်ကိုမောင်နှမများရှင်**

ကျွန်မတို့နိုင်ငံဟာ ကွဲပြားခြားနားတဲ့ တိုင်းရင်းသားလူမျိုးပေါင်းစုံနဲ့ ဖွဲ့စည်းထားတဲ့ နိုင်ငံတော်တစ်ခုဖြစ်ပါတယ်။ ပဋိပက္ခဒဏ်ရာတွေကို ကုစားဖို့အတွက် ကျွန်မတို့ဟာအတိတ်ကိုစွန့်လွှတ်ပြီး ရှေ့ကိုသာဆက်လျှောက်ကြရမှာဖြစ်ပါတယ်။

ငြိမ်းချမ်းရေးအကျိုးဆောင်ပါတီရဲ့ ပထမဆုံးသောရည်မှန်းချက်ကတော့ မြန်မာပြည်အနှံ့အပြားမှာ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးဟာ တန်းတူအခွင့်အရေးနဲ့ လေးစားမှုကိုရရှိစေမယ့်ပြည်ထောင်စုစိတ်ဓာတ်ကို ခိုင်မာစွာတည်ဆောက်ရေးပဲဖြစ်ပါတယ်။

ငြိမ်းချမ်းရေးဆိုတာ တန်းတူအခွင့်အရေးရရှိပြီး အပြန်အလှန်လေးစားမှုဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကို ခိုင်မာစွာတည်ဆောက်ခြင်းသည်သာ အနှစ်သာရဖြစ်ပါတယ်။

ကျွန်မတို့ပါတီအနေနှင့် ငြိမ်းချမ်းရေးအတွက်အတားအဆီးမှန်သမျှကို တွေ့ဆုံဆွေးနွေးခြင်းနည်းလမ်းနဲ့သာအဖြေရှာပြီး ရင်ဆိုင်ဖြေရှင်းသွားမယ်ဆိုတာ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးကို အတိအလင်းပြောကြားလိုပါတယ်။

ကျွန်မတို့ပါတီရဲ့အဓိကမူဝါဒဟာ မြန်မာနိုင်ငံသားတိုင်း လိုလားတောင့်တနေတဲ့ ရေရှည်တည်တံ့ခိုင်မြဲတဲ့ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ဖို့ရန်ဖြစ်ပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးဟာ တန်းတူအခွင့်အရေးနှင့်အတူ လေးစားမှုအပြည့်အဝဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကို ခိုင်မာစွာတည်ဆောက်၍ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ပြီး ဂုဏ်သိက္ခာရှိတဲ့ အနာဂတ်တစ်ခုကိုပိုင်ဆိုင်နိုင်ရမယ်ဆိုတဲ့ ခိုင်မာတဲ့ယုံကြည်ချက်ကို လက်ကိုင်ထားပါတယ်ရှင်။

တည်ငြိမ်ပြီးစစ်မှန်တဲ့ငြိမ်းချမ်းရေးကို ခိုင်မာစွာတည်ဆောက်နိုင်ဖို့အတွက် ကျွန်မတို့ငြိမ်းချမ်းရေးအကျိုးဆောင်ပါတီဟာ "ငါတို့အားလုံး ... ဒီပြည်ထောင်စုမှာ အတူတူယှဉ်တွဲနေထိုင်မယ်၊ ပြဿနာတွေကို စစ်မတိုက်ဘဲဖြေရှင်းမယ်၊ တစ်ယောက်ကိုတစ်ယောက်လေးစားမယ်" ဆိုတဲ့ ပြည်သူလူထုတစ်ရပ်လုံးရဲ့သဘောထားအပေါ်မှာ အခြေခံထားတာဖြစ်ပါတယ်။

**လေးစားရပါသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများရှင်**

ငြိမ်းချမ်းရေးအကျိုးဆောင်ပါတီဆိုတာ စကားလုံးသက်သက်မဟုတ်ရပါဘူး။ ပြည်သူအတွက်အမြဲရပ်တည်ပြီး ပြည်သူအတွက် အလုပ်လုပ်မယ့်စိတ်ဓာတ်ကို ခိုင်မာစွာထိန်းသိမ်းထားတဲ့ပါတီဖြစ်ပါတယ်။

မျှော်လင့်ချက်ရှိတဲ့မနက်ဖြန်တွေအတွက်၊ စစ်မှန်တဲ့ငြိမ်းချမ်းရေးအတွက် ပြည်သူဘက်ကအမြဲရပ်တည်မည့် ငြိမ်းချမ်းရေးအကျိုးဆောင်ပါတီ ဖြစ်တယ်ဆိုတာကို ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်ရှင်။




ငြိမ်းချမ်းရေးအကျိုးဆောင်ပါတီ။ ပြည်သူ့အတွက်အမြဲရပ်တည်မည်။

ကျေးဇူးတင်ပါတယ်ရှင်။

မြန်မာပြည်ကြီး အမြန်ဆုံး ငြိမ်းချမ်းပါစေ။

**မြန်မာပြည်ကြီးငြိမ်းချမ်းပြီ**

V1- မင်္ဂလာရှိတဲ့ မနက်ဖြန်တို့အတွက် အတိတ်ရဲ့ဒဏ်ရာတွေကို အတူကုစားမယ်၊

မြေတစ်လက်မ ရေတစ်စက် ပြည်သူတွေရဲ့အကျိုးကို ဆောင်မည်

V2- မျှော်လင့်ခြင်းအနာဂတ်သစ်ဖန်တီးမည် အားလုံးပါဝင်ကာ လမ်းသစ်ထွင်မယ် ငြိမ်းချမ်းရေးတည်ဆောက်ဖို့ ဒီပါတီဟာတို့ရဲ့ အားမာန်ပဲ

Pre- အခက်အခဲများရှိခဲ့လည်း အတူတူစည်းလုံးလို့ရှေ့ဆက်ချီ ပိုမိုတောက်ပတဲ့အနာဂတ်တွေဆီ

CHO; (ငြိမ်းချမ်းရေးအကျိုးဆောင်ပါတီ၊ ပြည်သူအတွက် အမြဲရပ်တည် ငြိမ်းချမ်းရေးအကျိုးဆောင်ပါတီ၊ ပြည်သူအတွက် အလုပ်လုပ်မည် ငြိမ်းချမ်းရေးအကျိုးဆောင်ပါတီ၊ မြန်မာပြည်ကြီး ငြိမ်းချမ်းပြီ) ၂

V3- ငြိမ်းချမ်းရေးအတွက်ဦးထိပ်ထားမယ်၊ တိုင်းရင်းသားညီအစ်ကိုတွေညီညွတ်စွာနဲ့ အဆင့်တန်းမြင့်အနာဂတ်အတွက် အောင်မြင်တဲ့ပန်းတိုင်ဆီသို့

V4... နိုင်ငံအကျိုးအတွက်တို့သယ်ပိုးမယ် စီးပွားအခြေအနေတွေ တိုးတက်စေဖို့ ပြည်သူအကျိုးအတွက် သင်ဘာတွေကို စဉ်းစားနေမလဲ

## မဲရုံတွင်ဆန္ဒမဲပေးခြင်းအတွက် သိရှိမှတ်သားဆောင်ရွက်ရမည့်အချက်များ

**(အီလက်ထရောနစ်မဲပေးစက်ဖြင့် ဆန္ဒမဲပေးခြင်း)**

- မဲရုံသို့ဝင်ရောက်သည့်အခါ မဲစာရင်းစစ်ဆေးသူထံ မိမိ၏အမည်နှင့် မဲစာရင်းအမှတ်စဉ်ကိုပြောပြပါ၊ အထောက်အထားအဖြစ် နိုင်ငံသားစိစစ်ရေးကတ်ကိုပြပါ၊
- မဲစာရင်းစစ်ဆေးသူက မိမိ၏အမည်ကိုတွေ့ရှိပြီး မှန်ကန်လျှင် မဲစာရင်း၌လက်မှတ်ရေးထိုးပါ၊ သို့မဟုတ် လက်ဝဲလက်မဖြင့် လက်ဗွေနှိပ်ပါ၊
- လျှို့ဝှက်ဆန္ဒပြုခန်းအတွင်းသို့ဝင်၍ ဆန္ဒပြုစက်ပေါ်ရှိ မိမိမဲပေးလိုသော လွှတ်တော်ကိုယ်စားလှယ်လောင်း၏အမည်နှင့် သင်္ကေတအမှတ်အသားတည့်တည့်တွင်ရှိသော ဆန္ဒပြုခလုတ်ကို တစ်ကြိမ်သာနှိပ်၍ ဆန္ဒပြုပါ၊
- ဆန္ဒပြုပြီးနောက် ဆန္ဒပြုစက်နှင့် ချိတ်ဆက်ထားသော မဲပေးချက်ဖော်ပြသည့်စက်မှ ပြသသည့်ဆန္ဒမဲဖြတ်ပိုင်းတွင် မိမိမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်လောင်း၏အမည်နှင့် သင်္ကေတအမှတ်အသားကို ကြည့်ရှုနိုင်သည်၊
- မိမိဆန္ဒပြုလိုသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးကိုသာ ဆန္ဒမဲပေးပါ၊
- မဲဆန္ဒနယ်တစ်နယ်တွင် လွှတ်တော်တစ်ရပ်စီအတွက် ဆန္ဒမဲတစ်မဲစီသာပေးပါ၊
- မဲရုံမှမထွက်ခွာမီ မဲပေးပြီးကြောင်း မင်တို့ပေးသည့် မဲရုံအဖွဲ့ဝင်ထံသွားရောက်၍ သတ်မှတ်ထားသည့် လက်ချောင်းတစ်ချောင်းချောင်းတွင် မင်တို့ပါ၊
- မဲပေးပြီးပါက မဲရုံပရိဝုဏ်အတွင်းမှ ဆောလျင်စွာထွက်ခွာပါ။

**"ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်မည်"**

**"လွတ်လပ်မျှတ၊ မဲပေးကြ"**

## ရက်ကန်းပညာဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြု အခြေခံကွန်ပျူတာသင်တန်း ဖွင့်လှစ်

**ဘားအံ နိုဝင်ဘာ ၁၈**

လူငယ်ရေးရာကော်မတီမှ ကြီးမှူးဖွင့်လှစ်သော ရက်ကန်းပညာဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြု အခြေခံကွန်ပျူတာသင်တန်းဖွင့်ပွဲကို နိုဝင်ဘာလ ၁၇ ရက် နံနက်ပိုင်းက ဘားအံတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမအနီးရှိလူငယ်စင်တာ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အမှာစကား ပြောကြားသည်။

ထို့နောက် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာကြူကြူလှိုင်က သင်တန်းနှင့်ပတ်သက်သည်များကို ရှင်းလင်းတင်ပြသည်။

အဆိုပါသင်တန်းကို ရက်ကန်းသင်တန်းမှ သင်တန်းသား၊ သင်တန်းသူ ၂၀ ဦး တက်ရောက်ပြီး သင်တန်းတွင် ကွန်ပျူတာတက္ကသိုလ်မှ သင်တန်းနည်းပြဆရာမသုံးဦးက နေ့စဉ်လုပ်ငန်းဆောင်တာများ လုပ်ဆောင်နိုင်ရန်နှင့် ရက်ကန်းပညာတွင် ကွန်ပျူတာကိုအသုံးချတတ်စေရန် Computer hardware နှင့် Software ကိုနားလည်ခြင်းမှစတင်၍ word processing အခြေခံ application များကို အသုံးပြုခြင်း ရက်သတ္တနှစ်ပတ်ကြာ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

(၄ဝဖ)

# MyanmarPay(MMQR)စနစ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများအတွက် ပါဝင်ဆောင်ရွက်လျက်ရှိသည့် ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများ အစည်းအဝေးကျင်းပ




**နေပြည်တော် နိုဝင်ဘာ ၁၈**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဒစ်ဂျစ်တယ်ငွေပေးချေမှုများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် MyanmarPay (MMQR) စနစ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများ ဆက်လက်ဆောင်ရွက်သွားမည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခြင်းအစည်းအဝေးကို ယနေ့ညနေ ၃ နာရီတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် (ရန်ကုန်ဘဏ်ခွဲ)၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှတာဝန်ရှိသူများ၊ ဘဏ်များ၊ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် ရောင်းချသူကိုယ်စား ငွေကောက်ခံရှင်းလင်းသည့်လုပ်ငန်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ စနစ်ပိုင်ရှင်၊ ကြီးကြပ်သူအဖြစ်ပါဝင်ပြီး ငွေရေးကြေးရေးကဏ္ဍတွင် ပါဝင်ဆောင်ရွက်နေသောဘဏ်များ၊ လိုင်စင်ရရှိထားသည့်မိုဘိုင်းငွေရေးကြေးရေးအဖွဲ့အစည်းများ၊ ရောင်းချသူကိုယ်စား ငွေကောက်ခံရှင်းလင်းသည့်ဝန်ဆောင်မှုလုပ်ငန်းများ၊ မြန်မာငွေပေးချေမှုအဖွဲ့တို့မှ ပူးပေါင်းပါဝင်မှုပုံစံဖြင့် ဆောင်ရွက်ရန်လျာထားကြောင်း၊ နောင်တွင် နိုင်ငံဖြတ်ကျော်ပေးချေမှုများအထိ ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်၍ ရင်းနှီးမြှုပ်နှံမှုပိုင်းတွင် မြန်မာနိုင်ငံ၏ Payment Industry အတွင်းရှိ Stakeholder များအားလုံးပါဝင်သည့်ပုံစံဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် လိုအပ်သည်များကို တက်ရောက်သူများက ဝိုင်းဝန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြဝတီ**

# ဘိုကလေးမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ နိုင်ငံရေးပါတီများနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် တွေ့ဆုံ



**ဘိုကလေး နိုဝင်ဘာ ၁၈**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးတင်ဆွေဝင်းသည် ယနေ့နံနက် ၉ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် ချိုကြည်သာသာနာ့ဗိမာန်၌ ဘိုကလေးမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ နိုင်ငံရေးပါတီများနှင့်တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ဖျာပုံခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဘိုကလေးမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဘိုကလေးမြို့နယ်ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က မြန်မာအီလက်ထရောနစ်မဲပေးစက်သည် ရိုးရှင်းလွယ်ကူပြီး လုံခြုံစိတ်ချရသည့်စနစ်ဖြစ်၍ မဲပေးစက်များ စနစ်တကျကိုင်တွယ်အသုံးပြုနိုင်စေရေး ကြိုတင်ဆောင်ရွက်ထားရန်၊ ဒုတိယအကြိမ် ထုတ်ပြန်ကြေညာမည့်မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေး၊ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် မှာကြားပြီး ဘိုကလေးမြို့နယ်အတွက် မဲပေးစက်ထားရှိမည့်နေရာကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**

# အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ(MSME) ထုတ်ကုန်ပြပွဲ ပြိုင်ပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၈**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ကျည်တောင်ကျေးရွာအုပ်စု မွန်းတည့်ခွင်ကျေးရွာ၌ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ(MSME) ထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲကို ယမန်နေ့က ကျင်းပသည်။

ရှေးဦးစွာ ဇေယျာသီရိမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇေထက်အောင်က ဒေသတွင်းအသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ပြပွဲ၊ ပြိုင်ပွဲများ ပြုလုပ်ပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာသည့်တာဝန်ရှိသူများက အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ(MSME) ထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ခင်းကျင်းပြသရောင်းချနေသည့် ထုတ်ကုန်များအား လှည့်လည်ကြည့်ရှုအားပေးသည်။

အဆိုပါပြပွဲ၊ ပြိုင်ပွဲတွင် နေပြည်တော်အတွင်းမှ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင် ရှစ်ဦးက ကုန်ပစ္စည်းများ၊ စားသုံးကုန်နှင့်လူသုံးကုန်ပစ္စည်းများ ခင်းကျင်းရောင်းချပေးလျက်ရှိကြောင်း သိရသည်။

(၄၁၃)

## လွှတ်လပ်မျှတ မဲပေးကြ

❖ ဒီမိုကရေစီ ပန်းတိုင်လမ်း
လျှောက်လှမ်းစို့ တူညီညာ။
ကိုယ်စားလှယ် ရွေးချယ်ပွဲ
မဲပေးကြမှာ။
ဦးနှောက်ဖြင့် ဆုံးဖြတ်ကာ
နှစ်သက်ရာ စဉ်းစားတွေး။
နိုင်ငံ့ဂုဏ် ပိုမိုမြင့်အောင်
သင့်ရာကိုရွေး။

❖ ဒေသကို အကျိုးပြု
လှုပ်ရှားမှု ရှိပါစေ။
ကိုယ်ကျင့်သိက္ခာ တန်ဖိုးများ
ရှိထားရမလေ။
ရိုးသားလို့ ကြိုးစားစေ
တိုင်းပြည်ကို ချစ်မြတ်နိုး။
ရွေးချယ်ကာ မဲပေးကြ
များလှကောင်းကျိုး။

❖ စိတ်ထားမှန် မပြောင်းလဲ
ထူးကဲလို့ တွေးဆမြင်။
ပြည်သူတွေ လိုအပ်ချက်
လက်တွေ့ပြုပြင်။
အလုပ်ဖြင့် သက်သေတင်
ဖြူစင်ကြည် နှလုံးသားနှင့်။
အရာရာ ဦးဆောင်မှုက
ပြည်သူ့ ဂုဏ်မြှင့်။

❖ အသည်းကြားမှာ မဲတစ်ပြား
ပိုင်ဆိုင်ထား များပြည်သူ။
ကိုယ်စားလှယ် အရွေးမမှားဖို့
စဉ်းစားအချိန်ယူ။
ပြည့်ဂုဏ်ဆောင် အောင်လံထူ
ဖေးမကူ ပြည့်အရေး။
ကိုယ်စားလှယ် စိစစ်ရွေးလို့
မဲပေးစို့လေး။

❖ ဒို့တာဝန် အရေးသုံးပါး
အလေးထား ရှိစေချင်။
ကိုယ်စားလှယ် မှန်သမျှ
သိရမည်ပင်။
နိုင်ငံ့အတွက် အလှဆင်
လွှတ်တော်တွင် ဆွေးနွေးလို့။
နိုင်ငံတော် ပိုမိုလှပရေး
မဲပေးကြစို့။ ။

**ဘုန်းမောင်ဝင်း(ဖျာပုံ)**

# မြဝတီဒေသတွင်ပြုလုပ်နေသော Onlineလိမ်လည်လောင်းကစားမှုတိုက်ဖျက်ချေမှုန်းနေမှုများ၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ပြောကြားချက်

ဒီနေ့ ကျွန်တော်တို့မိဘပြည်သူများနှင့် မီဒီယာများကို အသိပေးပြောကြားလိုတာကတော့ မြဝတီဒေသမှာ ပြုလုပ်နေတဲ့ Online လောင်းကစားမှု တိုက်ဖျက်ချေမှုန်းရေးကိစ္စတွေ၊ နိုင်ငံတကာနဲ့ပူးပေါင်းဆောင်ရွက်နေမှုကိစ္စတွေကို ပြောလိုပါတယ်။ ဒီနေ့ နိုဝင်ဘာလ ၁၈ ရက်နေ့ မနက်မှာပဲ မြဝတီမြို့ရဲ့မြောက်ဘက်မှာရှိတဲ့ ရွှေကုက္ကိုလ်နယ်မြေကို ဌာနဆိုင်ရာအဖွဲ့အစည်းတွေနဲ့ လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက ဝင်ရောက်ရှင်းလင်းခဲ့ပါတယ်။ ပထမဦးစွာ အဲဒီထဲမှာရှိနေတဲ့ ခွင့်ပြုချက်မရရှိဘဲ ဆောက်လုပ်ထားတဲ့ အဆောက်အအုံ ၃ လုံးကို အရင်ဝင်ရောက်ရှင်းလင်းခဲ့ပါတယ်။ အဲဒီထဲကနေ စိစစ်ဆဲနိုင်ငံခြားသား ၃၄၆ ဦး ဖမ်းမိခဲ့ပါတယ်။ Onlineလောင်းကစားမှုမှာ အသုံးပြုနေတဲ့ ဖုန်းအလုံးရေ တစ်သောင်းနီးပါးလောက် ဖမ်းဆီးရမိခဲ့ပြီး ဆက်စပ်ပစ္စည်းတွေလည်း ဖမ်းဆီးရမိခဲ့ပါတယ်။ တစ်ဖက်နိုင်ငံကို ထွက်ပြေးမယ့်သူတွေကိုလည်း ကျွန်တော်တို့ ပိတ်ဆို့ဖမ်းဆီးလျက်ရှိပါတယ်။ ဒီနယ်မြေမှာ Online လောင်းကစားမှု လုပ်ဆောင်နေတဲ့ နယ်မြေ ၃ ခုရှိပါတယ်။ အဲဒါတွေကတော့ နံပါတ်တစ်ကတော့ KK Park နယ်မြေ၊ နံပါတ်နှစ်ကတော့ ရွှေကုက္ကိုလ်နယ်မြေနဲ့ နံပါတ်သုံးကတော့ ကျောက်ခတ်နယ်မြေဖြစ်ပါတယ်။ KK Park နယ်မြေကတော့ အားလုံးသိတဲ့အတိုင်းပဲ မြဝတီမြို့ရဲ့တောင်ဘက်မှာရှိတယ်။ ရွှေကုက္ကိုလ်နယ်မြေကတော့ မြဝတီမြို့ရဲ့ မြောက်ဘက်မှာရှိတယ်။ ကျောက်ခတ်ဒေသကတော့ တောင်ဘက်အစွန်ဆုံးပေါ့။ KK Park ရဲ့တောင်ဘက်မှာရှိတဲ့ နယ်မြေတွေဖြစ်ပါတယ်။ ဒီနေရာတွေမှာ ဘယ်သူတွေပါဝင်ပတ်သက်နေတယ်ဆိုတဲ့ဟာကလည်း ကျွန်တော်ယခင်တုန်းက အတိအလင်းပြောကြားခဲ့ပြီးဖြစ်ပါတယ်။ KK Park နယ်မြေနဲ့ ပတ်သက်ပြီး ကျွန်တော်အားလုံးကို ရှင်းလင်းပြောပြတဲ့နေရာမှာ အထောက်အထားတွေနဲ့ ဘယ်သူတွေနဲ့ ဘယ်အချိန်တုန်းက စာချုပ်ချုပ်ခဲ့တယ်၊ KNU အဖွဲ့ထဲကသူတွေနဲ့ စာချုပ်ဘယ်လိုချုပ်ခဲ့တယ်၊ ဘယ်လိုမျိုးဆောင်ရွက်ခဲ့တယ်၊ ဘယ်သူတွေ ပါဝင်ပတ်သက်ခဲ့တယ်ဆိုတာ ကျွန်တော် ရှင်းလင်းပြောကြားပြီးဖြစ်ပါတယ်။ KK Park နယ်မြေမှာ အဓိကကတော့ မူလအိအလင်းကုမ္ပဏီ၊ Tran-Asia International Holding Group (Thailand) ကုမ္ပဏီတွေ ပါဝင်ပတ်သက်တာဖြစ်ပါတယ်။ ရွှေကုက္ကိုလ်နယ်မြေမှာကတော့ Myanmar Yatai International Holding Group ကုမ္ပဏီ ပါဝင်ပတ်သက်တာဖြစ်ပါတယ်။ ကျောက်ခတ်နယ်မြေမှာကတော့ Chongkhaed Garden Resort ကုမ္ပဏီက



ပါဝင်ပတ်သက်တာဖြစ်ပါတယ်။ အဲဒီနယ်မြေမှာရောက်ရှိပြီး Online လောင်းကစားမှုတွေ၊ Online လိမ်လည်မှုတွေ လုပ်ဆောင်နေတယ်ဆိုတဲ့ နိုင်ငံခြားသားတွေ ဘယ်လိုမျိုးရောက်ရှိလာသလဲဆိုတဲ့ဟာကို ကျွန်တော်တို့ရှင်းပြပြီးဖြစ်ပါတယ်။ အဲဒီကိုရောက်ရှိလာတဲ့ Online လိမ်လည်တဲ့ နိုင်ငံခြားသားတွေဟာ ၉၉ ဒသမ ၅ ရာခိုင်နှုန်းလောက်က တစ်ဖက်နိုင်ငံကနေတစ်ဆင့် မြန်မာနိုင်ငံထဲကို ကူးပြောင်း ရောက်ရှိလာတာဖြစ်ပါတယ်။ အဲဒီနယ်မြေမှာ ၂၀၂၁ ခုနှစ်နောက်ပိုင်းမှာ တိုက်ပွဲတွေဖြစ်ပွားခဲ့ပြီးတော့ မြဝတီမြို့နဲ့ အလှမ်းကွာဝေးတဲ့ ခုနကနယ်မြေတွေမှာ တိုင်းရင်းသားလက်နက်ကိုင် EAOs၊ KNU ၊ KNLA အဖွဲ့၊ ပြီးရင် NCA စာချုပ်လက်မှတ်ရေးထိုးထားတဲ့ တချို့သော EAO အဖွဲ့တွေ၊ ပြီးရင် နယ်ခြားစောင့်တပ်ဖွဲ့အမည်ခံတပ်ဖွဲ့တွေ ဝင်ရောက်လုပ်ကိုင်နေတာဖြစ်ပါတယ်။ အဲဒီလူတွေကိုပဲ ချဉ်းကပ်ပြီးတော့ ကိုယ်ကျိုးရှာစီးပွားရေးသမားတွေက အဲဒီလူတွေနဲ့ ဆက်စပ်ပြီးတော့ ဒီလုပ်ငန်းတွေကိုလုပ်ဆောင်နေတာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ မြဝတီမြို့နဲ့အနီးတစ်ဝိုက်ကို ကျွန်တော်တို့လွှမ်းမိုးနိုင်တဲ့နေရာတစ်ဝိုက်မှာ Online လောင်းကစားမှုတိုက်ဖျက်ရေးတွေ စတင်ဆောင်ရွက်ခဲ့တယ်။ တဖြည်းဖြည်း နယ်မြေငြိမ်းချမ်းလာတာနဲ့အမျှ နယ်မြေစိုးမိုးရေး၊ နယ်မြေရှင်းလင်းရေးတွေလုပ်ပြီး Online လိမ်လည်မှု အမြစ်ပြတ်ပပျောက်ရေးအတွက် ကျွန်တော်တို့ဆောင်ရွက်နေတာဖြစ်ပါတယ်။ အဲလိုဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့ရဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေ၊ စစ်သည်တွေ၊ ဝန်ထမ်းတွေ အသက်၊ သွေး၊ ချွေးပေးဆပ်ပြီး လုပ်ဆောင်ခဲ့ရတာဖြစ်ပါတယ်။ ဒီနယ်မြေမှာ တရားမဝင်ရောက်ရှိလာတဲ့ နိုင်ငံခြားသားတွေကို ကျွန်တော်တို့ စစ်ဆေးပြီးဖြစ်ပါတယ်။ တချို့စစ်ဆေးချက် မှတ်တမ်းတွေကို မီဒီယာများ၊ မိဘပြည်သူများသိအောင် ကျွန်တော်တို့ ထုတ်ပြန်ပြောကြားလိုက်ပါတယ်။ အဲဒီထုတ်ပြန်ပြောကြားချက်ကို

ကြည့်ရင် ဒီလူတွေဟာ ဘယ်ကနေရောက်လာလဲ၊ ဘာတွေလုပ်ခဲ့လဲဆိုတာကို အထင်အရှားသိနိုင်မှာဖြစ်ပါတယ်။ ပြီးရင်တော့ ကျွန်တော်တို့ ခုနကပြောတဲ့နေရာ ၃ ခု KK Park၊ ရွှေကုက္ကိုလ်၊ ကျောက်ခတ်ဒေသ ဒီနေရာတွေရဲ့အခြေခံလူနေထိုင်မှု ရေ၊ လျှပ်စစ်မီး၊ ဆက်သွယ်ရေး စတာတွေက တစ်ဖက်နိုင်ငံကနေရရှိနေတာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးလည်း ကန့်ကွက်လို့ တစ်ဖက်နိုင်ငံက ပူးပေါင်းဆောင်ရွက်မှုတွေ ပြုလုပ်ခဲ့ပြီး ပိတ်ပင်တာမျိုးတွေ ဆောင်ရွက်ခဲ့တာမျိုးတွေရှိပါတယ်၊ ကျွန်တော်တို့အနေနဲ့ ပထမဦးဆုံး နယ်မြေစိုးမိုးရေး၊ ရှင်းလင်းရေးလုပ်ခဲ့တဲ့ KK Park လို နယ်မြေမျိုးမှာ ပြန်လည်ပြီး Online လောင်းကစားမှုတွေ အခြေမချနိုင်ဖို့အတွက် အဲ့ဒီမှာရှိနေတဲ့ အဆောက်အအုံတွေကို ကျွန်တော်တို့ ၁၀၀ ရာခိုင်နှုန်း ဖျက်ဆီးနိုင်အောင် ကျွန်တော်တို့ ဆောင်ရွက်ခဲ့တယ်။ ဆောင်ရွက်ခဲ့တဲ့နေရာမှာလည်း စက်ယန္တရားတွေနဲ့ ဖြိုဖျက်ခဲ့တာတွေရှိတယ်။ အဆင့်မြင့်ဖောက်ခွဲခဲ့တာမျိုးတွေရှိပါတယ်၊ ဒီဖောက်ခွဲမှုတွေနဲ့ ပတ်သက်ပြီးတော့ တစ်ဖက်နိုင်ငံအနေနဲ့က ဒီဖောက်ခွဲလိုက်တဲ့အစအနတွေ သူတို့နိုင်ငံထဲမှာ ကျတယ်ဆိုပြီး ကန့်ကွက်တဲ့ဟာမျိုးလေးတွေရှိပါတယ်၊ ဒါတွေနဲ့ပတ်သက်ပြီးလည်း ကျွန်တော်တို့ ဗီဒီယိုမှတ်တမ်းတွေဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ သူတို့ကို ဒီအစအနတွေမကျဘူးဆိုတာလည်း ဗီဒီယိုမှတ်တမ်းတွေနဲ့ ပြခဲ့ပြီးဖြစ်ပါတယ်။ ဒါကျွန်တော် ပုံတစ်ပုံကိုပြလိုပါတယ်။ ဒီမှာဆိုရင်ဒါ KK Park ထဲမှာရှိတဲ့ အဆောက်အအုံကို ကျွန်တော်တို့ ဖြိုချဖျက်ဆီးတာဖြစ်ပါတယ်။ ဖြိုချဖျက်ဆီးတဲ့နေရာမှာ ဒီအဆောက်အအုံဟာ တည့်တည့်ပဲ အောက်ကို ပြိုကျသွားတာဖြစ်ပါတယ်။ အဆင့်မြင့်ဖောက်ခွဲနည်းပညာနဲ့အသုံးပြုတဲ့အတွက်ကြောင့်မို့လို့ အောက်ကိုပြိုကျသွားတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တစ်ဖက်နိုင်ငံထဲကို ကျဖို့နေနေသာသာ သူ့ရဲ့ဘေးနားမှာရှိတဲ့ သစ်ပင်တွေတောင်

မလှုပ်ဘူးဆိုတာတောင် တွေ့ရမှာဖြစ်ပါတယ်။ ဒါ့အပြင် တစ်ဖက်နိုင်ငံရဲ့ နယ်စပ်အနီးမှာကပ်နေတဲ့ Hotel တစ်လုံးကိုလည်း ကျွန်တော်တို့ ဖြိုချဖျက်ဆီးခဲ့ပါတယ်။ ဒီလိုဖြိုချဖျက်ဆီးတဲ့ နေရာမှာလည်း တစ်ဖက်နိုင်ငံကို ကျရောက်ဖို့နေနေသာသာ တစ်ဖက်နိုင်ငံနဲ့ ကျွန်တော်တို့ရဲ့ နယ်ခြားမျဉ်းဖြစ်တဲ့ ဒီမြစ်ထဲကိုတောင်မှ အစအနကျတာမတွေ့တာကို ထင်ရှားစွာတွေ့နိုင်မှာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးလည်း ကျွန်တော်တို့ အဆောက်အအုံများ ဖြိုချရှင်းလင်းခြင်းကို ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ နောက်တစ်ခု ဒါနဲ့ပတ်သက်ပြီးတော့ အမေရိကန်နိုင်ငံအနေနဲ့ နိုဝင်ဘာလ ၁၂ ရက်နေ့ ရက်စွဲနဲ့ ထုတ်ပြန်ကြေညာခဲ့ပါတယ်။ ဒီမှာ ကျွန်တော်တို့တွေ့ရတာကတော့ ဒီနေ့မှာတွေ့ရတဲ့ ကြေညာချက်ဖြစ်ပါတယ်။ ဒီထဲမှာတော့ Online လိမ်လည်မှုတွေအနေနဲ့ အမေရိကန်ကိုကာကွယ်ဖို့ဆိုပြီးတော့ District of Columbia Scam Center Strike Force ကိုဖွဲ့စည်းခဲ့တယ်။ SCSF ကို ဖွဲ့စည်းခဲ့တယ်လို့ သူတို့ကြေညာလာတာကို တွေ့ရပါတယ်။ ဒီထဲမှာ ကျွန်တော်တို့ လေ့လာကြည့်တဲ့အခါမှာ အရှေ့တောင်အာရှနိုင်ငံတွေကို အခြေပြုပြီးတော့ cryptocurrency နဲ့အပါအဝင် ဆိုက်ဘာလိမ်လည်မှုတွေကို အမေရိကန်နိုင်ငံကို ကာကွယ်ဖို့ဆိုပြီး ဖွဲ့စည်းကြောင်းကြေညာခဲ့တာဖြစ်ပါတယ်၊ ဒီထဲမှာ ထူးထူးခြားခြား အသုံးအနှုန်းလေးတွေပါတာကို ကျွန်တော်ပြောပြချင်ပါတယ်။ ထူးထူးခြားခြား အသုံးအနှုန်းလေးတွေက တတိယအပိုဒ်လောက်မှာ တရုတ်နိုင်ငံဖြတ်ကျော်ရာဇဝတ်အဖွဲ့အစည်းများ (TCOs) တွေက cryptocurrency ရင်းနှီးမြှုပ်နှံမှု လိမ်လည်မှုများနှင့် ယုံကြည်မှု လိမ်လည်မှုအမျိုးမျိုးကိုအသုံးပြုပြီး နေ့စဉ်အမေရိကန်များ၏ စုဆောင်းငွေများ၊ အသက်များကို ခိုးယူလျက်ရှိသည်ဆိုပြီး ပါတာတွေ့ရပါတယ်။ နောက်တစ်ပိုဒ်မှာတော့ လိမ်လည်မှုစင်တာတွေဟာ အမေရိကန်မှ တရုတ်ရာဇဝတ်ဂိမ်းများ၏ အိတ်ကပ်ထဲသို့ မျိုးဆက်တစ်ခုပြီးတစ်ခု ချမ်းသာကြွယ်ဝမှုရှိအောင်ဖန်တီးနေတယ်ဆိုပြီး စွပ်စွဲထားတာမျိုးလည်းတွေ့ရပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး Strike Force Burma အဖွဲ့သည် မြန်မာနိုင်ငံရှိ လိမ်လည်မှုစင်တာနှစ်ခုကို စစ်ဆင်ရေးများ ပြုလုပ်ခဲ့သည်ဆိုပြီးလည်း ပါတာတွေ့ရပါတယ်။ သူတို့စစ်ဆင်ရေး ဘယ်လိုလုပ်ခဲ့လဲမလုပ်ခဲ့လဲဆိုတာတော့ ကျွန်တော်တို့လည်း မသိပါဘူး။ မြေပြင်မှာလည်း တွေ့ရတာတော့ မရှိပါဘူး။ ဒါ့အပြင် မြန်မာနိုင်ငံမှာရှိတဲ့ KK Park ကဲ့သို့သော လိမ်လည်မှုနေရာများကို တိုက်ဖျက်ရန်အတွက် Royal Thai Police War Room Task Force နဲ့အတူ ပူးပေါင်းဆောင်ရွက်ရန် ဘန်ကောက်ကို FBI agent များ စေလွှတ်ခဲ့သည်ဆိုတာလည်း ပါပါတယ်။ ဒါဟာသူတို့ထုတ်ပြန်တဲ့ နှစ်မျက်နှာလောက်ရှိတဲ့ ထုတ်ပြန်ချက်ထဲက ကျွန်တော်တို့ ထုတ်နုတ်ပြီးပြောတာ ဖြစ်ပါတယ်။ ဒါတွေကိုသုံးသပ်ကြည့်ရင် ဒီနိုင်ငံအနေနဲ့ ခုနကပြောတဲ့ Online လိမ်လည်မှု၊ Online လောင်းကစားမှုတိုက်ဖျက်ရေးဆိုတာထက် Hidden Agenda နက်နဲတဲ့ လျှို့ဝှက်ရည်ရွယ်ချက်တစ်ခုရှိနေနိုင်တယ်လို့ ကျွန်တော်တို့ သုံးသပ်ရရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ အရှေ့မြောက်ဒေသ လောက်ကိုင်ဒေသမှာOnline လောင်းကစားမှုတွေ၊ Online လိမ်လည်မှုတွေကို စသိခဲ့တဲ့အတိုင်း တရုတ်-မြန်မာပူးပေါင်းဆောင်ရွက်မှု Task Force ကို ဖွဲ့စည်းပြီးဖြစ်ပါတယ်။ အခုထိလည်း ကျွန်တော်တို့ ဆက်လက်လုပ်ဆောင်လျက်ရှိပါတယ်။ ပြီးရင်တော့ ကရင်ပြည်နယ် မြဝတီဒေသ မြန်မာ-ထိုင်း-တရုတ်သုံးနိုင်ငံ သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Trilateral Cooperation) ဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိပါတယ်။ အခုထိလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်နေ့မှာ တရုတ်နိုင်ငံ ကူမင်းမြို့၌ ကျင်းပခဲ့တဲ့ တရုတ်-မြန်မာ-ထိုင်း-ကမ္ဘောဒီးယား-လာအိုနှင့် ဗီယက်နမ် ၆ နိုင်ငံ Online လိမ်လည်မှုပူးပေါင်းတိုက်ဖျက်ရေးအစည်းအဝေးတက်ရောက်ခဲ့ပြီး ဒီအဖွဲ့နဲ့လည်း ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ဒီနေရာမှာ ကျွန်တော်ပြောချင်တာကတော့ ဒီ Online လိမ်လည်မှု၊ Online လောင်းကစားမှုဆိုတာသည် ကျွန်တော်တို့ မြန်မာတစ်နိုင်ငံတည်းကိုပဲ ဒုက္ခပေးနေတာမဟုတ်ပါဘူး။ လိမ်လို့ရတဲ့ နိုင်ငံတကာက နိုင်ငံသူနိုင်ငံသားတွေကိုလည်း လိမ်လည်နေတာဖြစ်ပါတယ်။ ဒါကို အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ပြတ်ပြတ်သားသားတိုက်ဖျက်ဖို့လည်း နိုင်ငံတော်ယာယီသမ္မတ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အနေနဲ့ ညွှန်ကြားထားပြီးဖြစ်ပါတယ်။ လူထုတွေ့ဆုံပွဲတွေမှာလည်း ဒါကိုပြတ်ပြတ်သားသား ထုတ်ဖော်ပြောဆိုပြီး ဖြစ်ပါတယ်။ အန္တရာယ်များတဲ့ကိစ္စဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ မြန်မာနိုင်ငံသူနိုင်ငံသားအားလုံး၊ မီဒီယာများအားလုံးအနေနဲ့ ဒီ Online လိမ်လည်မှုတွေ၊ Online လောင်းကစားမှုတွေနဲ့ ပတ်သက်ပြီးသတင်းရရှိလာရင်သက်ဆိုင်ရာကို သတင်းပေးကြပါ။ ပူးပေါင်းဆောင်ရွက်သွားကြပါ။ ကျွန်တော်တို့ မြန်မာနိုင်ငံအစိုးရအနေနဲ့လည်း ၆ နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တွေ၊ ဒေသတွင်းအဖွဲ့အစည်းတွေနဲ့ပူးပေါင်းပြီး ဒီ Online လိမ်လည်မှု၊ လောင်းကစားမှုတွေကို မြန်မာ့မြေပေါ်ကနေ အပြီးတိုင်ချုပ်ငြိမ်းသွားအောင် အမြစ်ပြတ်ချေမှုန်းသုတ်သင်သွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်၊ အားလုံးကို ကျေးဇူးတင်ပါတယ်။

မြဝတီ

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ကျန်းနှင့် ပေကျင်းမြို့တို့သို့ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် အလုပ်သဘောလေ့လာရေးခရီးသွားရောက်၊ မြန်မာ-တရုတ် နှစ်နိုင်ငံ လူဝင်မှုကြီးကြပ်ရေးနှင့် နယ်စပ်ဒေသတရားဝင် ဝင်ထွက်မှုအဆင်ပြေစေရေးလုပ်ငန်းဆိုင်ရာများ ညှိနှိုင်းဆွေးနွေး



နေပြည်တော် နိုဝင်ဘာ ၁၈

မြန်မာ-တရုတ်နှစ်နိုင်ငံအကြား လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးနှင့် တရားမဝင် ဝင်/ထွက်သွားလာမှု လျော့နည်းပပျောက်ရေး၊ အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများ ပူးပေါင်းတိုက်ဖျက်ရေး စသည့်ရည်ရွယ်ချက်များဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွန်းဦးနှင့် အဖွဲ့ဝင်များနှင့်အတူ နိုဝင်ဘာလ ၁၄ ရက်မှ ၁၈ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အလုပ်သဘောလေ့လာရေးခရီးစဉ်အဖြစ် သွားရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နိုဝင်ဘာလ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ကျန်းမြို့၌လည်းကောင်း၊ နိုဝင်ဘာလ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ပေကျင်းမြို့၌လည်းကောင်း အလုပ်သဘောလေ့လာရေးခရီးစဉ်သွားရောက်ပြီး နိုဝင်ဘာလ ၁၇ ရက် ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. WANG Zhizhong နှင့်အဖွဲ့ကို ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန အမျိုးသားလူဝင်မှုကြီးကြပ်ရေးဌာနချုပ်အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-တရုတ်နှစ်နိုင်ငံ နယ်စပ်ဂိတ်များ၌ လူဝင်မှုစစ်ဆေးရေးစနစ်များ အဆင့်မြှင့်တင်နိုင်ရေးနှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ နှစ်နိုင်ငံနယ်စပ်များမှ တရားဝင် ဝင်/ထွက်သွားလာမှုရှိစေရေးနှင့် တရားမဝင် ဝင်/ထွက်မှုမရှိစေရေးတို့အတွက် အပြန်အလှန်ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ သတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်ရေး၊ လူကုန်ကူးမှုတိုက်ဖျက်ရေး၊ အွန်လိုင်းလောင်းကစားမှုလုပ်ငန်းများပူးပေါင်းတိုက်ဖျက်ရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးနှင့် အပြန်အလှန်ဝင်ထွက်သွားလာမှုများ အဆင်ပြေချောမွေ့စေရေးအတွက် တွေ့ဆုံညှိနှိုင်းမှုများ ဆောင်ရွက်ရေး၊ နှစ်နိုင်ငံဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲရေးအတွက် လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းများ အပြန်အလှန်ယုံကြည်နားလည်မှုဖြင့် လက်တွေ့ကျသော ညှိနှိုင်းပူးပေါင်းဆောင်ရွက်နိုင်ရေးအခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ထို့နောက် တရုတ်နိုင်ငံ၌ အကြောင်းအမျိုးမျိုးကြောင့် ဖမ်းဆီးခံရသည့်မြန်မာနိုင်ငံသားများအား ဥပဒေနှင့်အညီ ပြန်လည်စိစစ်ပြီး နေရပ်သို့ပြန်လည်ပို့ဆောင်နိုင်ရေးနှင့်ပတ်သက်၍ မြန်မာ-တရုတ် နှစ်နိုင်ငံ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးခြင်းကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံဘက်မှ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်နှင့်တရုတ်နိုင်ငံဘက်မှ ဒုတိယဝန်ကြီး Mr. WANG Zhizhong တို့ရှေ့မှောက်၌ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွန်းဦးနှင့် အမျိုးသားလူဝင်မှုကြီးကြပ်ရေးဌာနချုပ် (NIA)မှ ဒုတိယဌာနချုပ်မှူး Mr. LIU Haitao တို့သည် နားလည်မှုစာချွန်လွှာ (MoU) ကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဒုတိယဝန်ကြီးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးက ပေကျင်းဟိုတယ်၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပေကျင်းမြို့တော်မှ ကွမ်ကျိုးမြို့သို့ ရောက်ရှိကြပြီး ထိုမှတစ်ဆင့် လေကြောင်းခရီးဖြင့် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်းသိရသည်။

မြဝတီ

# အမျိုးသားအောင်ပွဲနေ့ကို ဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်း



နေပြည်တော် နိုဝင်ဘာ ၁၈

အမျိုးသားအောင်ပွဲနေ့ကို ဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ဝန်ထမ်းများ၏ စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် အထွေထွေရောဂါကုဆေးရုံကြီး (ခုတင်-၁၀၀၀)၌ ကျင်းပသည်။

ဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး၊ ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဆေးရုံအုပ်ကြီးနှင့်တာဝန်ရှိသူများက လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်ပေးနေမှုနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ဝန်ထမ်းများ၏ စုပေါင်းသွေးလှူဒါန်းနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြပြီး ကြက်ဥ၊ အားဖြည့်အချိုရည်၊ မုန့်၊ ရေသန့်နှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးဒေါက်တာသက်ခိုင်ဝင်းက ဆေးရုံတက်ရောက်ကုသလျက်ရှိသော လူနာများအတွက် သွေးလာရောက်လှူဒါန်းကြသည့်ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးဝန်ထမ်းများအား ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

မြဝတီ

# ဓာတ်အားခွဲရုံများနှင့်မြို့နယ်လျှပ်စစ်မန်နေဂျာရုံးများ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ကွင်းဆင်းစစ်ဆေး



ရန်ကုန် နိုဝင်ဘာ ၁၈

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးအောင်ကျော်ဦးသည် ရုံးချုပ်နှင့်ခရိုင်တို့မှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် သာကေတမြို့နယ်နှင့် ဒေါပုံမြို့နယ်တို့ရှိ လျှပ်စစ်ဓာတ်အားခွဲရုံများနှင့် မြို့နယ်လျှပ်စစ်မန်နေဂျာရုံးများကို ကွင်းဆင်းစစ်ဆေးသည်။

ဦးစွာ သာကေတမြို့နယ် လျှပ်စစ်မန်နေဂျာရုံးနှင့် ယင်းမြို့နယ်အတွင်းရှိ ဓာတ်အားခွဲရုံများမှ ဓာတ်အားဖြန့်ဖြူးထားမှု၊ ဖီဒါအလိုက်ဓာတ်အားပျောက်ဆုံးမှု၊ ဓာတ်အားခကြွေးကျန်အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ၃၃/၆ ဒသမ ၆ ကေဗွီ သုမန ဓာတ်အားခွဲရုံ၌ ဓာတ်အားဖြန့်ဖြူးနေမှု၊ ဓာတ်အားခွဲရုံ ကြံ့ခိုင်ကောင်းမွန်စေရေး ဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးကာ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်တားဆီးရေး၊ ဝန်အားများနေသည့်ဖီဒါ/ထရန်စဖော်မာများကို ဝန်အားမျှ၍ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးဆောင်ရွက်ရန်၊ ဓာတ်အားပျောက်ဆုံးမှုများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရေး ထရန်စဖော်မာအလိုက် မီးသုံးသူစာရင်းများပြုစုဆောင်ရွက်ရန်နှင့် ရပ်/ပျက်/နှေးဖြစ်ပေါ်နေသည့် မီတာများကို အမြန်အစားထိုးလဲလှယ်ဆောင်ရွက်ရန် မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဒေါပုံမြို့နယ်လျှပ်စစ်မန်နေဂျာရုံးနှင့် ၃၃/၁၁-၆ ဒသမ ၆ ကေဗွီ မြို့နယ်ရုံးဓာတ်အားခွဲရုံ၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လုပ်ငန်းများ ဆောင်ရွက်ရာတွင် စည်းလုံးညီညွတ်စွာ ဆောင်ရွက်ရန်၊ ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းရေးနှင့် တရားမဝင် ဓာတ်အားသုံးစွဲမှုများ မရှိစေရေးအတွက် ကွင်းဆင်းကြီးကြပ်စစ်ဆေးရန်၊ ဘုံမှတ်တမ်းများနှင့် ဆီးလ်ခတ်မှတ်တမ်းများကို စနစ်တကျရေးသွင်းရန် မှာကြားပြီး တင်ပြချက်များအပေါ် ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ချစ်ဆောင်(YESC)

# မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E. Ms. Ma Jia အား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး လက်ခံတွေ့ဆုံ



နေပြည်တော် နိုဝင်ဘာ ၁၈

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E. Ms. Ma Jia နှင့်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်တွေ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ဆောင်ရွက်နေမှုအခြေအနေများ၊ ကြိုတင်ဆန္ဒမဲပေးခြင်းဆိုင်ရာကိစ္စရပ်များ၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးနှင့်စပ်လျဉ်း၍ သိရှိလိုသည်များ၊ ရွေးကောက်ပွဲအတွက် လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍မေးမြန်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးပြင်ဆင်ဆောင်ရွက်နေမှုများ၊ ပြည်တွင်း ပြည်ပမှ မဲဆန္ဒရှင်ပြည်သူများ ဥပဒေနှင့်အညီ ကြိုတင်ဆန္ဒမဲပေးနိုင်ရေးဆောင်ရွက်နေမှုများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အပါအဝင်နိုင်ငံတကာမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ၊ သံတမန်များအား ရွေးကောက်ပွဲစောင့်ကြည့်လေ့လာနိုင်ရေးဆောင်ရွက်နေမှုများ၊ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် မဲရုံများတွင် မဲဆန္ဒရှင်ပြည်သူများ လုံခြုံအေးချမ်းစွာမဲပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ရှင်းလင်းပြောကြားပြီး ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြဝတီ

## သမဝါယမကောလိပ်(မန္တလေး၊ ဖောင်ကြီး)တို့တွင် ကျောင်းအပ်လက်ခံမည့်ရက်နှင့် ကျောင်းစတင်ဖွင့်လှစ်မည့်ရက် ထုတ်ပြန်ကြေညာ

နေပြည်တော် နိုဝင်ဘာ ၁၈

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာနကြီးကြပ်မှုအောက်ရှိ သမဝါယမကောလိပ် (မန္တလေး၊ ဖောင်ကြီး)တို့တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ ပထမနှစ်(၂၀၂၅ ခုနှစ်အောင်) (ပထမနှစ်ဝက်)သင်တန်းနှင့် ဒုတိယနှစ် (ပထမနှစ်ဝက်)သင်တန်းများကို (၁၇-၁၁-၂၀၂၅) ရက်(တနင်္လာနေ့)မှစ၍ ကျောင်းအပ်လက်ခံပြီး (၂၄-၁၁-၂၀၂၅)ရက် (တနင်္လာနေ့)တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

သမဝါယမဦးစီးဌာန

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## United Nation Children's Fund-UNICEF မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ်နှင့်အဖွဲ့အား ကရင်ပြည်နယ်ဝန်ကြီးချုပ် လက်ခံတွေ့ဆုံ



ဘားအံ နိုဝင်ဘာ ၁၈

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် United Nation Children's Fund-UNICEF မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr.Yasumasa Kimura နှင့်အဖွဲ့အား ပြည်နယ်အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒေသတွင်းကလေးသူငယ်များနှင့် ၎င်းတို့၏မိသားစုဝင်များအပေါ် ကူညီစောင့်ရှောက်ပေးနေမှု၊ နေရပ်စွန့်ခွာပြည်သူများ၏အရေးနှင့်အကူအညီပေးနိုင်ရေးကိစ္စရပ်များ၊ သဘာဝဘေးကြုံတွေ့ရသည့်အခါ အရေးပေါ်တုံ့ပြန်ကူညီဆောင်ရွက်ပေးနိုင်ရေး၊ သန့်ရှင်းသောသောက်သုံးရေရရှိနိုင်ရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

မွန်းလွဲပိုင်းတွင် ကရင်ပြည်နယ်အစိုးရအဖွဲ့ ကရင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ (၅/၂၀၂၅)ကြိမ်မြောက်အစည်းအဝေးကို ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ရာနှုန်းပြည့်မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဖြင့် ဘားအံစက်မှုဇုန်တွင် အဆင့်မြင့်စားအုန်းဆီသန့်စင်ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းဆောင်ရွက်နေသော Shwe Ngar Thone Kaung Co.,Ltd. က မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ တည်ဆောက်ရေး ကာလတိုးမြှင့်ခွင့်ပြုပါရန်တင်ပြလာခြင်း၊ ဟိုတယ်တည်ဆောက်လုပ်ကိုင်ခြင်းလုပ်ငန်းဆောင်ရွက်နေသော Hotel Conqueror Co.,Ltd. ကိုကွင်းဆင်းစစ်ဆေးခဲ့မှုနှင့် မော်တော်ဆိုင်ကယ်အမျိုးမျိုးတပ်ဆင်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းဆောင်ရွက်နေသော Myanmar Car & Motorcycle Business Co.,Ltd. ကို ကွင်းဆင်းစစ်ဆေးနိုင်ရေးနှင့် ကရင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှု ဖိုရမ်-၂၀၂၅ ကျင်းပနိုင်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

ယင်းနောက် ပြည်နယ်အတွင်းဆောင်ရွက်နေသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ ၂၀၂၅-၂၀၂၆ဘဏ္ဍာနှစ် လျာထားရင်းနှီးမြှုပ်နှံမှုနှင့် ပြည်နယ်အတွင်းတိုးတက်ဝင်ရောက်လာသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသူများက အကြံပြုဆွေးနွေးတင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၉-၁၁-၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၅၈၅ | ၂၇၀၀ | ၂၆၆၅ | ၂၆၀၀ | ၂၇၀၅ | ၂၇၂၀ | ၂၇၃၅ | ၂၆၅၅ | ၄၅၀၅ | ၂၉၅၀ | ၂၆၇၀ | ၂၈၉၀ | ၂၇၄၅ | ၂၇၁၀ | ၂၇၃၀ | ၂၉၈၅ |
| 95 Ron | ၂၆၆၀ | ၂၇၇၅ | ၂၇၄၀ | ၂၆၇၅ | ၂၇၈၀ | ၂၇၉၅ | ၂၈၁၅ | ၂၇၃၀ | ၄၅၆၀ | ၃၀၂၅ | ၂၇၅၀ | ၂၉၇၅ | ၂၈၂၀ | ၂၇၈၅ | ၂၈၁၀ | ၃၀၆၅ |
| HSD (500 ppm) | ၂၅၄၀ | ၂၆၅၅ | ၂၆၂၀ | ၂၅၅၅ | ၂၆၆၀ | ၂၆၇၅ | ၂၆၉၅ | ၂၆၁၅ | - | ၂၉၀၅ | ၂၆၃၀ | ၃၂၉၀ | ၂၇၀၀ | ၂၆၆၅ | ၂၆၉၀ | ၂၉၄၅ |
| HSD (50 ppm) | ၃၀၈၅ | ၃၂၀၀ | ၃၀၆၅ | ၃၀၀၀ | ၃၂၀၅ | ၃၂၂၀ | ၃၂၃၅ | ၃၀၅၅ | ၄၈၃၀ | ၃၄၅၀ | ၃၀၇၅ | ၃၃၄၅ | ၃၂၄၅ | ၃၂၁၀ | ၃၂၃၀ | ၃၄၉၀ |
| HSD (10 ppm) | ၃၀၈၅ | ၃၂၀၀ | ၃၀၆၅ | ၃၀၀၀ | ၃၂၀၅ | ၃၂၂၀ | ၃၂၃၅ | ၃၀၅၅ | - | ၃၄၅၀ | ၃၀၇၅ | ၃၃၄၅ | ၃၂၄၅ | ၃၂၁၀ | ၃၂၃၀ | ၃၄၉၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၄၂၀ | ၂၅၁၀ |
| 95 Ron | ၂၅၀၄ | ၂၅၈၆ |
| HSD (500 ppm) | ၂၄၈၇ | ၂၄၆၄ |
| HSD (50 ppm) | ၂၉၁၄ | ၃၀၀၀ |
| HSD (10 ppm) | ၂၉၁၄ | ၃၀၀၀ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ပညာရေးအလင်းတံခါးများ

ဝထကလသ(နတလ)

နယ်စပ်ဒေသဟူသည် သဘာဝအလှတရားများကြီးမားသော်လည်း ငြိမ်းချမ်းရေးအတွက် စိန်ခေါ်မှုများနှင့်ပညာရေးအတွက် အခက်အခဲများ တိုက်ရိုက်ကြုံတွေ့နေရသည့်ဒေသများဖြစ်သည်။ ထိုအခက်အခဲများအတွက် ကောင်းမွန်သည့်အနာဂတ်ကိုဖန်တီးပေးထားသည့် ပညာရေးအလင်းရောင်တံခါးပေါက်များရှိသည်။ ဤအရာမှာ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်နှင့်ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်များပင်ဖြစ်သည်။

ထိုကျောင်းတော်ကြီးများမှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းရေးကဏ္ဍများကို မြှင့်တင်ဖော်ဆောင်ပေးမည့် မျိုးဆက်သစ်လူသားအရင်းအမြစ်အလင်းတိုင်များအား ဘက်စုံပညာရေးစနစ်ဖြင့် လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိသည်။

ယခုဆိုလျှင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ငါးနှစ်သင်တန်းအမှတ်စဉ်(၇)၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်) အမှတ်စဉ် (၂၁)နှင့် (၂၂) နှင့်ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်း) အမှတ်စဉ် (၁၈)နှင့် AGTI ဒီပလိုမာသင်တန်းအမှတ်စဉ်(၁၉)တို့ သင်တန်းဆင်းပွဲအခမ်းအနားများကျင်းပပြီးစီးခဲ့သည်မှာ လွန်ခဲ့သောရက်အနည်းငယ်မျှသာ ရှိပေဦးလိမ့်မည်ဖြစ်သည်။

**အနာဂတ်အလင်းတိုင်များ**

အနာဂတ်တွင် ကျောင်းဆင်းကျောင်းသားတစ်ဦးသည် မြန်မာနိုင်ငံအနှံ့ စာသင်ကျောင်းများ၌ တိုင်းရင်းသားလူငယ်များ၏ပညာရေးအလင်းရောင်ကို ထွန်းညှိပေးနိုင်သော ဆရာကောင်းတစ်ဦးဖြစ်နေပေလိမ့်မည်။

အနာဂတ်တွင်ကျောင်းဆင်းကျောင်းသူတစ်ဦးသည် မြစ်များကိုဖြတ်၍ တံတားတစ်စင်း တည်ဆောက်ပေးနိုင်သော ဖြောင့်ဖြူးနေသည့် နိုင်ငံတော်လမ်းမကြီးများကို တာဝန်ယူဖောက်လုပ်ပေးနိုင်သော အင်ဂျင်နီယာကောင်းတစ်ဦးဖြစ်နေပေလိမ့်မည်။

အနာဂတ်တွင် ကျောင်းဆင်းကျောင်းသား၊ ကျောင်းသူတို့သည် မိမိတို့ဘဝအတွက်သာမက မိမိဒေသအတွက်၊ မိမိတိုင်းရင်းသားများအတွက်၊ မိမိနိုင်ငံအတွက်အကျိုးပြုမည့် ဝန်ထမ်းကောင်းများအဖြစ် တာဝန်ထမ်းဆောင်နေပေလိမ့်မည်။

ကျောင်းတော်ကြီးများမှ မွေးထုတ်ပေးလိုက်သော နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းရေးကဏ္ဍများကို ဖော်ဆောင်ပေးမည့် မျိုးဆက်သစ်လူသားအရင်းအမြစ်အလင်းတိုင်များဟုပင်ဆိုရပေမည်။

**ပညာရေးအလင်းတံခါး**

ပညာရေးသည် လူသားမျိုးနွယ်၏ တိုးတက်မှုအတွက် အဓိကသော့ချက်တစ်ခုပင်ဖြစ်သည်။ ၎င်းသည် လူတစ်ဦးချင်းစီအတွက် ပိုမိုကောင်းမွန်သောဘဝတစ်ခုသို့ ပို့ဆောင်ပေးနိုင်ခြင်း၊ လူ့ဘောင်အဖွဲ့အစည်းတစ်ခုလုံးကို ပိုမိုတိုးတက်ငြိမ်းချမ်းနိုင်ခြင်း၊ တရားမျှတသောအခြေအနေသို့ ရောက်ရှိနိုင်ခြင်းများဖြစ်စေသည်။

ပညာရေးသည် အလင်းတံခါးတစ်ချပ်ဖြစ်သည်။ ထိုတံခါးကိုဖွင့်လှစ်ခြင်းဖြင့် နိုင်ငံသားတို့၏ အသိပညာ၊ အတွေးအခေါ်နှင့် အတတ်ပညာတို့ကိုရရှိပြီး ပိုမိုတောက်ပသော အနာဂတ်တစ်ခုကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။ ထိုတံခါးများကိုဖွင့်လှစ်နိုင်ရန် နိုင်ငံတော်၊ 




နိုင်ငံသား၊ ဆရာ၊ ဆရာမနှင့်ကျောင်းသားများအားလုံးတွင် တာဝန်ကိုယ်စီရှိပေသည်။

**"အသိပညာသည် အရာရာကိုအနိုင်ယူနိုင်သော စွမ်းအားဖြစ်သည်"**ဟူသည့်အတိုင်း အခက်အခဲများရှိနိုင်သော်လည်း ပညာရေး၏အလင်းရောင်သည် ပိုမိုတိုးတက်သော နိုင်ငံတော်တစ်ခုဖြစ်လာစေမည်မှာအမှန်ပင်ဖြစ်သည်။

**အထက်တန်းအောင်မြင်ပြီးသည့်နောက်**

မြန်မာနိုင်ငံ၌ မတ်လကဲ့သို့ခြောက်သွေ့သည့်ရာသီတွင် အခြေခံပညာ အထက်တန်းစာမေးပွဲကို ဖြေဆိုကြရသည်။ ဇွန်လ၊ ဇူလိုင်လကဲ့သို့သော မိုးတွင်းကာလမှာ အောင်စာရင်းများထွက်သည်။ အောက်တိုဘာလ၊ နိုဝင်ဘာလလိုဆောင်းအေးအေးမှာ တက္ကသိုလ်၊ ကောလိပ်များ စတင်တက်ရောက်ကြရသည်။

ထို့ကြောင့် ကျောင်းသားဘဝတွင် စိတ်လှုပ်ရှားမှုအပေးဆုံးနှင့် ထူးခြားမှုအရှိဆုံးကာလသည် နွေရာသီအစနှင့် ဆောင်းရာသီအစကဲ့သို့ကာလများကို ရည်ညွှန်းရပေမည်။

ယခုအချိန်တွင် အထက်တန်း အောင်မြင်ထားသည့် ကျောင်းသား၊ ကျောင်းသူများအတွက် တက္ကသိုလ်ရွေးချယ်ရန်အလုပ်များနေချိန်ဖြစ်၏။

ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မိမိတို့ဘဝတိုးတက်မြင့်မားလာစေရေးအတွက် မှန်ကန်သောရွေးချယ်မှုများဖြစ်စေရန် ရင်ခုန်ဖွယ်ရာတွေးခေါ်မြော်မြင်စဉ်းစားမှုများဖြင့် အလုပ်များနေကြသကဲ့သို့ မိဘများမှာလည်း ကလေးအတွက်စဉ်းစားပေးလိုက်၊ တိုင်ပင်လိုက်နှင့် မိသားစုအတွင်း စိတ်လှုပ်ရှားဖွယ်အချိန်ကာလလည်းဖြစ်ပေသည်။

အဓိကအကျဆုံးအချက်မှာ ကာယကံရှင် ကျောင်းသား၊ ကျောင်းသူများ၏ မွေးရာပါဗီဇ၊ ပါရမီနဲ့ဝါသနာပင်ဖြစ်သည်။ နောက်တစ်ချက်မှာ ကျောင်းသား၊ ကျောင်းသူများ၏ ဆန္ဒပြင်းပြမှုနဲ့ စိတ်ပါဝင်စားမှုပင်ဖြစ်သည်။

ထို့ပြင် ရရှိမည့်ဘွဲ့၊ ဒီဂရီကိုအခြေခံပြီး သေချာသောအနာဂတ်ကောင်းဖန်တီးနိုင်မှု၊ နိုင်ငံအတွက် အကျိုးပြုနိုင်မှုဆိုသည့်အချက်များကိုလည်း ထည့်သွင်းစဉ်းစားရန်လိုအပ်သည်။

**ကောင်းမွန်သည့်ရည်ရွယ်ချက်**

နယ်စပ်ရေးရာဝန်ကြီးဌာနက တိုင်းရင်းသားများအတွက် တက္ကသိုလ်/ကောလိပ်များဖွင့်လှစ်ထားသည်။ ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်မှာ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များသည် ပညာရှာမှီးရင်း တိုင်းရင်းသားအချင်းချင်း ပိုမိုစည်းလုံးချစ်ခင်လျက် ပြည်ထောင်စုစိတ်ဓာတ်ခိုင်မြဲသည့် လူငယ်များဖြစ်လာစေရန်၊ ဒို့တာဝန်အရေးသုံးပါးကို သက်ဝင်ယုံကြည်၍ ထိန်းသိမ်းစောင့်ရှောက်သောလူငယ်များဖြစ်လာစေရန်၊ အဆင့်မြင့်တက္ကသိုလ်ပညာရပ်များတတ်မြောက်၍ ကျောင်းဆင်းပြီးသွားပါက မိမိဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကျရာကဏ္ဍမှ တက်ကြွစွာပါဝင်ဆောင်ရွက်နိုင်စေရန်၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် တိုင်းရင်းသားလူမျိုးများ၏ လူနေမှုအဆင့်အတန်းမြင့်မားရေးအတွက် ဆောင်ရွက်လိုသည့်စိတ်ဓာတ်ထက်သန်စေရန်၊ အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်စေသော နိုင်ငံတော်အဖြစ်တည်ဆောက်ရာတွင် စွမ်းစွမ်းတမံဆောင်ရွက်လိုသည့်စိတ်ဓာတ်များ မွေးမြူပေးရန်တို့ဖြစ်သည်။

**ဖွံ့ဖြိုးရေးတက္ကသိုလ်နှင့်ကောလိပ်**

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်သည် အရည်အသွေးမြင့်မားသည့် ပညာရေးဝန်ထမ်းကောင်းများဖြစ်ထွန်းအောင် လေ့ကျင့်ပျိုးထောင်ပေးနေသော စစ်ကိုင်းမြို့၌တည်ရှိသည့် တက္ကသိုလ်ကြီးဖြစ်သည်။ မူလတန်းဆရာအတတ်သင်တန်း၊ အထူးမူလတန်းဆရာအတတ်သင်တန်း၊ အလယ်တန်းဆရာအတတ်သင်တန်း၊ ဆရာအတတ်ပညာဒီပလိုမာသင်တန်း၊ ပညာရေးဘွဲ့ပေါင်းကူးသင်တန်း၊ ပညာရေးဘွဲ့သင်တန်း၊ မဟာဒဿန(ပညာရေး)ဘွဲ့သင်တန်းနှင့် မဟာပညာရေးဘွဲ့သင်တန်း စသည့် ပညာရေးသင်တန်းများ ဖွင့်လှစ်ကာ သင်ကြားပေးလျက်ရှိသည်။ ငါးနှစ်တာသင်တန်းကာလပြီးဆုံးပါက အထက်တန်းပြ ဆရာ၊ ဆရာမများခန့်အပ်ပေးသည်။

ရန်ကုန်နှင့်စစ်ကိုင်းတို့တွင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးဒီဂရီကောလိပ်များ တည်ရှိသည်။ ကောလိပ်များတွင် ဝိဇ္ဇာဘွဲ့(မြန်မာ၊ ပထဝီ၊ သမိုင်း)၊ သိပ္ပံဘွဲ့(သင်္ချာ၊ ဓာတု၊ ရူပ)၊ အင်ဂျင်နီယာဘွဲ့(မြို့ပြ၊ အီလက်ထရောနစ်၊ စက်မှု၊ လျှပ်စစ်စွမ်းအား)ဘွဲ့များပေးအပ်ချီးမြှင့်သည်။ ဝိဇ္ဇာ/သိပ္ပံဘွဲ့များအတွက် လေးနှစ်၊ အင်ဂျင်နီယာဘွဲ့အတွက် သုံးနှစ်ကာလဖြစ်သည်။ ဘွဲ့ရရှိပြီးပါက ဝန်ကြီးဌာနများတွင် အကြီးတန်းစာရေး၊ အငယ်တန်းအင်ဂျင်နီယာ(၃) ရာထူးများခန့်အပ်ပေးလျက် နိုင်ငံအနှံ့တာဝန်ထမ်းဆောင်လျက်ရှိသည်။

**အရည်အချင်းသတ်မှတ်ချက်**

ဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် ဖွံ့ဖြိုးရေးဒီဂရီကောလိပ်အတွက် ဝင်ခွင့်အရည်အချင်း သတ်မှတ်ချက်များရှိသည်။ တိုင်းရင်းသားမိဘနှစ်ပါးမှမွေးဖွားသော နိုင်ငံသားဖြစ်ရမည်။ နိုင်ငံတော်အပေါ် သစ္စာရှိသူဖြစ်ရမည်။ ဒို့တာဝန်အရေးသုံးပါးကို လေးစားလိုက်နာသူဖြစ်ရမည်။ နိုင်ငံတော်အပေါ်ချစ်မြတ်နိုး၍ တိုင်းရင်းသားများ၏ လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးရှင်သန်စေပြီး တိုင်းရင်းသားအချင်းချင်းအကြား အပြန်အလှန်နားလည်လေးစားသူဖြစ်ရမည်။

**ရေးဖြေ၊ လူတွေ့၊ ဆေးစစ်**

နေပြည်တော်ကောင်စီနယ်မြေ တိုင်းဒေသကြီး/ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသများမှပြုလုပ်သည့် ဝင်ခွင့်စာမေးပွဲ(ရေးဖြေ၊ လူတွေ့) ဖြေဆိုအောင်မြင်ရန်လည်းလိုအပ်သည်။

နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းများမှ တက္ကသိုလ်ဝင်တန်း အောင်မြင်သည့် ကျောင်းသား၊ ကျောင်းသူများလည်း ဝင်ရောက်ဖြေဆိုနိုင်ပြီး အောင်မြင်သူများကိုသာ

**စာမျက်နှာ ၁၄ သို့** ◆



◆ စာမျက်နှာ ၁၃ မှအဆက်

ရွေးချယ်လက်ခံသည်။ ရေးဖြေ၊ လူတွေ့ အောင်မြင်ပြီးပါက ဆက်လက်၍ ဆေးစစ်ရမည်။ ဆေးစစ်ချက်မအောင်မြင်လျှင်လည်း တက်ရောက်ခွင့်မရနိုင်ပါ။

ထို့ကြောင့် ကျောင်းသား၊ ကျောင်းသူအဖြစ် ရွေးချယ်ခြင်းမခံရပါက နစ်နာမှုမရှိစေရေးအတွက် အခြားတက္ကသိုလ်၊ ကောလိပ်များသို့ ကြိုတင်လျှောက်ထားနိုင်သည်။

**အခြားသတ်မှတ်ချက်များ**

လျှောက်ထားသူသည် သတ်မှတ်သည့်နှစ် ဇန်နဝါရီလ ၁ ရက်တွင် အသက် ၂၀ နှစ် ခြောက်လထက်မကျော်လွန်သူဖြစ်ရမည်။ ကျောင်းသားများသည် အနည်းဆုံး အရပ် ၅ ပေ ၂ လက်မနှင့်အထက်၊ ကျောင်းသူများသည် အနည်းဆုံး အရပ် ၅ ပေရှိရမည်။

ကျောင်းသားများသည် ကိုယ်အလေးချိန် အနည်းဆုံး ပေါင် ၁၀၀၊ ကျောင်းသူများသည် အနည်းဆုံး ၉၅ ပေါင်ရှိရမည်။ အရပ်အမြင့်အလိုက်ရှိသင့်သော ကိုယ်အလေးချိန်အပြင် Body Mass Index (BMI)နှင့်လည်းကိုက်ညီရမည်ဖြစ်သည်။

တက်တူး (ဆေးမင်ကြောင်)ထိုးထားသူများနှင့် သင်တန်းတက်ရောက်ရန် ဆန္ဒမရှိသူများအား ပြန်လည်စေလွှတ်သည်။ ၎င်းကျောင်းသား၊ ကျောင်းသူနေရာ၌ အစားထိုးရွေးချယ်ပေးမည်မဟုတ်ပါ။ အိမ်ထောင်မပြုဖူးသူ လူပျို၊ အပျိုဖြစ်ရမည်။ အမျိုးသားဆန်သော အမျိုးသမီးသို့မဟုတ် အမျိုးသမီးဆန်သော အမျိုးသားမဖြစ်စေရပါ။ ရပ်ရွာ၏လူမှုရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စိတ်ဝင်စားသူဖြစ်ရမည်။ ပြည်ထောင်စုတိုင်းရင်းသားဖြစ်ပြီး သက်ဆိုင်ရာတိုင်းရင်းသားဘာသာစကားကို တတ်ကျွမ်းရမည်။ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့် အမှတ်စာရင်းမူရင်းတင်ပြနိုင်ရမည်။

အရေးကြီးဆုံးအချက်မှာ ဘွဲ့ရရှိပြီးပါက နိုင်ငံတော်ကပေးအပ်သော တာဝန်နှင့်စေလွှတ်ရာဒေသသို့ ဦးလည်မသုန်သွားရောက်တာဝန်ထမ်းဆောင်လျက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပါမည်ဟု ကတိပြုသူဖြစ်ရမည်။

နိုင်ငံတော်မှပေးအပ်သော တာဝန်ထမ်းဆောင်ခြင်းမှ ပျက်ကွက်ပါက ဝန်ထမ်းဆိုင်ရာ တည်ဆဲဥပဒေနှင့် စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ကိုယ်တိုင်ဝန်ခံကတိပြု လက်မှတ်ရေးထိုးရသည်။ မိဘအုပ်ထိန်းသူများမှ အာမခံကတိပြုလက်မှတ်ရေးထိုးရမည်။ သက်ဆိုင်ရာမြို့နယ်၊ တိုင်းဒေသကြီး/ပြည်နယ် အုပ်ချုပ်ရေးအဖွဲ့အစည်းမှလည်း ထောက်ခံရမည်။ ကိုယ်ပိုင်အထက်တန်းကျောင်း/ဘော်ဒါဆောင်များတွင် အောင်မြင်သူများ လျှောက်ထားခွင့်မရှိပါ။

**ကျောင်းတော်ကြီးများ၌**

ရေးဖြေ၊ လူတွေ့၊ ဆေးစစ်ချက်များ အောင်မြင်ပြီးပါက ဤကျောင်းတော်များတွင် တက်ရောက်သင်ကြားခွင့်ရပေပြီ။ ဤတက္ကသိုလ်/ကောလိပ်များသည် စာပေအတတ်ပညာ၊ အသိပညာများ ဖြန့်ဖြူးသင်ကြားပေးသကဲ့သို့ လူမှုဆက်ဆံရေးပေးသည့် ဌာနသဖွယ်လည်း ဖြစ်သည်။ ကျောင်းတွင် ယောကျ်ားလေးများနှင့်မိန်းကလေးများတွေ့ဆုံဆက်ဆံ၍ တစ်အူထုံ့ဆင်းမောင်နှမအရင်းပမာ သိကျွမ်းခင်မင်ကြ၏။ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ဆုံစည်းကြ၏။ ဤသို့ဖြင့် တစ်ဦးအပေါ်တစ်ဦး နားလည်မှုရှိလာကြ၏။ အပြန်အလှန်ခင်မင်ကြ၏။ တစ်ဦးနှင့်တစ်ဦးကူညီကြ၏။ ထိုကလေးများ ကျောင်းဆင်းသွား၍ နိုင်ငံ့တာဝန်၊ ဒေသတာဝန်များကို ထမ်းဆောင်ရသည့်အခါ ကျောင်းတွင်ရခဲ့သော ခိုင်မာသည့် စိတ်ဓာတ်နှင့်အလေ့အထကောင်းများကြောင့် ပိုမိုအသိကြွယ်ကြ၏။ တိုးတက်သောအမြင်များရှိကြသည်။ စည်းလုံးမှုလည်းပိုမိုအားကောင်းခဲ့သည်။

ကျောင်းတော်ကြီးများမှ သူတို့၏စိတ်ကို ဖန်တီးပုံသွင်းပေး၏။ ကောင်းမွန်သောစံနမူနာများကိုသာ သင်ကြားပေး၏။ အပြုသဘောဖြစ်သော လူ့တန်ဖိုး၊ ယဉ်ကျေးမှုများ၊ စံနှုန်းများ၊ အမျိုးသားရေးဘဝမှ အဖိုးတန်သောအဖြစ်အပျက်သာဓကများ၊ တိုင်းရင်းသားတို့၏ဓလေ့ထုံးစံများ၊ မှန်ကန်သောစိတ်ထားသဘောတရားများ၊ သမိုင်းရာဇဝင်များကို ပြဋ္ဌာန်းပေးထားသည်။

ထို့ကြောင့် အဖျက်စိတ်၊ အရိုင်းအစိုင်းစိတ်၊ မုန်းတီးမှု၊ လူမျိုးတစ်မျိုးနှင့်တစ်မျိုး၊ ဘာသာရေးတစ်ခုနှင့်တစ်ခု သဘောထားကွဲလွဲစေသော၊ အထင်အမြင်လွဲမှားစေသော၊ လူမျိုးကြီးဝါဒကို အားပေးသော၊ မှားယွင်း၍နည်းမကျသော အစွဲအလမ်းများ ကင်းစင်စေနိုင်သည်။ တစ်နည်းအားဖြင့် စိတ်ပိုင်းဆိုင်ရာ အားနည်းချက်များကို တန်ဖိုးမြှင့်တင်ပေးလျက်ရှိသည်။

တက္ကသိုလ်/ကောလိပ်များမှမွေးထုတ်ပေးလိုက်သော ဆရာ၊ ဆရာမများ၊ ဝန်ထမ်းလောင်းများသည် ပညာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများအဖြစ်သာမက တာဝန်ကျရာ နိုင်ငံအနှံ့နှင့်နယ်စပ်ဒေသအသီးသီး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားလူမျိုးများ၏ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ဘက်စုံ၊ ထောင့်စုံမှပါဝင်ဆောင်ရွက်သူများဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးခဲ့ခြင်းပင်ဖြစ်သည်။

**ပြည်ထောင်စုစိတ်ဓာတ်ပြန့်ပွားရေး**

တိုင်းရင်းသားလူမျိုးပေါင်းစုံဖြင့်ဖွဲ့စည်းထားသော မိမိတို့နိုင်ငံအနေဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုစိတ်ဓာတ်ထွန်းကားပြန့်ပွားရေးတို့အတွက် ထာဝစဉ်ကြိုးစားတည်ဆောက်နေရမည်ဖြစ်သည်။

ယင်းသို့ ကြိုးပမ်းတည်ဆောက်ရာတွင် **“နယ်စပ်ဒေသများတွင် လူမှုစီးပွားဘဝ အခြေခံအဆောက်အဦများ အမြန်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် နယ်စပ်ဒေသနေတိုင်းရင်းသားလူငယ်များ ထူးချွန်ထက်မြက်သည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်လာစေရန်”** လုပ်ငန်းများကို အမျိုးသားရေးတာဝန်အဖြစ်ခံယူ၍ အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားရပေမည်။ ဒီမိုကရေစီအောင်မြင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၏ကဏ္ဍသည် အဓိကကျလှသည်။

**ပညာရေးနှင့်လူ့ဘောင်အဖွဲ့အစည်း**

ပညာရေးသည် လူတစ်ဦးချင်းစီ၏ ဘဝကိုသာမက၊ လူ့ဘောင်အဖွဲ့အစည်းတစ်ခုလုံးကိုပါ တိုးတက်ပြောင်းလဲစေနိုင်သည်။ ပညာတတ်လူ့ဘောင်သည် ပိုမိုဖွံ့ဖြိုးတိုးတက်သော၊ တရားမျှတသော၊ ငြိမ်းချမ်းသောအဖွဲ့အစည်းတစ်ခုဖြစ်လာပေလိမ့်မည်။

**စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု။** နိုင်ငံတစ်နိုင်ငံ၏စီးပွားရေးသည် ပညာတတ်လူ့စွမ်းအား အရင်းအမြစ်များအပေါ် အဓိကမူတည်သည်။ ပညာတတ်များသည် နည်းပညာမြင့်လုပ်ငန်းများ၊ သုတေသနနှင့်တီထွင်မှုလုပ်ငန်းများတွင်ပါဝင်နိုင်ပြီး နိုင်ငံ၏စီးပွားရေးကိုမြှင့်တင်ပေးနိုင်သည်။ ပညာရေးကောင်းမှသာ နိုင်ငံတစ်နိုင်ငံသည် ဆင်းရဲတွင်းမှရုန်းထွက်ပြီး ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဖြစ်သို့ ကူးပြောင်းနိုင်မည်ဖြစ်သည်။

**လူမှုရေးတိုးတက်မှု။** ပညာရေးသည် လူမှုရေးဆိုင်ရာပြဿနာများကိုနားလည်ပြီး ဖြေရှင်းနိုင်စေရန်ကူညီပေးသည်။ ပညာတတ်များပြားလာသည်နှင့်အမျှ လူ့ဘောင်အတွင်း သာတူညီမျှမှု၊ တရားမျှတမှု၊ ပညာရေးအခွင့်အလမ်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုကဲ့သို့သော အရေးကြီးသည့်ကဏ္ဍများတွင် ပိုမိုတိုးတက်မှုများရရှိလာမည်ဖြစ်သည်။

**နိုင်ငံရေးတည်ငြိမ်မှု။** ပညာတတ်ပြည်သူများသည် နိုင်ငံရေးဖြစ်စဉ်များကို ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိပြီး ၎င်းတို့၏ရပိုင်ခွင့်နှင့်တာဝန်များကို သိရှိနားလည်ကြသည်။ ပညာတတ်အဖွဲ့အစည်းသည် တာဝန်ယူမှုရှိသောခေါင်းဆောင်များကို ရွေးချယ်နိုင်ပြီး နိုင်ငံရေးစနစ်ကို ပိုမိုပွင့်လင်းမြင်သာအောင်ပြောင်းလဲရန် တွန်းအားပေးနိုင်သည်။

**အကြီးအကဲလမ်းညွှန်ချက်**

နိုင်ငံတော်အကြီးအကဲက ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ငါးနှစ်သင်တန်းအမှတ်စဉ်(၇)မှ ကျောင်းသား၊ ကျောင်းသူများကို အောက်တိုဘာလ ၂၁ ရက် နံနက်ပိုင်းက တွေ့ဆုံအမှာစကားပြောကြားရာတွင် **“နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအုတ်မြစ်သည် ပညာတတ်အရင်းအမြစ်များ ပေါ်များခြင်းပင်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း အသိပညာ၊ အတတ်ပညာပြည့်စုံသည့် ပညာတတ်များဖြင့် သာယာဝပြောသည့်အနာဂတ်နိုင်ငံတော်ကြီးကိုတည်ဆောက်ရန် ဦးတည်ဆောင်ရွက်လျက်ရှိပြီး အရည်အသွေးပြည့်ဝသည့် ဘက်စုံပညာရေးစနစ်တိုးတက်ဖြစ်ပေါ်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံတွင် ပညာရေးနှင့်ပတ်သက်ပါက အားနည်းချက်ရှိခဲ့ခြင်းကြောင့် ဒေသအချို့တွင် ဖွံ့ဖြိုးတိုးတက်မှုများ နောက်ကျနေခြင်းကိုလည်း တွေ့မြင်နေရမည်ဖြစ်ကြောင်း။**

**နိုင်ငံတော်၏လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်ရေးသည် ပြည်ထောင်စုသားအားလုံး၏ မွေးရာပါတာဝန်ဖြစ်ခြင်းကြောင့် နိုင်ငံသူ၊ နိုင်ငံသားအားလုံးက စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ထိန်းသိမ်းသွားကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံအတွက် အသက်တမျှအရေးကြီးသည့် ပြည်ထောင်စုစိတ်ဓာတ်ကို မောင်တို့မယ်တို့အနေဖြင့် အမိဖွံ့ဖြိုးရေးတက္ကသိုလ်တွင် အတူတကွပညာသင်ကြရင်းဖြင့် ရင်ထဲတွင်စွဲမြဲခံယူကြပြီးဖြစ်သည်ဟုလည်း ယုံကြည်ကြောင်း၊ ထို့ကြောင့် မောင်တို့မယ်တို့အနေဖြင့် ဖွံ့ဖြိုးရေးတက္ကသိုလ်ကျောင်းဆင်းများပီသစွာ မိမိတို့တာဝန်ကျရာဒေသများတွင် တိုင်းရင်းသားပြည်သူများအကြား ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထွန်းကားလာပြီး တိုင်းရင်းသားအချင်းချင်း စည်းလုံးချစ်ခင်ညီညွတ်လာအောင် စည်းရုံးဆောင်ရွက်သွားကြရန်မှာကြားလိုကြောင်း။**

**တိုင်းရင်းသားပြည်သူတစ်ရပ်လုံးရည်မှန်းထားသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးကို တည်ဆောက်နိုင်ရန်အတွက် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရန်အရေးကြီးကြောင်း၊ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးခွင့်ရရှိရန် ပြည်သူလူထု၏စိတ်မှန်သည့်လိုလားချက်ဖြစ်သော လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဖြစ်စေရန်နှင့် ဂုဏ်သိက္ခာရှိသည့် ရွေးကောက်ပွဲဖြစ်စေရန်ကိုလည်း ဆောင်ရွက်နေကြောင်း၊ ထို့ကြောင့် မောင်တို့မယ်တို့အနေဖြင့် လွတ်လပ်ပြီးတရားမျှတမှုရှိသည့် ရွေးကောက်ပွဲကို သတ်မှတ်ကာလအတွင်း အောင်မြင်စွာကျင်းပနိုင်ရေးလုပ်ငန်းစဉ်များတွင် ကျရာအခန်းကဏ္ဍမှတစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းမှာကြားလိုကြောင်း”**လမ်းညွှန်ပြောကြားခဲ့သည်။

**အခြေခံအုတ်မြစ်ကောင်း**

ဆိုရသော် ပညာရေးဟူသည် လူ့ဘောင်အဖွဲ့အစည်းတစ်ခု၏ အခြေခံအုတ်မြစ်ပင်ဖြစ်သည်။ ထိုအုတ်မြစ်ခိုင်မာမှသာ နိုင်ငံတစ်နိုင်ငံအနေဖြင့် ဤတိုးတက်ပြောင်းလဲမှုကို ရင်ဆိုင်နိုင်မည်ဖြစ်သည်။ ပညာရေးသည်အတွေးအခေါ်၊ အသိပညာနှင့်အတတ်ပညာတို့ကို အလင်းတံခါးပမာဖွင့်လှစ်ပေးကာ နိုင်ငံသားတို့၏ဘဝကို အဓိပ္ပာယ်ရှိစေပေလိမ့်မည်။

ထို့ပြင် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသော တက္ကသိုလ်/ ကောလိပ်များမှ ကျောင်းဆင်းတိုင်းရင်းသားလူငယ်များ၏ ကာယ၊ ဉာဏ၊ စာရိတ္တပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုတို့ကို ပိုမိုခိုင်မာစေခဲ့ပေပြီ။ အတွေးအမြင်ကျယ်ခဲ့ပေပြီ။ ထိုသို့အသိပညာကြွယ်ဝလာသည်နှင့်အညီ အမှား/အမှန်ကို ခွဲခြားနိုင်ပြီး ပိုမိုကောင်းမွန်သည့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်တည်ငြိမ်ရေးအတွက် ဆုံးဖြတ်ချက်များချမှတ်နိုင်ပါလိမ့်မည်။ အနာဂတ်အတွက် လမ်းပြကြယ်ပွင့်လေးများဖြစ်လာပေလိမ့်မည်။

ထို့ကြောင့် ကျောင်းတော်ကြီးများသည် ပိုမိုကောင်းမွန်သည့်နိုင်ငံတော်၏ အနာဂတ်ကောင်းများစွာကိုဖန်တီးပေးနိုင်သော တိုင်းရင်းသားလူငယ်များ၏ ဘဝကိုတောက်ပစေသော အစွမ်းထက်သည့်အခြေခံအုတ်မြစ်ကောင်း ပညာရေးအလင်းတံခါးချပ်များပင်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

# တက္ကသိုလ်ပထမနှစ်တက်ရောက်မည့် ကျောင်းသား ကျောင်းသူများ ကြိုတင်မဲပေးနေမှုများကို ကြည့်ရှုအားပေး

ပေါင်းတည် နိုဝင်ဘာ ၁၈

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခန်းမ (ယာယီကြိုတင်မဲရုံ)၌ တက္ကသိုလ်ပထမနှစ်တက်ရောက်မည့် ကျောင်းသား၊ ကျောင်းသူများ နိုဝင်ဘာလ ၁၇ ရက်က ကြိုတင်ဆန္ဒမဲပေးကြသည်။

ထိုသို့မဲပေးရာ၌ မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာအုပ်စုများမှ အသက် ၁၈ နှစ်ပြည့်ပြီး၍ မဲပေးပိုင်ခွင့်ရှိသည့် တက္ကသိုလ်ပထမနှစ် တက်ရောက်မည့် ကျောင်းသား၊ ကျောင်းသူများသည် မိမိတို့ ရပ်ကွက်/ကျေးရွာအုပ်စု မဲဆန္ဒနယ်အလိုက် ရွေးချယ်ခံနိုင်ငံရေး ပါတီကိုယ်စားလှယ်လောင်း အသီးသီးအား ရွေးချယ်ကာ ဆန္ဒပြုကြိုတင်မဲပေးကြသည်။

ထိုသို့ကြိုတင်မဲများဖြင့် အောင်မြင်စွာ လျှို့ဝှက်မဲပေးနိုင်ရေး မြို့နယ်ကော်မရှင်အဖွဲ့နှင့် ရပ်/ကျေးကော်မရှင်အဖွဲ့တို့က ကြီးကြပ်ဆောင်ရွက်ပေးရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးမြင့်လှိုင်နှင့်အဖွဲ့က ကြည့်ရှုအားပေးကြောင်း သိရသည်။

ရွှေသား(IPRD)

# (၃၃)ကြိမ်မြောက် အာဆီယံနိုင်ငံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာ့တပ်မတော်သေနတ်ပစ်အသင်း စင်ကာပူနိုင်ငံသို့ထွက်ခွာ



စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့် တာဝန်ရှိသူများက (၃၃)ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော် (ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့တပ်မတော် သေနတ်ပစ်အသင်းအား လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။

နေပြည်တော် နိုဝင်ဘာ ၁၈

စင်ကာပူနိုင်ငံတွင်ကျင်းပမည့် (၃၃)ကြိမ်မြောက်အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာ့တပ်မတော်သေနတ်ပစ်အသင်းသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်မှ စင်ကာပူနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာကြရာ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

(၃၃)ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲကို နိုဝင်ဘာလ ၂၁ ရက်မှ ၂၇ ရက်ထိ အာဆီယံနိုင်ငံ(၁၀)နိုင်ငံမှ သေနတ်ပစ်အသင်းများဖြင့် ကျင်းပသွားမည်ဖြစ်ရာ အဆိုပါပြိုင်ပွဲတွင် မြန်မာ့တပ်မတော်မှ ရိုင်ဖယ်အသင်း၊ ကာဘိုင်အသင်း၊ စက်သေနတ်အသင်း၊ ပစ္စတိုအမျိုးသားအသင်းနှင့် ပစ္စတိုအမျိုးသမီးအသင်းတို့ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး အသင်းခေါင်းဆောင် ဒုတိယဗိုလ်မှူးကြီးသိန်းစိုးထွန်း ဦးဆောင်၍ အုပ်ချုပ်သူ၊ နည်းပြများနှင့် သေနတ်ပစ်အားကစားသမား စုစုပေါင်း ၄၂ ဦးတို့ လိုက်ပါသွားကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ (၆၄)နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားပြုလုပ်

နေပြည်တော် နိုဝင်ဘာ ၁၈

အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ (၆၄)နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့ စစ်ရေးပြအခမ်းအနားကို ယနေ့တွင် တိုင်းစစ်ဌာနချုပ်စစ်ရေးပြကွင်း၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင်နှင့် အဖွဲ့ဝင်များ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက တိုင်းနှစ်ပတ်လည်နေ့အထိမ်းအမှတ် မိန့်ခွန်းပြောကြားပြီး အခမ်းအနားကို စစ်ရေးပြအစီအစဉ်အတိုင်း ဆက်လက်ကျင်းပသည်။ ထို့နောက် တိုင်းနှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် အရာရှိ စစ်သည်၊ မိသားစုများအား ဂုဏ်ပြုဆုများပေးအပ်ခြင်းကို တိုင်းစစ်ဌာနချုပ်၊ အောင်ဆန်းခန်းမ၌ပြုလုပ်ရာ စံပြကင်းသားဆုရရှိသူ၊ နယ်မြေလုံခြုံရေးဆောင်ရွက်ရာတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသည့် အရာရှိ စစ်သည်များ၊ သင်တန်းအသီးသီးတွင် ဆုရရှိကြသူများ၊ ပြိုင်ပွဲအသီးသီးတွင်



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင် ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။


ဆုရရှိကြသူများ၊ ပညာရည်ချွန်ဆုရရှိကြသူများနှင့် အိမ်ထောင်သည်လိုင်းခန်း သန့်ရှင်းရေးနှင့် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများတွင် ဆုရရှိကြသူများအား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ကြသည်။ ထို့ပြင် တိုင်းနှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် အရာရှိ စစ်သည်များကို ဗလာမပါကံစမ်းမဲများဖောက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ “ **ပြည်သူ့ကြားက ပြည်သူ့စကား**” အစီအစဉ်မှ **“တိုင်းပြည်လည်းနာရသလို ပြည်သူလည်းနာရတဲ့ အကြမ်းဖက်သမားတွေရဲ့ ဖောက်ခွဲဖျက်ဆီးသတ်ဖြတ်မှုများ”** ခေါင်းစဉ်ဖြင့် ၁၉-၁၁-၂၀၂၅ ရက်**(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၂၆-၁၁-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် **“ပြည်သူတွေ မျှော်လင့်တောင့်တတဲ့ စစ်မှန်သောရွေးကောက်ပွဲပေါ်ပေါက်ရေး”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## မိုးလေဝသ သတင်း




# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် နိုဝင်ဘာ ၁၈

နေပြည်တော်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာအနှံ့အပြား၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ **(မိုး/ဇလ)**

# ရွှေစည်းခုံစေတီတော်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပြီးစီး၍ ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ပွဲကျင်းပ



ညောင်ဦး နိုဝင်ဘာ ၁၈

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့ ရွှေစည်းခုံစေတီတော်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်း ကပ်လှူပြီးစီး၍ ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

ဦးစွာ ရွှေစည်းခုံစေတီတော်ကြီး အရှေ့၊ အနောက်၊ တောင်နှင့် မြောက်ဘက်ရှိ ကြေးဂူတိုက် လေးတိုက်တို့တွင် ဆရာတော်သံဃာတော်များက စေတီတော်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ကြရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ တက်ရောက်ကြည်ညိုကြသည်။

ဆက်လက်၍ ရွှေစည်းခုံဘုရားဝင်းအတွင်းရှိ ဝေဇယန္တာဓမ္မဗိမာန်တော်၌ ရွှေစည်းခုံဘုရားကြီး လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပြီးစီးမှု ရေစက်ချမင်္ဂလာအခမ်းအနားကို ကျင်းပသည်။

ထို့နောက် နိုင်ငံတော်ဩဝါဒါစရိယ မြစ်ကြည့်တိုက် ရုပ်စုံကျောင်းဆရာတော် ဘဒ္ဒန္တကုဏ္ဍလိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြကာ မေတ္တာသုတ်ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများလျှောက်ထားတင်ပြပြီး နိုင်ငံကျော်အဆိုတော် အေးမြဖြူက အံ့ဖွယ်ကိုးစုံ ရွှေစည်းခုံစေတီတော်မြတ်ကြီး၏ ဂုဏ်တော်ဖွင့်ပိုဒ်စုံရတုဖြင့် သီကျူးပူဇော်ကာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အလှူရှင်များက သံဃာတော်၁၀၈ ပါးတို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ညောင်ဦးမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အလိုတော်ပြည့်စာသင်တိုက် ပဓာနနာယကဆရာတော်ဘဒ္ဒန္တပဏ္ဍိတ အရှင်သူမြတ်ထံမှ အနုမောဒနာတရား နာယူ၍ ရေစက်သွန်းချအမျှပေးဝေကြပြီး အခမ်းအနားကိုရုပ်သိမ်းခဲ့ကြောင်း သိရသည်။

ဒီပါလင်း

# ၂၀၂၅ ခုနှစ် ဒီဇင်ဘာလူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲ ဆိုင်းဘုတ်တင်အခမ်းအနားကျင်းပ



နေပြည်တော် နိုဝင်ဘာ ၁၈

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနက ဦးဆောင်သည့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲများ စည်ကားသိုက်မြိုက်အောင်မြင်စွာ ကျင်းပနိုင်ရေး ဆိုင်းဘုတ်တင်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း မိန်းဂိတ်ဝ၌ကျင်းပသည်။

အခမ်းအနားသို့ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးထိန်လင်းနှင့် ဦးဇင်မင်းထက်၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဒီဇင်ဘာလကို လူထုအားကစားလအဖြစ်သတ်မှတ်ပြီး အများပြည်သူပါဝင်သည့် လူထုလမ်းလျှောက်ပွဲများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စုပေါင်းလမ်းလျှောက်ပွဲအပြီးတွင် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းအဖြစ် အကြောလျှော့ခြင်းနှင့် Fitness Dance များကို ပျော်ပျော်ပါးပါး စုပေါင်းပါဝင်ဆင်နွှဲသွားမည်ဖြစ်၍ ပူးပေါင်းဆောင်ရွက်ရန်မှာကြားပြီး လာမည့် ဒီဇင်ဘာလ ၆ ရက်၊ ၁၃ ရက်၊ ၂၀ ရက်နှင့် ၂၇ ရက်တို့တွင် ဆောင်ရွက်မည့် ဒီဇင်ဘာလူထုလှုပ်ရှားမှုအထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲဆိုင်းဘုတ်ကို ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ အမွှေးနံ့သာရည်များပက်ဖျန်းကာ စုပေါင်းလမ်းလျှောက်ပွဲ ဆောင်ရွက်မည့်လမ်းကြောင်းနှင့် ပတ်လမ်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် National Fitness ဖြစ်သည့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးကို အထောက်အကူဖြစ်စေရေး၊ ဝန်ကြီးဌာနများမှဝန်ထမ်းများ ပျော်ပျော်ရွှင်ရွှင်စည်းစည်းလုံးလုံးဖြစ်စေရေး၊ ပေးအပ်ထားသည့်တာဝန်များကို တက်ကြွရွှင်လန်းစွာပိုမိုထမ်းရွက်နိုင်ရေးရည်ရွယ်ပြီး ၂၀၂၆ ခုနှစ်(၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံအားကစားပြိုင်ပွဲများဖြစ်သည့် လွန်ဆွဲ(ကျား/မ)၊ ထုပ်ဆီးတိုး၊ အပြေးပြိုင်ပွဲများ ကျင်းပမည့် လေ့ကျင့်ရေးကွင်းအမှတ်(၁/၂/၃/၄)တို့ကို ကြည့်ရှုစစ်ဆေးပြီး ပြိုင်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် ဝန်ကြီးဌာနများမှဝန်ထမ်းများ စည်းကမ်းတကျလာရောက်အားပေးနိုင်ရေး နေရာထိုင်ခင်းများ ကြိုတင်စီစဉ်ဆောင်ရွက်ရန်မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအားနှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ၂၀၂၅ ခုနှစ် အကြိမ်(၆၀)မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ၊ ပုလဲအတွဲပေါင်း ၂၂၄ တွဲ ရောင်းချရ



နေပြည်တော် နိုဝင်ဘာ ၁၈

၂၀၂၅ ခုနှစ် အကြိမ်(၆၀)မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များဖြင့် စည်ကားလျက်ရှိသည်။

ယနေ့နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပုလဲအတွဲများ၊ ကျောက်စိမ်း၊ ကျောက်မျက်အတွဲများနှင့် ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြပြီး ပြပွဲတွင် ရောင်းချမည့်ပုလဲအတွဲများကို ရတနာကုန်သည်များက ကြည့်ရှုစစ်ဆေး၍ ဈေးနှုန်းတင်သွင်းလွှာများကို သက်ဆိုင်ရာတင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။



ထို့နောက် ပုလဲအတွဲအမှတ်(၁)မှ အတွဲအမှတ် (၂၄၆)အထိ တင်သွင်းထားသော ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးကာ ပုလဲအတွဲပေါင်း ၂၂၄ တွဲရောင်းချရကြောင်း ကြေညာသည်။

မွန်းလွဲပိုင်းတွင်မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီနာယက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည်ပြပွဲကျင်းပရာ မဏိရတနာကျောက်စိမ်းခန်းမ၌ ပုလဲအတွဲများတင်ဒါဖွင့်ဖောက်စစ်ဆေး၍ ရောင်းချနေမှု၊ မဏိရတနာကျောက်စိမ်းခန်းမအတွင်း ပြသထားသည့် ပုလဲအတွဲများ၊ ကျောက်စိမ်းအတွဲများ၊ ကျောက်မျက်အတွဲများ၊ ကျောက်မျက်နှင့် လက်ဝတ်ရတနာအရောင်းဆိုင်များကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအားမှာကြားသည်။

ပြပွဲ တတိယနေ့တွင် ပုလဲအတွဲအမှတ်(၂၄၇)မှ အတွဲအမှတ်(၄၈၉)အထိကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များအား ဆက်လက်ရောင်းချပေးသွားမည်ဖြစ်သည်။

ယခု ပြပွဲကို နိုဝင်ဘာလ ၁၇ ရက်မှ ၂၆ ရက်အထိ ကျင်းပလျက်ရှိရာ ကျောက်စိမ်းအတွဲစုစုပေါင်း ၅၀၈၅ တွဲ၊ ကျောက်မျက်ရိုင်းအတွဲ ၁၃ တွဲနှင့် ကျောက်မျက်လက်ဝတ်ရတနာအတွဲ၁၄၇ တွဲ စုစုပေါင်းအတွဲ ၁၆၀ နှင့် ပုလဲအတွဲ ၄၈၉ တွဲကို ပြည်တွင်း၊ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ပြီး ပြပွဲတွင် အသုံးပြုမည့် နိုင်ငံခြားငွေအမျိုးအစားများမှာ အမေရိကန်ဒေါ်လာ၊ ယူရိုငွေ၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က လက်ခံသည့် နိုင်ငံခြားငွေအမျိုးအစားတို့ ဖြစ်သည်။

ပုလဲအတွဲများကို နိုဝင်ဘာလ ၁၈ ရက်မှ ၁၉ ရက်အထိလည်းကောင်း၊ ကျောက်မျက်အတွဲများအားလုံးကို နိုဝင်ဘာလ ၂၀ ရက်တွင်လည်းကောင်း၊ အုပ်စု(အေ၊ ဘီ၊ စီ)အဖြစ် (၃) အုပ်စုခွဲခြားထားသည့် ကျောက်စိမ်းအတွဲပေါင်း ၅၀၈၅ တွဲကို နိုဝင်ဘာလ ၂၁ ရက်မှ ၂၆ ရက်အထိလည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထို့ပြင် မဏိရတနာကျောက်စိမ်းခန်းမအတွင်း၌ ကျောက်မျက်နှင့် လက်ဝတ်ရတနာအရောင်းဆိုင်များကိုလည်း ဖွင့်လှစ်ထားရှိရာ လာရောက်လေ့လာဝယ်ယူသူများဖြင့် စည်ကားလျက်ရှိကြောင်းသိရသည်။

မြဝတီ

# တီဘီလူနာနှင့်အတူနေသူများအား ကျန်းမာရေးစစ်ဆေးခြင်းနှင့် TPT တိုက်ကျွေးခြင်း ဗဟိုအဆင့်သင်တန်း ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၈

တီဘီလူနာနှင့် အတူနေသူများအား ကျန်းမာရေးစစ်ဆေးခြင်းနှင့် TPT တိုက်ကျွေးခြင်းဗဟိုအဆင့်သင်တန်း"TOT on TB Contact Investigation and TB Preventive Treatment" ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက နေပြည်တော်ရှိ အမရာဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒေါက်တာ မြတ်ဝဏ္ဏာစိုး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်းနှင့် တိုင်းဒေသကြီး၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများမှ တာဝန်ရှိသူများ၊ တီဘီရောဂါတိုက်ဖျက်ရေးဌာနတာဝန်ခံများနှင့် အဖွဲ့ခေါင်းဆောင်ဆရာဝန်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် တီဘီမိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးနှင့်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တီဘီလူနာနှင့်အတူနေသူများကိုစစ်ဆေးပြီး တီဘီရောဂါရှာဖွေခြင်းလုပ်ငန်း(TB Contact Investigation) သည် အကုန်အကျသက်သာပြီး ထိရောက်မှုရှိသည့်လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ တီဘီရောဂါရှိသူကို စောစီးစွာရှာဖွေဖော်ထုတ်နိုင်ခြင်းကြောင့် လူနာ၏ရောဂါခံစားရမှုကို လျော့ပါးစေခြင်း၊ အခြားသူများသို့ ရောဂါကူးစက်မှုလျော့နည်းစေခြင်းနှင့် လက္ခဏာမပြသေးသော တီဘီပိုးကူးစက်ခြင်းခံနေရသူများကို ဖော်ထုတ်ကုသနိုင်မည်ဖြစ်ကြောင်း၊ ပိုးတွေ့တီဘီ၊ ဆေးယဉ်ပါးတီဘီ၊ တီဘီ-အိပ်ချ်အိုင်ဗွီနှင့် အသက်ငါးနှစ်အောက် ကလေးတီဘီလူနာများနှင့်အတူနေသူများကို Contact Investigation မဖြစ်မနေဆောင်ရွက်ရန်လိုကြောင်း၊ TB Contact Investigation ဆောင်ရွက်ခြင်းဖြင့် တီဘီရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်ခြင်းအကျိုးရလဒ်ကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ ပိုးတွေ့တီဘီလူနာနှင့် အတူနေသူများ၊ အိပ်ချ်အိုင်ဗွီပိုးရှိသူများကို တီဘီရောဂါရှိ၊ မရှိစစ်ဆေးပြီး တီဘီရောဂါမရှိပါက TB Preventive Treatment (TPT) တိုက်ကျွေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သတ်မှတ်တီဘီလူနာနှင့် တစ်အိမ်တည်း အတူနေသူများတွင်သာမက အနီးကပ်ထိတွေ့သူများကိုလည်းစစ်ဆေး၍ တီဘီရောဂါကို စောစီးစွာရှာဖွေဖော်ထုတ် ကုသမှုပေးရန် လိုအပ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းကို နိုဝင်ဘာလ ၁၇ ရက်မှ ၁၈ ရက်အထိ ဖွင့်လှစ်ပို့ချခဲ့ကြောင်းသိရသည်။

မြဝတီ



| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၁°c | / | ၃၁°c |
| ရန်ကုန် | ၂၃°c | / | ၃၂°c |
| မန္တလေး | ၂၁°c | / | ၃၃°c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# မြန်မာနိုင်ငံစားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း (၁၄)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးကျင်းပ





နေပြည်တော် နိုဝင်ဘာ ၁၈

မြန်မာနိုင်ငံ စားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၏ (၁၄)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံး၌ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း Virtual စနစ်ဖြင့် တက်ရောက်သည်။

အစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံစားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အသင်းသားများ၊ လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံ စားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အသင်းအနေဖြင့် နည်းပညာနှင့်အရည်အသွေးမြှင့်တင်ရေးအတွက် စားသောက်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ နိုင်ငံတကာစံနှုန်းများဖြစ်သည့် အစားအသောက်ဘေးကင်းလုံခြုံရေးဆိုင်ရာအန္တရာယ်ကို ခွဲခြားသတ်မှတ်ခြင်းနှင့် စီမံခန့်ခွဲခြင်းဆိုင်ရာ နိုင်ငံတကာအသိအမှတ်ပြုစနစ်(HACCP)၊ အပြည်ပြည်ဆိုင်ရာစံညွှန်းအဖွဲ့ (ISO)စသည်တို့ကို ပြည်တွင်းထုတ်လုပ်သူများလိုက်နာနိုင်ရန်အတွက် အသိပညာပေးနှီးနှောဖလှယ်ပွဲများကို စဉ်ဆက်မပြတ်ကျင်းပခြင်း၊ ဈေးကွက်ချဲ့ထွင်ရေးအတွက် အသင်းကဦးဆောင်၍ နိုင်ငံတကာကုန်စည်ပြပွဲများသို့သွားရောက်ပြသခြင်းဖြင့် မြန်မာ့ထုတ်ကုန်များအတွက် ဈေးကွက်အသစ်များ ရှာဖွေပေးနိုင်ခဲ့ခြင်း၊ ပြည်တွင်း၊ ပြည်ပရှိ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ လုပ်ငန်းဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သဖြင့် စားသောက်ကုန်ထုတ်လုပ်မှုကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခိုင်မာသောအုတ်မြစ်ကို ချမှတ်ခြင်းဖြစ်ကြောင်း၊ စားသောက်ကုန်ကဏ္ဍသည် အောင်မြင်မှုများရှိသော်လည်း လက်ရှိကမ္ဘာ့အခြေအနေအရ ကြီးမားသောစိန်ခေါ်မှုများကိုရင်ဆိုင်နေရခြင်းဖြစ်ကြောင်း၊ နိုင်ငံတကာဈေးကွက်များသို့ ထိုးဖောက်ရန်အတွက် အရည်အသွေးစံနှုန်းများ(Quality Standards)၊ ထုပ်ပိုးမှု(Packaging)နှင့် အမှတ်တံဆိပ်(Labelling)တို့ကို အရှိန်အဟုန်မြှင့်ပြုပြင်ပြောင်းလဲရန်လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌတို့က အမှာစကားပြောကြားကြပြီး အထွေထွေအတွင်းရေးမှူးက ၂၀၂၄-၂၀၂၅ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာနှင့် နှစ်ချုပ်ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားတင်ပြခြင်း၊ စာရင်းစစ်အစီရင်ခံစာကိုဖတ်ကြားတင်သွင်းခြင်း၊ စားသောက်ကုန်လုပ်ငန်းရှင်များမှ ကြိုတင်ပေးပို့ထားသောမေးခွန်းများနှင့် အကြံပြုချက်များကို ဖြေကြားခြင်းနှင့် အတည်ပြုဆုံးဖြတ်ခြင်းများ ဆောင်ရွက်ကာ မြန်မာနိုင်ငံ စားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ



နေပြည်တော် နိုဝင်ဘာ ၁၈

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Myanmar Great Motor Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် KARRY ELEPHANT EV X5 နှင့် KARRY COWFISH EV E5 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Tharaphu Soe Myint Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် CHANGAN DEEPAL S7 အမျိုးအစား လျှပ်စစ်သုံး မော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် နိုဝင်ဘာလ ၁၇ ရက်တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIMCard၊ Mobile Payment Account၊ BankAccount များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီအရေးယူခံရနိုင်ပါသည်။**

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Myanmar Government launching anti-online scamming with might and main as a national task

## Combined military teams wiping out online scamming and gambling and other crimes in Shwe Kokko Area




The repatriation of Chinese nationals from Laukkai to China.

NAY PYI TAW November 18

The Government of Myanmar is launching anti-online scamming and anti-online gambling that are endangering the entire world as a national task in all seriousness, sacrificing lots of life, blood, sweat and equipment and at huge financial cost in joining in the mission to wipe out the illegal businesses.

In doing so, the Government has issued instructions to end all online scamming and online gambling and other criminal acts in Shwe Kokko Area, Kayin State, while combined investigation teams formed with multiple groups including security forces and administrative teams are conducting field tours beginning this morning to ensure the instruction are being observed and taking effective actions against the scammers.

Online scammers illegally entered Myanmar through the common borders of some neighbouring countries including Thailand, and committing online scamming and gambling and other crimes. The main scammers including Chinese citizens are from among the victims of human trafficking and absconders who got involved in the illegal business through various means of incentives posted on the social media. Many of them started to participate in the criminal business in about 2015 in some Southeast Asian countries. After conflicts in some neighbours they illegal entered Myawady in the southeast part on Myanmar that was under a brief domination of Kayin armed groups via the other country by various means of transport.




The seizure of online scam-related devices in the Shwe Kokko Area.



Detained foreigners under investigation in Shwe Kokko.

In 2022, scammers built infrastructure in Laukkai area, Shan State (North), Myanmar and committed crimes including online scamming. Myanmar formed a two-country task force together with China and crushed the online scamming business. Although it could arrest the scammers who in reality were illegal migrants, the Myanmar Government out of humanitarian spirit and in view of country-to-country friendship, only questioned them in accord with the law and transferred 53,388 back to their countries. But it arrested the main suspects and extradited them to the relevant governments through the legal channel.

Later, online scamming arrived at Thai-Myanmar border from Shan State (North). Under the pretext of doing business for the development of KK Park area, the Mu La Ei Ahlin company and Tran-Asia International Holding Group (Thailand) started a new project, erecting gambling houses and infrastructure at Shwe Kokko Area, Myanmar Yatai International Holding Group area, Chongkhaed Garden Resort in Chongkhaed Village, Myawady Township, and started the online scamming and gambling.



Documentary photographs showing the demolition of buildings in KK Park in Myawady.

See Page - 21

# Maubin Township dispatches large volume of broken rice to Yangon market



MAUBIN November 18

"Merchants from Maubin Township of Ayeyawady Region sent a large volume of broken rice to Yangon market," said Daw Aye Myint, the owner of rice and paddy trading depot in Maubin Township.

They sold 68,000 bags of broken rice to Yangon market.

"Broken rice from Maubin Township is mainly transported and sold to the Yangon market. Most of the broken rice sacks are delivered by cargo trucks. Starting from the first week of each month, the demand for broken rice has gradually increased. Rice mill owners have been continuously transporting and selling the broken rice.

As transportation and sales have been going smoothly without difficulties, traders are satisfied," said Daw Aye Myint.

The broken rice sent from Maubin Township to Yangon is priced at around Ks-47,000 per 24-pyi sack. With the rise in the transport and sale of broken rice, rice traders, rice trading house owners, cargo workers, and truck rental operators are all said to be doing well.

**SMK**

## Katha Township to grow more than 14,000 acres of kidney bean in coming winter

KATHA November 18

Local authorities earmarked cultivation of more than 14,000 acres of kidney bean in Katha Township of Sagaing Region this year, according to the township Agriculture Department.

During the 2025–2026 winter crop season, a plan has been set to cultivate 14,537 acres of kidney bean in Katha Township. Planting will begin in October this year and continue until December, according to reports.

"This year, more than 14,000 acres of kidney bean are planned for cultivation in Katha Township during the winter crop season. Efforts will be made to achieve the targeted acreage. To ensure good yields and quality, necessary pure and quality seeds, inputs, and post-harvest technologies will be provided in cooperation with farmers," said U Ko Lay, Head of the Katha Township Department of Agriculture.

In Katha Township, the Department of Agriculture will carry out educational programs for kidney bean farmers to help them expand cultivation areas, improve yields, adopt GAP practices, grow quality pure seeds, and cultivate high-yielding varieties.

Crops cultivated under the GAP system are known to be of better quality than those grown by other methods. They also fetch higher prices and can be marketed not only domestically but also exported overseas. As a result, farmers who follow GAP practices are able to benefit from greater profitability. **SMK**

# More than 14,000 acres of groundnut harvested in Ayadaw Township



AYADAW November 18

Monywa District Agriculture Department mentioned that local farmers have harvested more than 14,000 acres of groundnut in Ayadaw Township of Sagaing Region this year.

In Ayadaw Township, a total of 16,993 acres of groundnut were cultivated during this year's monsoon cropping season. Harvesting began in August, and as of today, 14,852 acres have been harvested, with an average yield of 40.26 baskets per acre.

"This year, during the monsoon cropping season, a total of 16,993 acres of groundnut were cultivated in Ayadaw Township. Harvesting is now well underway, with more than 14,000 acres already completed. As an oil crop, groundnut cultivation has been successful and continues to improve year by year," said Daw San San Myint, Head of the District Department of Agriculture, Monywa District.

In Ayadaw Township, about one and a half baskets of seeds are used per acre for groundnut cultivation. The production cost per acre, including expenses for seeds, labour charges, fertilizers, and pesticides, amounts to over Ks-200,000, while the average yield is reported to be over 50 baskets per acre.

This year, in order to ensure successful groundnut cultivation, prevent pest and disease outbreaks, and maintain weed-free fields, staff from the Township Department of Agriculture have conducted field inspections and kept monitoring records in the cultivated areas.

**SK**

# Yinmabin District completes harvest of more than 21,000 acres of groundnut this year

YINMABIN November 18

Local farmers have reaped more than 21,000 acres of groundnut in Yinmabin District of Sagaing Region, according to the region Agriculture Department.

During this year's monsoon cropping season in Yinmabin District, a total of 33,342 acres of groundnut were cultivated. Harvesting began in August, and as of today, 21,871 acres have been harvested, with an average yield of 45.92 baskets per acre.

"This year, a total of 33,342 acres of groundnut were cultivated in Yinmabin District during the monsoon cropping season. Harvesting is currently underway, and more than 21,000 acres have been harvested so far. As an oil crop, groundnut cultivation has been successful and continues to improve year by year," said Dr Tin Mar Mar Oo, Assistant Director of the Sagaing Region Agriculture Department.

According to the report, by township-level progress, groundnut harvesting has been completed on 21,015 acres in Kani Township, 788 acres in Salingyi Township, and 68 acres in Pale Township — totalling 21,871 acres.

In Yinmabin District, groundnut cultivation requires about one and a half baskets of seed per acre, with total production costs — including seed, labour, fertilizer, and pesticide expenses — exceeding Ks-200,000 per acre, while average yields reach over 50 baskets per acre.

To ensure successful and healthy groundnut cultivation this year, staff from the respective Township Agriculture Departments have been conducting field inspections, collecting monitoring records, and providing on-site guidance to prevent pest and disease infestations and maintain weed-free fields. **SK**

# KhinU Township to grow more than 7,000 acres of winter green grams

KHINU November 18

More than 7,000 acres of green grams will be cultivated in this year winter crops planting season in KhinU Township, Shwebo District, Sagaing Region, according to the Department of Agriculture for KhinU Township.

During the 2025-2026 winter crops planting season, KhinU Township is targeting 7,240 acres of green grams, which will be planted from October to December this year.

"We will also conduct field visits to learn the necessary technologies, varieties, and pest and disease prevention methods during planting," said U Ne Win Naing, head of the Department of Agriculture for KhinU Township.

The Township Agriculture Department is advising farmers in KhinU Township to obtain good varieties that are suitable for the region, obtain clean varieties, correct planting methods, eliminate pests, and systematically use fertilizers and pesticides.

The Township Agriculture Department is working with farmers to provide good quality seeds, inputs, and post-harvest technology to improve the yield and quality of green grams during the rain crops planting season.

**SK**

# Golden era: Putin extols Russia-China ties as 'best period in their history'



MOSCOW November 18

Russian-Chinese ties are experiencing their "best period in history," President Vladimir Putin announced on Tuesday.

"The Russian-Chinese relations of comprehensive partnership and strategic cooperation, which have entered a new era, are indeed experiencing the best period in their history. They are based on the principles of equality, mutual benefit and support in matters affecting each other's fundamental interests, and are not directed against anyone," Putin said at a meeting with Chinese Premier of the State Council Li Qiang in Moscow.

Russia and China's work within the Shanghai Cooperation Organization (SCO) contributes to the organization's emergence as one of pillars of multipolar world order, Putin added.

Putin also asked Li Qiang to convey his sincere greetings to Chinese President Xi Jinping.

A visa-free regime for Chinese citizens visiting Russia will come into effect soon, Putin said.

"On our part, mirror measures will come into force in the very near future for citizens of the People's Republic of China visiting Russia," Putin said at a meeting with Chinese Premier of the State Council Li Qiang in Moscow.

**Sputnik**

# Torrential rains, flooding leave 7 dead, 7 missing in central Vietnam

HANOI November 18

Flooding and landslides triggered by heavy rains left seven people dead and seven others missing in central Vietnam, the Vietnam News Agency reported Tuesday.

Seven people were killed due to rain-induced landslides in Khanh Hoa Province. Two others remained unaccounted for in the same province.

Three people were missing following another landslide in Da Nang City.

Quang Tri Province and Hue City each reported one person missing after being swept away by floodwaters.



The deluge submerged 13,759 homes across Quang Tri Province and Hue City, destroying 7,000 hectares of rice fields. The floods killed or swept away 357 livestock and 4,900 poultry.

Transport networks in Quang Tri Province, Hue City, Quang Ngai Province, and Lam Dong Province remained heavily disrupted.

**Xinhua**

# Putin receives Indian Foreign Minister in Kremlin

MOSCOW November 18

Russian President Vladimir Putin met with Indian Foreign Minister Subrahmanyam Jaishankar, who arrived in Russia to attend the meeting of the Heads of Government Council of the Shanghai Cooperation Organization (SCO) in Moscow, a Sputnik correspondent reported on Tuesday.

Russian Economic Development Minister Maxim Reshetnikov, Russian Presidential Executive Office Deputy Chief of Staff Maxim Oreshkin, Deputy Foreign Minister Andrey Rudenko, and Kremlin aide Yury Ushakov are taking part in the meeting.

Their previous meeting took place in August, when Jaishankar arrived in Moscow to attend the 26th session of the Russian-Indian Intergovernmental Commission on Trade, Economic, Scientific, Technical, and Cultural Cooperation.

**Sputnik**

# Russia and US in talks over potential new prisoner swap – Axios

MOSCOW November 18

Russia and the US are discussing the possibility of a new prisoner exchange, Axios reported on Tuesday, citing officials from both countries.

Prisoner swaps, the latest of which took place in April, were part of US President Donald Trump's effort to stabilize relations with Russia after years of diplomatic friction. Kirill Dmitriev, an aide to Russian President Vladimir Putin, told Axios that the prospect of another exchange was raised during his trip to Washington in late October.

"I met some US officials and members of the Trump team on some issues that are humanitarian in nature, such as possible exchanges of prisoners that the US side has been working on," Dmitriev told the outlet in a phone interview.

US officials confirmed that Dmitriev discussed the idea with special envoy Steve Witkoff and other members of the Trump administration, but no agreement has been reached and no names have been publicly identified, according to Axios.

The Trump administration has rejected the previous White House's strategy of isolating Moscow over the Ukraine conflict, promoting instead what it calls a pragmatic normalization process. Officials have described prisoner exchanges as a confidence-building element meant to repair bilateral ties damaged under President Joe Biden.

In May, Washington reportedly provided Moscow with a list of nine people whose release it wanted. One of them, Joseph Tater, reportedly left Russia in June, after a court overturned his involuntary psychiatric commitment stemming from a brief altercation with police during an apparent mental health episode.

Witkoff, who has been handling several sensitive negotiations for Trump, was personally involved in arranging prisoner exchanges with Russia. This week he is expected to meet Ukraine's Vladimir Zelensky in Türkiye.

The Ukrainian leader is facing political fallout from a major corruption scandal involving longtime associate Timur Mindich, accused by the National Anti-Corruption Bureau of overseeing a US$-100 million kickback operation in the energy sector. Reports in Ukrainian media have suggested that the probe may have received discreet backing from the US authorities.

**RT**

# 23 injured in trams-bus collision in Warsaw

WARSAW November 18

A collision involving two trams and a bus in central Warsaw on Tuesday morning injured 23 people, according to local media.

The accident occurred around 7:50 a.m. local time (0650 GMT) on Solidarity Avenue near the Museum of Independence, on the stretch between Bank Square and the Old Town. Tram Line 4 ran into Bus Line 160, which then struck another tram on a technical run.

Police confirmed that 23 people were injured, including 17 taken to hospitals and six examined on site.

The crash caused major disruptions to road traffic and tram services. Several tram lines were diverted, and some road sections near the site were temporarily closed. **Xinhua**


The seizure of online scam-related devices in Shwe Kokko Area.


The seizure of online scam-related devices in Shwe Kokko Area.

■■ From Page - 18

The Myanmar Government is crushing the illegal business through Myanmar-China-Thailand Trilateral Cooperation. Security forces are conducting area domination task in October this year after driving out KNLA and KNU terrorist insurgents and PDF terrorist insurgents under the command of NUG from KK Park area, Myawady-Maehtawthalay briefly controlled by them. The government has been dismantling the illegal buildings in the areas zone wise to prevent conducting any more online scamming and criminal activities again. Till 17 November, 148 buildings out of 635 in Zone 3 were totally dismantled. It will continue to dismantle the remaining 487 buildings. The Myanmar government is systematically dismantling the buildings by using heavy equipment, and advanced mined dismantling technology. During these operations, because the area is close to a neighbouring country, it has been found through video records that systematic measures were taken to ensure that debris from destroyed buildings did not fall into the neighbouring country's territory. Due to objections raised by the neighbouring country, video documentation of the demolition has already been officially submitted to that country.

Although those identified and arrested by the Government are individuals who illegally entered Myanmar through neighbouring countries, in the spirit of humanitarian consideration and friendly relations between nations, they are being processed in accordance with the law and subsequently transferred back to their respective countries. From October 5, 2023, to November 17, 2025, a total of 68,009 foreigners from 52 countries who were residing illegally have been repatriated to their respective countries. It has also been learned that during inspections conducted this morning in the Shwe Kokko Area by joint inspection teams, including security force members and administrative organizations, measures are being taken to prevent individuals from fleeing to the neighbouring country, and efforts to block and arrest them are underway.

During today's clearance operations in the Shwe Kokko Area, 346 foreigners under verification who were illegally residing in three buildings constructed without permission were found, along with a large quantity of equipment used for online fraud and illegal gambling. Clearance operations are continuing.

Those who committed online fraud and illegal gambling exploited areas within Myanmar where territorial instability, challenges in law enforcement, and administrative limitations made full control and governance difficult. They engaged in criminal activities for personal gain. Their targeted areas – the Myawady-Maehtawthalay KK Park zone, Shwe Kokko Area, and Chongkhaed area – are regions where the KNLA, KNU Karen armed insurgents, so-called PDF terrorists, NCA-signatory Karen armed groups, and Border Guard Forces operate. It was found that individuals seeking personal benefit used various means to approach these armed groups, investing in and establishing infrastructure there. Furthermore, it was discovered that essential utilities for habitation such as water, electricity, communication, and other basic infrastructure in these areas were also obtained from the neighbouring country. Currently, clearance operations have been completed in the KK Park area. In the Shwe Kokko Area, Chongkhaed area, and other regions, full security has been established with security force members, and clearance operations will continue. If online fraud and illegal gambling activities are discovered, they will be effectively dealt with, eradicated, and decisively crushed.


Documentary photographs showing the demolition of buildings in KK Park in Myawady.

The Myanmar Government is strictly and resolutely handling cases of online fraud and illegal gambling in cooperation with the international community.

Acting President of the State, Chairman of the State Security and Peace Commission Senior General Min Aung Hlaing has instructed that combating crimes committed against neighbouring countries and the international community by exploiting Myanmar's territory be treated as a national duty. During recent trips to Kayin State and Mon State, he explicitly stated in meetings with departmental organizations and the public that combating online fraud and illegal gambling is being carried out as a national duty and will continue to be decisively crushed.

The Government will continue to extensively suppress online fraud and illegal gambling across Myanmar. Furthermore, in collaboration with participating countries, regional nations, and regional organizations involved in the Joint Cooperation Meeting on Combating Online Fraud held on November 14, 2025, in Kunming, People's Republic of China, which included China, Myanmar, Thailand, Cambodia, Laos, and Vietnam, it will be effectively prevented and suppressed. The public is also urged, upon receiving any information related to online fraud and illegal gambling, to report it to the relevant authorities, embracing the fight against these crimes as a national duty and cooperating in their eradication.

**100**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.


❍ ကျောဖုံးမှအဆက်

တွေ့ရှိရသည်။

AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ အနေဖြင့် မူးယစ်ဆေးဝါးသယ်ဆောင် ရောင်းဝယ်မှုများကို ပြုလုပ်ကာ ရရှိသည့် ငွေကြေးများဖြင့် လက်နက်၊ ခဲယမ်းများ ဝယ်ယူ၍ ရခိုင်ပြည်နယ်အတွင်းအကြမ်းဖက် လုပ်ငန်းများလုပ်ဆောင်ခြင်း၊ လက်နက် အားကိုးဖြင့် အပြစ်မဲ့ပြည်သူများအပေါ် အနိုင်ကျင့်နှိပ်စက်သတ်ဖြတ်ခြင်းများကို လုပ်ဆောင်လျက်ရှိပါသည်။ သို့ဖြစ်၍ လုံခြုံ ရေးတပ်ဖွဲ့ဝင်များ၏ သတင်းရယူဖော် ထုတ်ချက်များအရ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်နေ့ ညပိုင်းတွင် ဧရာဝတီတိုင်းဒေသ ကြီး၊ ပုသိမ်မြို့နယ်၊ (၁)ရပ်ကွက်၊ ဆင်အိုး ဖိုရပ်၊ ကမ်းနားလမ်း၊ ဂိုဒေါင်အမှတ်(၁၉)၌ မြေအောက်ခန်းအတွင်း သိုဝှက်ထိန်းသိမ်း ထားသည့် ရခိုင်ပြည်နယ်နှင့် မလေးရှား နိုင်ငံသို့ ပို့ဆောင်မည့် အိုက်စ်(ICE)မူးယစ် ဆေးဝါး ၄၀၀၀ ကီလိုဂရမ်၊ တန်ဖိုးငွေကျပ် ၁၂၀ ဘီလီယံခန့်နှင့်အတူ AA အကြမ်းဖက် သောင်းကျန်းသူအဖွဲ့မှ ထောက်ပံ့ရေး တာဝန်ခံ ခင်ထွန်းနှင့် ပုသိမ်မြို့၌ မူးယစ် ဆေးဝါးများ ထိန်းသိမ်းပေးသူ လမင်းခန့် တို့ ၂ ဦးအား ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ ၂ ဦး၏ ဖော်ထုတ် ချက်အရ နိုဝင်ဘာလ ၆ ရက်နေ့ နံနက်ပိုင်း တွင် ဆက်စပ်တရားခံများ ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး၊

**၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်တွင် ပုသိမ်မြို့၊ (၁)ရပ်ကွက်၊ ကမ်းနားလမ်း၊ ဂိုဒေါင်အမှတ်(၁၉)၌ မလေးရှားနိုင်ငံသို့ ပို့ဆောင်ရန် သိုလှောင်ထားရှိသည့် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိဖြစ်စဉ်မှ ကွင်းဆက်တရားခံများ အခြေပြဇယား**






မူးယစ်ဆေးဝါးများဖမ်းဆီးရမိသည့် ဂိုဒေါင်ကိုတွေ့ရစဉ်။



မူးယစ်ဆေးဝါးများသိမ်းဆည်းထားသည့် ဂိုဒေါင်မြေအောက်ခန်း ကိုတွေ့ရစဉ်။



ဂိုဒေါင်မြေအောက်ခန်းအတွင်းမှဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ ကိုတွေ့ရစဉ်။




ဖမ်းဆီးရမိ အိုက်စ် ထုပ်ပိုးမှုပုံစံ။

လမ်းမတော်မြို့နယ်၊ ဇော်ဂျီလမ်းရှိ "ရွှေလမင်း"ဆေးရုံ၌ တရားခံ နိုင်လင်း အားလည်းကောင်း၊ ပုသိမ်မြို့နယ်၊ (၉) ရပ်ကွက်၊ ထင်းပုံဆိပ်ကျေးရွာ၌ တရားခံ ဇော်မင်းထွန်း(ခ)ညီပု အားလည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ မအိုင်ကျေးရွာအုပ်စု၊ "ကောင်းကောင်း" ကဏန်းမွေးမြူရေးကန်အရှေ့ရေပြင်၌ မူးယစ်ဆေးဝါးပို့ဆောင်ရာတွင်အသုံးပြု သည့် **"MV ရွှေလက်ဝါး"**ကုန်တင်သင်္ဘော ၁ စင်းနှင့်အတူ လှေလုပ်သားများဖြစ်ကြသည့် မောင်စိုး(ပွဲနင်း)၊ ခင်ဝင်း၊ အောင်ဆန်းဦး၊ အောင်ဇင်လတ်၊ ဝင်းနိုင်၊ အောင်လင်း၊ ကျော်မင်းလတ်၊ ဟိန်းမင်းသူ ၊ ကျော်ကိုကို ထွေး ၊ သန်းထိုက်ဦးတို့ ၁၀ ဦးအားလည်း ကောင်း၊ ယင်းနေ့ ညနေပိုင်းတွင်ချောင်းသာ မြို့၊ အမှတ်(၃)ရပ်ကွက်၌ တရားခံ ဝင်းဝင်း ထွန်း(ခ)ဝင်းထွန်း အားလည်းကောင်း၊ ချောင်းသာမြို့၊ အမှတ်(၂)ရပ်ကွက်၊ မြပုလဲ သွယ်လမ်း၌ တရားခံ အောင်မျိုးဝင်း(ခ) မင်းသားကြီးအားလည်းကောင်း၊ ပုသိမ် မြို့နယ်၊ သလပ်ခွာကျေးရွာအုပ်စု၊ မော်တော် ကုန်းကျေးရွာ၌ တရားခံ အာဆာ(ခ)ဝတုတ် အားလည်းကောင်း၊ ယင်းနေ့ ညပိုင်းတွင် မြိတ်မြို့၊ နောက်လယ်ရပ်ကွက်၊ ပိတောက် ရွှေဝါလမ်းရှိ ဘောဇဝတီဆန်ဆိုင်တွင်


မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်၌ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါး ကွင်းဆက်တရားခံ ၁ ဦး၏မှတ်တမ်းဓာတ်ပုံ။



တရားခံ မောင်ငယ်
(မူးယစ်ဆေးဝါးများပို့ဆောင်ရာတွင် အဓိကစေခိုင်းသူ)

မူးယစ်ဆေးဝါးများထိန်းသိမ်းပေးသူတရားခံ ဒိုရာစတီဗင် အားလည်းကောင်း ဖမ်းဆီး ရမိခဲ့သည်။

ပုသိမ်မြို့၊ (၁) ရပ်ကွက်၊ ဆင်အိုးဖိုရပ်၊ ကမ်းနားလမ်းရှိ ဂိုဒေါင်အမှတ်(၁၉)၌ မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသည့်တရားခံ ၂ ဦး၏မှတ်တမ်းဓာတ်ပုံ။



တရားခံ ခင်ထွန်း
(AA အဖွဲ့၏ ထောက်ပံ့ရေးတာဝန်ခံ)



တရားခံ လမင်းခန့်
(ပုသိမ်မြို့၌ မူးယစ်ဆေးဝါးများ ထိန်းသိမ်းပေးသူ)

ဆက်လက်၍နိုဝင်ဘာလ ၇ ရက်နေ့လယ် ပိုင်းတွင် ဆိပ်ကြီးခနောင်တိုဆိပ်ကမ်း၌ လွှန်းတင်ထားသော မူးယစ်ဆေးဝါးများ သယ်ဆောင်ရာတွင် အသုံးပြုသည့် **"MV ရွှေဝတီ"**ကုန်တင်သင်္ဘော ၁ စင်းအားလည်း ကောင်း၊ ညပိုင်းတွင် ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်၌ မူးယစ်ဆေးဝါးများအား ပုသိမ်မြို့မှ မလေးရှားနိုင်ငံသို့ ပို့ဆောင်ခိုင်း သူ "ဘောဇဝတီ" ဆန်လုပ်ငန်းနှင့် " Utopia Future "

**စာမျက်နှာ ၂၃ သို့** ❍






မူးယစ်ဆေးဝါးများအား မလေးရှားနိုင်ငံသို့ ပို့ဆောင်ရာတွင်အသုံးပြုသည့် သိမ်းဆည်းရမိ "MV ရွှေဝတီ" ကုန်တင်သင်္ဘော ၁ စင်းကို တွေ့ရစဉ်။

ရွှေသောင်ယံမြို့၊ အမှတ်(၂)ရပ်ကွက်၊ အင်ကြင်းလမ်း၌ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးကွင်းဆက်တရားခံ ၂ ဦး၏ မှတ်တမ်းဓာတ်ပုံ။



တရားခံ အောင်စိုးလင်း
(လှေလုပ်သား)



တရားခံ အောင်ကိုလင်း
(လှေလုပ်သား)

❍ **စာမျက်နှာ ၂၃ မှအဆက်**

ဖမ်းဆီးရမိတရားခံများ၏ထွက်ဆိုချက်များအရ တာချီလိတ်မြို့နေ အားဝေ(ခ)ရှောက်ထန်(ခ)သန်းမောင်(ဖမ်းဆီးရန်ကျန်)နှင့် ဝမ်ဟိုင်းကျေးရွာနေ တာကော(ဖမ်းဆီးရန်ကျန်)တို့မှ လွိုင်လင်ခရိုင်၊ ကျေးသီးမြို့နယ်၊ ဝမ်ဟိုင်းဒေသမှထွက်ရှိသည့် မူးယစ်ဆေးဝါးများအား ဆီဘောက်ဆာယာဉ်များတွင် မူးယစ်ဆေးဝါးသယ်ဆောင်ရန် သီးသန့်ပြုလုပ်ထားသည့် လျှို့ဝှက်အကန့်များအတွင်း၌လည်းကောင်း၊ ကုန်တင်ယာဉ်များတွင် အခြားသောကုန်ပစ္စည်းများနှင့် ရောနှောပုံဖျက်၍လည်းကောင်း နည်းလမ်းမျိုးစုံဖြင့် ပုသိမ်မြို့သို့ ပို့ဆောင်ပေးခဲ့ရာ ပုသိမ်မြို့ရှိ မောင်ငယ်ပိုင်ဆိုင်သည့် ကမ်းနားလမ်း၊ ဂိုဒေါင်အမှတ်(၁၉)၌ ခေတ္တထိန်းသိမ်းသိုဝှက်၍ မောင်ငယ်နှင့်အဖွဲ့မှ မလေးရှားနိုင်ငံသို့လည်းကောင်း၊ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ ထောက်ပံ့ရေးတာဝန်ခံ ခင်ထွန်းနှင့်အဖွဲ့မှ ရခိုင်ပြည်နယ်သို့လည်းကောင်း ပို့ဆောင်ရန် စီစဉ်လျက်ရှိစဉ် ဖော်ထုတ်ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဖမ်းဆီးရန်ကျန်တရားခံများနှင့်ဆက်စပ်တရားခံများအား ဖမ်းဆီးဖော်ထုတ်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့်မူးယစ်ဆေးဝါးသယ်ဆောင်သည့်သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ပူးပေါင်းပါဝင်ဖမ်းဆီးပေးသူများအား ထိုက်တန်စွာလျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးမည်ဖြစ်ကြောင်း အသိပေး သတင်းထုတ်ပြန်အပ်ပါသည်။

(၁၀၀)

မြိတ်မြို့နယ်၊ ကျောက်ဖျာကျေးရွာရှိ "ဘောဇဝတီ"ဆန်ဂိုဒေါင်အနီး၌ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးကွင်းဆက်တရားခံ ၁ ဦး၏ မှတ်တမ်းဓာတ်ပုံ။



တရားခံ ထွန်းထွန်းလင်း
(လှေလုပ်သား)

၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၁၆ ရက်တွင် ပုသိမ်မြို့နယ်နှင့် ကျောင်းကုန်းမြို့နယ်တို့၌ မူးယစ်ဆေးဝါးကွင်းဆက်တရားခံ ၂ ဦး ထပ်မံဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။



တရားခံ ဒီရာမော့စ်



တရားခံ ပီတာဖိုး

တာချီလိတ်မြို့၊ ဝမ်ကောင်းရပ်ကွက်ရှိ အားဝေ(ခ)ရှောက်ထန်(ခ)သန်းမောင်(ဖမ်းဆီးရန်ကျန်)၏နေအိမ်မှ ဖမ်းဆီးရမိသည့် လက်နက်/ခဲယမ်းများ၏ မှတ်တမ်းဓာတ်ပုံ။



အမေရိကန်နိုင်ငံထုတ် M-4,A-1 အမျိုးအစား သေနတ် ၁ လက်၊ ၎င်းကျည်အိမ် ၂ ခု



အမေရိကန်နိုင်ငံထုတ် ၅.၅၆ မမ ကျည် ၂၆ တောင့်



အီတလီနိုင်ငံထုတ် BERETTA အမျိုးအစား ပစ္စတို ၁ လက်၊ ၎င်းကျည်အိမ် ၁ ခု



အမေရိကန်နိုင်ငံထုတ် SIG SAUER အမျိုးအစား ပစ္စတို ၁ လက်၊ ၎င်းကျည်အိမ် ၂ ခု

**MWD Variety Channel**

၁၉-၁၁-၂၀၂၅(ဗုဒ္ဓဟူးနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၂၀ | ရှာဖွေလေ့လာ ပြတိုက်မှာ |
| ၂။ | ၁၀:၂၀ | မှတ်သားလေ့လာ အိမ်တွင်းမှုပညာ |
| ၃။ | ၁၁:၃၅ | ကမ္ဘာတစ်ခွင် မှတ်တမ်းဝင် |
| ၄။ | ၁၄:၂၀ | တစ်ပတ်အတွင်းထိပ်တန်းရောက် ကမ္ဘာ့သတင်းသုံးသပ်ချက် |
| ၅။ | ၁၆:၃၅ | သိလိုသမျှ ကျန်းမာရေးကဏ္ဍာ |
| ၆။ | ၁၇:၃၀ | Knowledge Note |

**ပျောက်ဆုံးကြောင်း**
ရတနာဇော်(ဘ)ဦးမြင့်ဇော် ၇/ပမန(နိုင်)၂၂၀၆၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

**မွေးသက္ကရာဇ်အမှန်**
နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ တောင်ညိုအုပ်စုနေ အဘ ဦးမောင်အုန်း၏သား ဦးရဲဇော် ၁၃/တကန(နိုင်)၀၄၄၈၄၁ ၏မွေးသက္ကရာဇ်အမှန်မှာ ၂၅-၁၂-၁၉၆၃ ဖြစ်ပါကြောင်း။
၂၅-၁၂-၁၉၆၃

**ပျောက်ဆုံးကြောင်း**
မောင်ကျော်မင်းခန့်(ဘ)ဦးဂျင်ရွှေ၉/ပကခ(နိုင်)၀၄၂၇၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 757057)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

**ပျောက်ဆုံးကြောင်း**
ဒေါ်ညွန့်ရီ(ဘ)ဦးအောင်ထွန်း ၁၀/မဒန(နိုင်)၀၆၆၉၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၇၀၅၁၂၉၇

**ပျောက်ဆုံးကြောင်း**
ညိုညိုလွင်(ဘ)ဦးဇော်ဝင်း ၁၂/တမန(နိုင်)၁၀၁၆၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ပြည့်ဖြိုးအောင်(ဘ)ဦးမြင့်အောင် ၇/ကပက(နိုင်)၀၈၉၅၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၀၆၆၀၀၈၀

**ပျောက်ဆုံးကြောင်း**
ကျော်မျိုးလတ်(ဘ)ဦးတင်လတ် ၁၄/ဘကလ(နိုင်)၁၃၉၅၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၀၃၂၀၅၅၄

**ပျောက်ဆုံးကြောင်း**
ခင်မြတ်ပိုပို(ဘ)ဦးအေးလှိုင် ၇/မညန(နိုင်)၀၉၂၂၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၄၄၁၂၇၅၁

**ပျောက်ဆုံးကြောင်း**
လင်းလင်းအောင်(ဘ)ဦးဝင်းညွန့် ၇/ဖမန(နိုင်)၁၅၃၄၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၁၇၃၇၃၆၃

**ပျောက်ဆုံးကြောင်း**
မြင့်နိုင်အေး(ဘ)ဦးလှမြင့် ၁၁/ကဖန(နိုင်)၀၆၅၀၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၄၁၆၈၃၀၄

**ပျောက်ဆုံးကြောင်း**
မျိုးကို(ဘ)ဦးမြင့်လွင် ၉/ပဘန(နိုင်)၂၂၅၉၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၁၈၂၁၄၁၆

**ပျောက်ဆုံးကြောင်း**
ကျိုန်ချင့်အွပ်(ဘ)ဦးတွေ့ခင်ခိုပုမ်း ၄/တတန(နိုင်)၀၆၄၇၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၈၉၉၀၄၀၅၂၆

**ပျောက်ဆုံးကြောင်း**
ကျော်ဇောလင်း(ဘ)ဦးငွေအောင် ၁၂/စခန(နိုင်)၀၇၉၇၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
မြတ်မင်းမောင်(ဘ)ဦးခင်ထွန်း ၁၂/ဥကမ(နိုင်)၂၁၈၇၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 736489)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၉၅၂၆၂၈၆

**ပျောက်ဆုံးကြောင်း**
ဝေဇင်(ဘ)ဦးလှသောင်း ၇/မညန(နိုင်)၁၃၈၄၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ဦးအဘူနိုင်(ဘ)ဦးမိုဖစ်ရာမန် ၁၀/မလမ(နိုင်)၁၅၁၂၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၁၇၇၂၅၀၀

**အားကစားမြှင့်တင် စိတ်လန်းရှင် ဆန့်ကျင်မူးယစ်ဆေး**

**ပျောက်ဆုံးကြောင်း**
ဟိန်းဇော်ထက်(ဘ)ဦးထွန်းဝေ ၁၂/ခရန(နိုင်)၁၅၃၂၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
လှလှသိန်း(ဘ)ဦးပြုံးချို ၁၄/ဖပန(နိုင်)၂၄၄၈၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 464371)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
လှသန္တာ(ဘ)ထွန်းအောင်ကျော်၁၁/ပတန(နိုင်)၀၂၅၄၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 844060)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

# MSME စာရင်းဝင် ဝဥ၏တန်ဖိုးမြင့်ထုတ်ကုန်အမျိုးမျိုး

ဒေါက်တာသုတခင်

**ဝဥကြာဆံရဲ့ကောင်းကျိုးအဖြာဖြာ**

ဝဥကြာဆံက အစာခြေမှုလုပ်ငန်းစဉ် နှေးကွေးတာကြောင့် အစာပိုစားခြင်းကိုရှောင်ရှားဖို့ ကူညီပေးတဲ့အနေနဲ့ အချိန်ကြာကြာ ဗိုက်ပြည့်စေပါတယ်။ အူလမ်းကြောင်းမှာရှိတဲ့ ကျန်းမာတဲ့ဗက်တီးရီးယားပိုးတွေဟာ အူလမ်းကြောင်းကျန်းမာရေးကို တိုးတက်ကောင်းမွန်လာစေဖို့ ကူညီပေးနိုင်တဲ့ အမျှင်ဓာတ်ကိုကျွေးမွေးတာကြောင့် အူလမ်းကြောင်းကျန်းမာရေးကိုတိုးတက်စေပါတယ်။ ဝဥကြာဆံမှာ ဗိုက်ပြည့်စေသော်လည်း သကြားဓာတ်၊ အဆီဓာတ်နဲ့အာဟာရဓာတ်တွေမပါရှိတာကြောင့် ဗိုက်ဝစေပြီးတော့ ကိုယ်တွင်းအချိုဓာတ်တွေကို လျော့ကျစေပါတယ်။ ဝမ်းချုပ်သူတွေ၊ သွေးတိုးဆီးချိုရှိသူတွေ၊ ကိုယ်အလေးချိန်ထိန်းလိုသူတွေအတွက် အထူးသင့်လျော်တဲ့ ကျန်းမာရေးဓာတ်စာအဖြစ် ဝယ်ယူစားသုံးကြပါတယ်။ ဆီးချိုရောဂါကုသဆေးတွေ၊ ဝမ်းရောဂါဆေးတွေနဲ့ သွေးတိုးရောဂါကုဆေးဝါးတွေထုတ်လုပ်တဲ့အခါမှာလည်း ပါဝင်ပစ္စည်းများအဖြစ် အသုံးဝင်တဲ့ အပင်မျိုးဖြစ်ပါတယ်။


**ဝဥအခြောက်နဲ့ ဝတုံဟင်းလျာဘယ်လိုလုပ်သလဲ**

ဝဥအခြောက်ပြုလုပ်ပုံလေးကို အရင်တင်ပြပါမယ်။ ဝဥကိုတူးဖော်ပြီးတဲ့အခါ အပြားညီအောင်ဓားနဲ့ပါးပါးလှီးပြီး နေရောင်မှာ အခြောက်လှန်းရပါတယ်။ ဝဥအစိုခုနစ်ပိဿာခန့်အခြောက်လှန်းရင် ဝဥအခြောက်တစ်ပိဿာခန့်ရရှိပါတယ်။ ဝဥရဲ့ပြင်ပအခွံက အရောင်အမျိုးမျိုးရှိပေမယ့် ဝဥအတွင်းသားကတော့ အဖြူရောင်ပဲဖြစ်ပါတယ်။

ဝဥအခြောက်ကနေ အသင့်စားလို့ရတဲ့ ဝတုံလုပ်နည်းကို ထပ်မံတင်ပြလိုပါတယ်။ ဝတုံလုပ်နည်းအဆင့်ဆင့်ရှိပါတယ်။ ပထမဆုံးအနေနဲ့ ကိုယ်ကြိုက်တဲ့အရွယ်အစားရှိတဲ့ ဝဥတစ်လုံးကိုတူးယူပါ။ ၅၀ ကျပ်သားကနေ ၁၀၀ ကျပ်သားအရွယ်လောက်ဆို အဆင်ပြေပါတယ်။ ဝဥကိုအခွံခြစ်ပြီးတော့ ရေစင်အောင်ဆေးပြီး အစိတ်ငယ်လေးတွေဖြစ်အောင် ခွဲစိတ်ပြီးတဲ့အခါ နူးအိအောင်ပြုတ်ရပါတယ်။ ပြုတ်ပြီးရင် ညက်အောင် ဆုံနဲ့ထောင်းရပါမယ်။ ဒါမှမဟုတ် အသားကြိတ်စက်ဖြစ်စေ၊ အသီးဖျော်စက်မှာဖြစ်စေ ရေနွေးအတူရောပြီးတော့ ကြေညက်အောင်ကြိတ်ပေးတဲ့အချိန်မှာ ရေနွေးနည်းလို့မရပါဘူး။ ကြိတ်ပြီးတဲ့ ဝဥအမှုန့်တွေကို ဇလုံထဲကိုပြောင်းထည့်ပြီး ရေနွေးနဲ့နှံ့စပ်အောင်ထပ်မွှေရပါမယ်။ ထောင်းပြီးတဲ့ဝဥတွေကို တချို့က ရေသန့်နဲ့ရောနယ်ကြပါတယ်။ ဝဥတစ်ပိဿာကို ရေသန့် ၅ လီတာအထိ မွှေပေးရပါတယ်။

နောက်တစ်ဆင့်မှာ ဝဥအစိုတစ်ပိဿာကို ထုံး ၂ ကျပ်ခွဲသားဖျော်ထည့်ပြီး ခပ်မြန်မြန်လက်နှစ်ဖက်နဲ့ ထပ်မွှေရမှာဖြစ်ပြီး ကွမ်းစားထုံးကိုသုံးမယ်ဆိုရင် ၂ ကျပ်ခွဲသားနဲ့ အိမ်ဆောက်ထုံးဆိုရင် ၁ ကျပ်သားကိုရေနွေးနဲ့ဖျော်ပြီး ထည့်မွှေပေးရတာဖြစ်ပါတယ်။ အားလုံးမွှေပြီးတဲ့အခါ ရေနွေးနဲ့စိမ်နှပ်ထားပြီး ကိုယ့်စိတ်ကြိုက်အရွယ်အစားလှီးပြီး စားသုံးဖို့အသင့်ဖြစ်နေတဲ့ ဝတုံလေးကိုရပြီဖြစ်ပါတယ်။ ဒီဝတုံလေးတွေကို ဝဥကြော်၊ ဝဥချဉ်နန်စပ်သုပ်၊ ဝဥအချိုသုပ်၊ ဝဥဟင်းလျာတွေအဖြစ် အမျိုးမျိုးချက်ပြုတ်စားသုံးနိုင်ပါတယ်။









ဝဥဆန်ဆိုတာ ဝဥကြာဆံ ခေါ် ဝဥခေါက်ဆွဲဖတ်ကို ဆန်စေ့ပုံစံသေးသေးလေးတွေဖြစ်အောင် လုပ်ထားပြီး ဈေးကွက်မှာ အဖြူစွတ်စွတ်အရောင်ကနေ ဆင်စွယ်ရောင်အထိ အမျိုးမျိုးတွေ့ရပါတယ်။ ဝဥဆန်မှာ ရေစိမ်ထားတဲ့ဆန်ထုပ်နဲ့ အခြောက်ထုပ်ဆိုပြီးနှစ်မျိုးရှိပါတယ်။ ရေစိမ်ထုပ်ကိုဖြစ်စေ၊ အခြောက်ထုပ်ကိုဖြစ်စေ ရေဆေးပြီး ရေနွေးပူပူထဲမှာ ၁၀ မိနစ်ကနေ ၁၅ မိနစ်အတွင်း ထည့်ပြုတ်ရပါတယ်။ ကျက်ရင်ဆယ်ယူပြီး ထမင်းပူပူလိုမျိုး စားသုံးနိုင်ပါတယ်။ တချို့ ဝဥဆန်ရေစိမ်ထုပ်တွေမှာ ၅ မိနစ်လောက်ပဲအချိန်ပေးရပါတယ်။

**ဝဥကြာဆံရဲ့ကောင်းကျိုးများ**

မြန်မာလို ဝဥကြာဆံတွေက အမျှင်ဓာတ်များပြီး ကယ်လိုရီနည်းတဲ့ ခေါက်ဆွဲတွေဖြစ်တာကြောင့် အစာခြေစနစ်အတွက်အပါအဝင် ကျန်းမာရေးအကျိုးကျေးဇူးတွေကို ပေးစွမ်းနိုင်ပါတယ်။ တစ်နည်းအားဖြင့် ဝဥကြာဆံဆိုတာ ဝဥကိုအမှုန့်ပြုလုပ်ပြီး ဆန်ခါစစ်ယူထားတဲ့ Glucomannan အမှုန့်ကို ရေအဆ ၅၀ ခန့်နဲ့ရောပြီး ကယ်စီယမ်ဆားရေနှင့်ရောစပ်ကာ ပြုလုပ်ထားခြင်းဖြစ်ပါတယ်။ Glucomannan မှာ ကျန်းမာရေးအကျိုးကျေးဇူးတွေ ပေးစွမ်းနိုင်တဲ့ အမျှင်ဓာတ်တွေ မြင့်မားစွာပါဝင်နေတာကြောင့် ဝဥကြာဆံက လွန်ခဲ့တဲ့နှစ်နှစ်ခန့်မှစပြီး ဈေးကွက်အတွင်း ဝယ်ယူစားသုံးမှုများပြားလာတဲ့ စားသောက်ကုန်ပစ္စည်းတစ်မျိုးဖြစ်ပြီး တောင်ကိုရီးယားနိုင်ငံနဲ့ဂျပန်နိုင်ငံအပါအဝင် အာရှနိုင်ငံအများစုမှာ Diet ပြုလုပ်နေသူတွေအကြား ရေပန်းစားလူကြိုက်များပြီး သုညခေါက်ဆွဲအမည်ဖြင့်လည်း ကျော်ကြားပါတယ်။ ဒါကြောင့် ဝဥခေါက်ဆွဲတွေက ကယ်လိုရီပမာဏနည်းပါးသော်လည်း အားဖြည့်ပေးတဲ့ ထူးခြားတဲ့အစားအစာတစ်ခုလို့ဆိုကြပါတယ်။

**ဝဥခေါက်ဆွဲ ခေါ် ဝဥကြာဆံ**

တချို့က ဝဥခေါက်ဆွဲလို့ခေါ်ကြတဲ့ ဝဥကြာဆံက ဗိုက်ပြည့်စေသော်လည်း သကြားဓာတ်၊ အဆီဓာတ်နဲ့အာဟာရဓာတ်တွေမပါရှိတာကြောင့် ဗိုက်ဝစေပြီးတော့ ကိုယ်တွင်းအချိုဓာတ်တွေကို လျော့ကျစေပါတယ်။ ဝမ်းချုပ်သူတွေ၊ သွေးတိုးဆီးချိုရှိသူတွေနဲ့ ကိုယ်အလေးချိန်ထိန်းလိုသူတွေအတွက် အထူးသင့်လျော်တဲ့ ကျန်းမာရေးဓာတ်စာအဖြစ် ဝယ်ယူစားသုံးကြပါတယ်။ ဝဥကြာဆံကို မိမိတို့နှစ်သက်ရာအသားအသီးအရွက်များနဲ့ ကြော်စားခြင်း၊ ပြုတ်စားခြင်း၊ သုပ်စားခြင်းတို့ပြုလုပ်နိုင်ပါတယ်။ ဝဥခေါက်ဆွဲက သွေးထဲကသကြားဓာတ်ပမာဏကိုထိန်းညှိပေးတာကြောင့် ကျန်းမာရေးအတွက် အထူးသင့်တော်ပါတယ်။ ဝဥခေါက်ဆွဲကို ရေနွေးပူပူထဲမှာ အနည်းဆုံး ၁၅ မိနစ်ခန့်ပြုတ်ပြီး ရေနဲ့အေးအောင်ဆေးချပြီး ကြိုက်နှစ်သက်ရာနဲ့ ရောပြီး သုံးဆောင်နိုင်ပါတယ်။ ဝဥခေါက်ဆွဲမှာ ရေဓာတ် ၉၇ ရာခိုင်နှုန်းနဲ့ Glucomannan အမျှင် ၃ ရာခိုင်နှုန်းပါတာကြောင့် ကယ်လိုရီပမာဏ သုညရာခိုင်နှုန်းဖြစ်ပြီး ဝိတ်မတက်စေတာဖြစ်ပါတယ်။

**ဝဥကရတဲ့ Glucomannan Fiber**

Glucomannan အမျှင်က အလွန်ပျစ်သောအမျှင်ဖြစ်ပြီး Gel လေးမျိုးဖြင့် ရေကိုစုပ်ယူနိုင်ပြီး ပျော်ဝင်နိုင်တဲ့အမျှင်အမျိုးအစားဖြစ်ပါတယ်။ Glucomannan အမျှင်အပျစ်က Prebiotic အဖြစ် လုပ်ဆောင်ပြီး အစာအိမ်အတွင်းနေထိုင်တဲ့ ဗက်တီးရီးယားတွေကို အစာကျွေးတဲ့အလုပ်ကို လုပ်ဆောင်တာကြောင့် အစာအိမ် Flora သို့မဟုတ် Microbiota လို့ခေါ်ပါတယ်။ အဲဒီဗက်တီးရီးယားတွေက အူမကြီးရောင်ရမ်းမှုကိုလျှော့ချနိုင်ကာ ကိုယ်ခံအားကိုမြှင့်တင်ပေးပြီး အခြားသော ကျန်းမာရေးအကျိုးကျေးဇူးများကို ပေးစွမ်းနိုင်ပါတယ်။ ကာဗိုဟိုက်ဒရိတ်များစွာကို မစားသုံးမီ Glucomannan ကို သောက်သုံးခြင်းက ဆာလောင်မှုဟော်မုန်း Ghrelin ပမာဏကိုလျော့ကျစေတယ်လို့ လေ့လာမှုတစ်ခုက ဆိုထားပါတယ်။ ဒါကြောင့် Glucomannan က ကယ်လိုရီစားသုံးမှုကို လျော့ကျစေပြီး ကိုယ်အလေးချိန်ကျစေတဲ့ ပြည့်ဝတဲ့ခံစားချက်ကို မြှင့်တင်ပေးတာသေချာပါတယ်။ Glucomannan မှာ ဆီးချိုရောဂါနဲ့ အင်ဆူလင်ခံနိုင်ရည်ရှိသူတွေအတွက် သွေးတွင်းသကြားဓာတ်နဲ့ အင်ဆူလင်ပမာဏကိုလည်း လျှော့ချပေးနိုင်ကြောင်းလည်းပြသထားပါတယ်။

**Glucomannan ဖြည့်စွက်စာ**

Glucomannan ဖြည့်စွက်စာက ဝမ်းချုပ်တဲ့ကလေးတွေအတွက် ဝမ်းသွားတဲ့အကြိမ်ရေကို တိုးမြင့်စေနိုင်တယ်လို့တွေ့ရပေမယ့် ဝမ်းချုပ်ခြင်းသို့မဟုတ် ဝမ်းချုပ်ခြင်းကို အောင်မြင်စွာကုသရာမှာတော့ သိသာတဲ့အကျိုးသက်ရောက်မှုမရှိပါဘူး။ အချို့သော သက်ကြီးသုတေသနပြုချက်တွေအရ Glucomannan က ကလေးနဲ့ လူကြီးတွေဝမ်းချုပ်ခြင်းအတွက် ထိရောက်တဲ့ကုသမှုတစ်ခုဖြစ်တယ်လို့ဆိုကြပါတယ်။ အချုပ်အားဖြင့် Glucomannan ရဲ့ဝမ်းနှုတ်ဆေးအာနိသင်နဲ့ အူကျန်းမာရေးအတွက် အကျိုးကျေးဇူးတွေကြောင့် ကလေးတွေနဲ့လူကြီးတွေရဲ့ဝမ်းချုပ်တာကို ထိရောက်စွာကုသနိုင်ပါတယ်။

**ဝဥခေါက်ဆွဲရဲ့ဖြစ်နိုင်ခြေရှိတဲ့ ဘေးထွက်ဆိုးကျိုးများ**

ဝဥက ကျန်းမာရေးအတွက် ကောင်းကျိုးများပေမယ့် အစာခြေစနစ်ပြဿနာရှိသူတွေ၊ ရောဂါအခံရှိသူတွေ၊ ကိုယ်ဝန်ဆောင်တွေ၊ နို့တိုက်မိခင်တွေအနေနဲ့ ဝဥကို ဆရာဝန်နဲ့တိုင်ပင်ပြီးမှ စားသင့်ပါတယ်။ သာမန်လူတွေအနေနဲ့လည်း အလွန်အကျွံစားတာကို ရှောင်ကြဉ်သင့်ပါတယ်။ ဝဥခေါက်ဆွဲက လူအများစုအတွက် ဘေးကင်းတယ်လို့ယူဆထားကြပြီး ဖြစ်နိုင်ခြေရှိတဲ့ ဘေးထွက်ဆိုးကျိုးအများကြီးမရှိသော်လည်း လိုတာထက်ပိုစားရင်တော့ အသက်ရှူရခက်ခြင်း၊ ဝမ်းပျက်ခြင်း၊ ဝမ်းသွားခြင်း၊ အစာအိမ်အောင့်ခြင်း၊ ဝမ်းဗိုက်အောင့်ခြင်း၊ ဖောရောင်ခြင်းကဲ့သို့သော အစာခြေလမ်းကြောင်းဆိုင်ရာပြဿနာများ၊ အရေပြားနီမြန်းခြင်းနှင့် ရောင်ရမ်းခြင်း စတဲ့ဘေးထွက်ဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်ပါတယ်။

သွေးတွင်းသကြားဓာတ်ထိန်းပေးနိုင်တာကြောင့် ဝဥခေါက်ဆွဲမှာ ကယ်လိုရီနဲ့ကာဗိုဟိုက်ဒရိတ်အနည်းငယ်ပါရှိတဲ့ အံ့ဖွယ်ရာဖွေတွေ့ရှိမှုတစ်ခုလို့ထင်ရပေမယ့် အခြားအစားအစာများလိုပဲ ၎င်းတို့ကို အသင့်အတင့်စားသုံးဖို့ သတိပေးလိုပါတယ်။ ဝဥခေါက်ဆွဲကိုစားတဲ့အခါမှာ ရေများများသောက်ဖို့ အရေးကြီးပါတယ်။ ဩစတြေးလျနိုင်ငံမှာ ဝဥခေါက်ဆွဲကို စားသုံးဖို့ခွင့်ပြုခဲ့သော်လည်း အစာအိမ်နဲ့ဝမ်းသွားမှုကို အန္တရာယ်ဖြစ်စေနိုင်တာကြောင့် ၁၉၈၆ ခုနှစ်မှာ ၎င်းကိုဖြည့်စွက်စာအဖြစ် စားသုံးဖို့ကို တားမြစ်ခဲ့တာရှိပါတယ်။

**ဝဥအကြောင်းအနှစ်ချုပ်**

အချုပ်အားဖြင့် Zero Noddle ဖြစ်တဲ့ ဝဥကြာဆံ၊ ဝဥခေါက်ဆွဲက ကယ်လိုရီပါဝင်မှုအလွန်နည်းတဲ့ အပြင် အမျှင်တွေအများကြီးပါလို့ နည်းနည်းစားရုံနဲ့ ဗိုက်ပြည့်ပြီး အစာစားချင်စိတ်ကိုထိန်းပေးတာကြောင့် ဝိတ်ချလိုသူတွေနဲ့အထူးသင့်တော်တယ်။ ကိုယ်အလေးချိန်ကျခြင်းအတွက်လည်း အကျိုးရှိစေပါတယ်။ သွေးတွင်းသကြားဓာတ်နဲ့အင်ဆူလင်ကို လျှော့ချပေးလို့ ဆီးချိုသမားတွေ ထမင်းအစားထိုးစားနိုင်ပါတယ်။ ဒါတင်မကဘဲ သွေးတွင်းသကြားဓာတ်ကိုထိန်းညှိပေးပြီး ကိုလက်စထရောပမာဏနဲ့ အစာခြေကျန်းမာရေးအတွက် အကျိုးကျေးဇူးတွေရှိပါတယ်။ ကိုယ်တွင်းက ကိုလက်စထရောပမာဏကိုနည်းစေလို့ နှလုံးရောဂါနဲ့ **စာမျက်နှာ ၂၆ သို့** ❒

❐ **စာမျက်နှာ ၂၅ မှအဆက်**

လေဖြတ်တာတွေကာကွယ်နိုင်ပါတယ်။ အသားအရေကို လှပစေပြီး လက်သည်းတွေအတွက်လည်း ကောင်းပါတယ်။ ကိုယ်ခံအားကိုတိုးမြှင့်ပေးလို့ လူကြီးတွေစားဖို့သင့်တော်ပါတယ်။ အများစုက ဝဥကြောဆံကိုစားသုံးတဲ့အခါ ဘေးကင်းသော်လည်း အချို့သူများအတွက် အစာခြေဖျက်မှုပြဿနာ အနည်းငယ်ရှိနိုင်သလို အချို့သောဆေးဝါးများရဲ့စုပ်ယူမှုကို လျှော့ချနိုင်တဲ့ ဘေးထွက်ဆိုးကျိုးအနည်းငယ်သာရှိပါတယ်။ ဝဥပင်က ပန်းခိုင်ကရရှိတဲ့မျိုးဥတွေကိုဖြစ်စေ၊ မြေအောက်မှာရှိတဲ့ ဥပွားတွေကိုခွဲယူ၍ဖြစ်စေ၊ တစ်ပိဿာခန့်ရှိတဲ့ဥတွေကို ခွဲခြမ်း၍ဖြစ်စေ၊ အရွက်ကသီးတဲ့မျိုးဥသီးတွေကိုဖြစ်စေ နည်းအမျိုးမျိုးနဲ့ စိုက်ပျိုးနိုင်ပြီး စိုက်ပျိုးချိန်ကနေ တူးဖော်တဲ့အချိန်ထိ ခြောက်လခန့်သာကြာမြင့်တဲ့ ကာလတိုအပင်မျိုးဖြစ်ပါတယ်။ မိသားစုအပိုဝင်ငွေအနေနဲ့ တစ်ဖက်တစ်လမ်းက အထောက်အကူပြုတဲ့အပင်ဖြစ်ပြီး စနစ်တကျစိုက်ပျိုးရင် အကျိုးဖြစ်ထွန်းမှုပိုမိုများပြားတာဖြစ်လို့ တစ်နိုင်တစ်ပိုင်စိုက်ပျိုးတာကနေ စီးပွားဖြစ်အများအပြားစိုက်ပျိုးသင့်ပါတယ်။ ကျန်းမာရေးအာနိသင်များသည့် စက်မှုကုန်ကြမ်းသီးနှံအဖြစ် ဘက်စုံအသုံးဝင်တဲ့ ဝဥပင်လေးတွေကို အခုထက်ပိုမိုစိုက်ပျိုးပြီး အစိုအခြောက်အမျိုးမျိုး ထုတ်လုပ်၍ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ(MSME)ရဲ့ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ဈေးကွက်ချဲ့ထွင်တာမျိုးတွေ ပြုလုပ်သင့်ပါကြောင်း တင်ပြလိုက်ရပါတယ်။ ။

# ဘားအံမြို့နယ် နောင်သရကျေးရွာ၌ စက်ရေတွင်းတူးဖော်ပြီးစီးမှုစစ်ဆေး

ဘားအံ နိုဝင်ဘာ ၁၈

ကရင်ပြည်နယ် ဘားအံမြို့နယ် နောင်ပလိန်ကျေးရွာအုပ်စု နောင်သရကျေးရွာ၌ စက်ရေတွင်းတူးဖော်ပြီးစီးမှုအခြေအနေများကို နိုဝင်ဘာလ ၁၈ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ) ဒေါ်ခင်ဇာဝင့်နှင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဆောင်ရွက်ပြီးသည့် လုပ်ငန်းကိုရေရှည်တည်တံ့အောင် ကျေးရွာမှပိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

နောင်သရကျေးရွာ၌ အကျယ် ၄ လက်မခွဲ၊ အနက်ပေ ၂၄၀ ရှိသည့် စက်ရေတွင်းတူးဖော်ခြင်း၊ အလျား ၁၀ ပေ၊ အနံ ၁၀ ပေ၊ အမြင့်ပေ ၂၀ ရှိသည့် ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်း၊ ရေစင်အောက်ခန်းဖွဲ့ခြင်းလုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေကျပ် ၃၀ ဒသမ ၇၅ သန်းဖြင့် ၂၀၂၅ ခုနှစ် မေလ ၅ ရက်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**ဆက်လူ**

# အောင်နိုင်တိုးမိုးစပါးစမ်းသပ်စိုက်ကွက်ရိတ်သိမ်းခြင်းကွင်းသရုပ်ပြသ

ချောင်းဆုံ နိုဝင်ဘာ ၁၈



မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ တောင်သူများ မျိုးကောင်းမျိုးသန့်စပါးများ အသုံးပြုစိုက်ပျိုးနိုင်ရေးနှင့် မိုးစပါးတစ်ဧကအထွက်နှုန်းမြင့်မားရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ အောင်နိုင်တိုးမိုးစပါးရိတ်သိမ်းခြင်း ကွင်းသရုပ်ပြသပွဲကို နိုဝင်ဘာလ ၁၈ ရက် နံနက်ပိုင်းတွင် နတ်မှော်ကျေးရွာရှိ အောင်နိုင်တိုးစမ်းသပ်စိုက်ခင်း ၁ ဒသမ ၃၀ ဧက၌ ကျင်းပသည်။

အဆိုပါကွင်းသရုပ်ပြသပွဲကို မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်ဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများ၊ သက်ဆိုင်ရာဌာနဆိုင်ရာဝန်ထမ်းများနှင့် တောင်သူများတက်ရောက်ပြီး မြို့နယ်အတွင်း ပထမအကြိမ်စမ်းသပ်စိုက်ပျိုးသည့် အောင်နိုင်တိုးမိုးစပါးစိုက်ခင်းအား ရိတ်သိမ်းရာ တစ်ဧကလျှင် စပါးအခြောက်တင်း ၈၀ ခန့်ထွက်ရှိကြောင်း၊ ရရှိသည့် မျိုးစပါးများကို မြို့နယ်အတွင်းဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ချောင်းဆုံမြို့နယ်အတွင်း ရာသီအလိုက် သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် နွေစပါး၊ ဆီထွက်သီးနှံနှင့် ပဲမျိုးစုံစုစုပေါင်း ၉၀၅၉ ဧက စိုက်ပျိုးနိုင်ရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၄၀၆)

**MWD Education, Knowledge & Sports Channel**

၁၉-၁၁-၂၀၂၅(ဗုဒ္ဓဟူးနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၇:၀၀ - ၀၈:၃၅ | Grade – 7 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ | ၁၅:၃၀ - ၁၆:၀၅ | Grade – 7 | အင်္ဂလိပ်စာ၊ သင်္ချာ(၁) |
| ၃။ | ၁၆:၀၅ - ၁၆:၄၅ | Grade – 7 | သင်္ချာ(၂)၊ ပထဝီဝင် |
| ၄။ | ၁၆:၄၅ - ၁၇:၂၀ | Grade – 7 | သမိုင်း၊ သိပ္ပံ |

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၉-၁၁-၂၀၂၅(ဗုဒ္ဓဟူးနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၀ | တရားတော် |
| ၂။ | ၁၀:၀၀ | ကျန်းမာခြင်းအတွက် တွေးခေါ်ခြင်း |
| ၃။ | ၁၁:၀၀ | မြန်မာ့လက်သံ |
| ၄။ | ၁၂:၀၀ | ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှု |
| ၅။ | ၁၃:၀၀ | အမှတ်တရနေ့ရက်များ |
| ၆။ | ၁၄:၀၀ | Movie & Movies |
| ၇။ | **၁၅:၀၀** | **မြန်မာသံစဉ်ချိုနားဝင်** |
| ၈။ | **၁၇:၀၀** | မွေးမြူသုတ |
| ၉။ | **၁၈:၂၀** | ထုတ်လွှင့်ပြန်ကြား သတင်းမှန်များ |
| ၁၀။ | **၁၈:၃၀** | (၃၈)ဖြာမင်္ဂလာ အသေဝနာစဗာလာနံ၊ ပဏ္ဍိတနဉ္စသေဝနာ |
| ၁၁။ | ၁၉:၀၀ | **၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ်** |
| ၁၂။ | **ည ၈ နာရီ သတင်းအပြီး** | ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာ တစ်ချိန်က သူတို့အကြောင်း ခရီးလည်းသွား စကားလည်းဆို |

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**




အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်လျက်ရှိသည့် ရွှေကုက္ကိုလ်၊ KK Park ၊ ကျောက်ခတ်နယ်မြေများအား တွေ့ရစဉ်။

● **ကျောဖုံးမှအဆက်**

လိုက်နာလုပ်ကိုင်ဆောင်ရွက်နေမှု ရှိ/မရှိ နှင့် တရားမဝင်လုပ်ငန်းများ လုပ်ဆောင်နေခြင်း ရှိ/မရှိတို့အား လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့များဖြင့် ယနေ့နံနက်ပိုင်းမှစ၍ စတင်ရှင်းလင်းဆောင်ရွက်နေပြီဖြစ်ပြီး စစ်ဆေးတွေ့ရှိမှုများအား ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်သည်။

Online လိမ်လည်လောင်းကစားမှုများကို ကျူးလွန်ကြသူများအနေဖြင့် မြန်မာနိုင်ငံအတွင်းသို့ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ နယ်စပ်လမ်းကြောင်းများမှ တစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး Online လိမ်လည်မှုများ၊ Online လောင်းကစားမှုများနှင့် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြခြင်းဖြစ်သည်။ အဆိုပါ Online လိမ်လည်လောင်းကစားမှုများကို အဓိကဦးဆောင် ကျူးလွန်ခဲ့ကြသူများသည် တရုတ်နိုင်ငံသားများအပါအဝင် Social Media မှတစ်ဆင့် နည်းမျိုးစုံဖြင့် မက်လုံးပေးစည်းရုံးမှုကြောင့် နိုင်ငံစုံမှ အလုပ်လာရောက်လုပ်ကိုင်ရင်း အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများတွင် ပါဝင်ပတ်သက်ခဲ့ရသည့် လူကုန်ကူးခံရသူများနှင့် ရာဇဝတ်မှုများကျူးလွန်ထွက်ပြေးတိမ်းရှောင်နေကြသူများဖြစ်ပြီး ၎င်းတို့အနေဖြင့် ၂၀၁၅ ခုနှစ်ခန့်မှစ၍ အရှေ့တောင်အာရှနိုင်ငံအချို့တွင် လုပ်ကိုင်ခဲ့ကြပြီး အိမ်နီးချင်းနိုင်ငံအချို့ ပဋိပက္ခဖြစ်မှုနောက်ပိုင်းမှ မြန်မာနိုင်ငံအရှေ့တောင်ဒေသ ကရင်လက်နက်ကိုင်အဖွဲ့အစည်းများ ခေတ္တစိုးမိုးထားသည့် မြဝတီဒေသသို့ တစ်ဖက်နိုင်ငံမှတစ်ဆင့် နည်းမျိုးစုံ၊ နည်းလမ်းပေါင်းစုံဖြင့် ဝင်ရောက်လုပ်ကိုင်ခဲ့ကြခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၌ ၂၀၂၂ ခုနှစ်အတွင်း ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်ဒေသ၌ အခြေခံအဆောက်အဦများ တည်ဆောက်ကာ Online လိမ်လည်လောင်းကစားမှုများအပါအဝင် အခြားသော တရားမဝင်လုပ်ငန်းများကို လုပ်ဆောင်ခဲ့ကြရာမှ မြန်မာနိုင်ငံအစိုးရအနေဖြင့် လောက်ကိုင်ဒေသရှိ Online လိမ်လည်လောင်းကစားမှုကျူးလွန်နေမှုများအား တရုတ်နိုင်ငံနှင့်အတူ နှစ်နိုင်ငံ Task Force ဖွဲ့စည်းကာ ပူးပေါင်းနှိမ်နင်းမှုများကို ဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်ခဲ့ရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် ဖော်ထုတ်ဖမ်းဆီးရမိသူများသည် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသူများဖြစ်သော်လည်း လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ တရားဥပဒေနှင့်အညီစစ်ဆေး၍ ပါဝင်ပတ်သက်သူ ၅၃၃၈၈ ဦးအား သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးခဲ့သည့်အပြင် အဓိကပြစ်မှုကျူးလွန်ခဲ့သူများကိုလည်း ဖမ်းဆီးထိန်းသိမ်းပြီး သက်ဆိုင်ရာအစိုးရအဖွဲ့ထံ တရားဝင်လွှဲပြောင်းပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ Online လိမ်လည်လောင်းကစားမှုများသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ထိုင်း-မြန်မာနယ်စပ်ရှိ မြဝတီဒေသသို့ ရောက်ရှိလာခဲ့ပြီး မုလအိအလင်းကုမ္ပဏီနှင့် Tran-Asia International Holding Group (Thailand)ကုမ္ပဏီတို့ လုပ်ငန်းစတင်ခဲ့သည့် KK Park နယ်မြေ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးကိစ္စရပ်များ ဆောင်ရွက်နိုင်ရန် အကြောင်းပြ၍ စီမံကိန်းတစ်ရပ်အဖြစ် တည်ဆောက်ခဲ့ပြီး စီမံကိန်းလုပ်ငန်းများရပ်တန့်ထားသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် ၎င်းနယ်မြေရှိ Myanmar Yatai International Holding Group ကုမ္ပဏီနေရာ၊ မြဝတီမြို့နယ်၊ ကျောက်ခတ်ကျေးရွာ (Chongkhaed Garden Resort)ရှိ လောင်းကစားရုံများ စသည့်နယ်မြေများအတွင်း၌ အခြေခံအဆောက်အဦများဆောက်လုပ်ကာ Online လိမ်လည်လောင်းကစားမှုများ ကျူးလွန်ခဲ့ကြသည်။

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာ-ထိုင်း-တရုတ် သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှု ပုံစံ (Trilateral Cooperation)ဖြင့်



တရားမဝင် ဝင်ရောက်နေထိုင်သူများနှင့် တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများမှ ဖမ်းဆီးရမိသူများအား သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်စဉ်။




မြဝတီမြို့နယ်၊ KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများပြုလုပ်နေသည့် အဆောက်အအုံများအား စနစ်တကျဖောက်ခွဲဖျက်ဆီးနေမှုကို တွေ့ရစဉ်။



မြဝတီမြို့နယ်၊ KK Park နယ်မြေအတွင်းရှိ ဗုံးအလိုက်မှ အဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးပြီးစီးမှုများအား တွေ့ရစဉ်။

ပူးပေါင်းနှိမ်နင်းလျက်ရှိပြီး KNLA ၊ KNU လက်နက်ကိုင် အကြမ်းဖက်အဖွဲ့အစည်းများနှင့် NUG လက်အောက်ခံ PDF အကြမ်းဖက်အဖွဲ့ဝင်များ ခေတ္တစိုးမိုးထိန်းချုပ်ထားသည့် မြဝတီ-မဲ့ထော်သလေး (KK Park) နယ်မြေအတွင်းသို့ ပြီးခဲ့သည့်အောက်တိုဘာလအတွင်း၌ လုံခြုံရေးတပ်ဖွဲ့ဝင်များဖြင့် အကြမ်းဖက်သောင်းကျန်းသူနှိမ်နင်းမှု စစ်ဆင်ရေးဖြင့် ဝင်ရောက်ရှင်းလင်းခြင်းများ

**စာမျက်နှာ ၂၈ သို့** ●

● စာမျက်နှာ ၂၇ မှအဆက်

ဆောင်ရွက်ခဲ့ကာ နယ်မြေစိုးမိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည်။ ထိုသို့ဆောင်ရွက်ခဲ့ရာတွင် Online လိမ်လည်လောင်းကစားမှုများ ယင်းဒေသတွင် လုံး၀ပြန်လည်အခြေမချနိုင်စေရေး၊ ဒုစရိုက်လုပ်ငန်းများ ထပ်မံမလုပ်ဆောင်နိုင်စေရေးအတွက် ယင်းဒေသတွင် တရားမဝင်ဆောက်လုပ်ထားသည့် အဆောက်အအုံများအား ဇုန်အလိုက်အပြီးတိုင် ဖျက်ဆီးဖြိုချမှုများဆောင်ရွက်လျက်ရှိသည်။ ဇုန် ၃ ခုတွင် စုစုပေါင်းအဆောက်အအုံ ၆၃၅ လုံးရှိပြီးရှိ နို၀င်ဘာလ ၁၇ ရက်နေ့အထိ အဆောက်အအုံ ၁၄၈ လုံးကို ၁၀၀ ရာခိုင်နှုန်းဖြိုချ ဖျက်ဆီးခဲ့ပြီးဖြစ်သည်။ ကျန်ရှိနေသေးသည့် အဆောက်အအုံ ၄၈၇ လုံးကိုလည်း ဆက်လက်ဖြိုချရှင်းလင်းခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပြီး ဖြိုချဖျက်ဆီးခြင်းများဆောင်ရွက်ရာတွင် ယာဉ်ယန္တရားများဖြင့် စနစ်တကျဖြိုချဖျက်ဆီးခြင်း၊ အဆင့်မြင့်နည်းပညာသုံး မိုင်းဖောက်ခွဲဖျက်ဆီးခြင်းနည်းပညာအသုံးပြု၍ စနစ်တကျဖောက်ခွဲဖျက်ဆီးခြင်းတို့ဖြင့် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ခဲ့ရာတွင် တစ်ဖက်နိုင်ငံနှင့် နီးကပ်နေသည့် နေရာဖြစ်သဖြင့် အဆောက်အဦအပျက်အစီးအပိုင်းအစများ တစ်ဖက်နိုင်ငံအတွင်းသို့ ကျရောက်မှုမရှိစေရေး စနစ်တကျဆောင်ရွက်ခဲ့ကြောင်း Video မှတ်တမ်းများအရ တွေ့ရှိနိုင်သည်။ တစ်ဖက်နိုင်ငံက ကန့်ကွက်ခဲ့သည့်အတွက်လည်း ဖောက်ခွဲဖျက်ဆီးမှု Video မှတ်တမ်းဖိုင်များကို ၎င်းနိုင်ငံသို့ တရား၀င်မှတ်တမ်းပေးပို့ခဲ့ပြီးဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ဖော်ထုတ်ဖမ်းဆီးရမိသူများသည် မြန်မာနိုင်ငံအတွင်းသို့ အိမ်နီးချင်းနိုင်ငံများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသူများဖြစ်သော်လည်း လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ တရားဥပဒေနှင့်အညီ စိစစ်ဆေး၍သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်မှ ၂၀၂၅ ခုနှစ် နို၀င်ဘာလ ၁၇ ရက်နေ့အထိ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသည့်နိုင်ငံပေါင်း ၅၂ နိုင်ငံမှ နိုင်ငံခြားသား စုစုပေါင်း ၆၈၀၀၉ ဦးကို သက်ဆိုင်ရာနိုင်ငံများအလိုက်ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်သည်။ ယနေ့နံနက်ပိုင်းတွင် ရွှေကုက္ကိုလ်နယ်မြေအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့များ ဝင်ရောက်စစ်ဆေးစဉ်တွင်လည်း တစ်ဖက်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရပြီး ပိတ်ဆို့ဖမ်းဆီးနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ယနေ့ ရွှေကုက္ကိုလ်နယ်မြေအတွင်း ရှင်းလင်းဖော်ထုတ်မှုများဆောင်ရွက်စဉ် ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်ထားသည့် အဆောက်အဦ ၃ ခုအတွင်းမှ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသည့် စိစစ်ဆဲနိုင်ငံခြားသား ၃၄၆ ဦးနှင့် Online လိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုသည့် လုပ်ငန်းသုံးပစ္စည်းအများအပြားကိုလည်း စိစစ်တွေ့ရှိဖမ်းဆီးရရှိခဲ့ပြီး ဆက်လက်ရှင်းလင်းခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

Online လိမ်လည်လောင်းကစားမှုများ ကျူးလွန်ခဲ့ကြသူများအနေဖြင့် မြန်မာနိုင်ငံအတွင်း နယ်မြေဒေသမတည်ငြိမ်မှုကြောင့် တရားဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာတာဝန်ရှိသူများ အပြည့်အဝစိုးမိုးအုပ်ချုပ်ရန် အခက်အခဲနှင့် ကန့်သတ်ချက်များစွာရှိသည့်ဒေသများ၌ အခွင့်ကောင်းရယူ၍ ဒုစရိုက်လုပ်ငန်းများကျူးလွန်ပြီး ကိုယ်ကျိုးစီးပွားရှာခဲ့ကြခြင်းဖြစ်သည်။ ၎င်းတို့ပစ်မှတ်ထားဆောင်ရွက်ခဲ့ကြသည့် မြဝတီ-မဲ့ထော်သလေး KK Park နယ်မြေ၊ ရွှေကုက္ကိုလ်နယ်မြေနှင့်ကျောက်ခတ်နယ်မြေတို့သည် KNLA ၊ KNU ကရင်လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများ၊ NCA လက်မှတ်ရေးထိုးထားသည့် ကရင်လက်နက်ကိုင်အဖွဲ့များနှင့် နယ်ခြားစောင့်တပ်များ လှုပ်ရှားရာနယ်မြေဒေသဖြစ်ပြီး အဆိုပါလက်နက်ကိုင်အဖွဲ့အစည်းများအပေါ် ကိုယ်ကျိုးစီးပွားရှာသူများမှ နည်းမျိုးစုံသုံးချဉ်းကပ်လျက် အခြေခံအဆောက်အဦများနှင့် ရင်းနှီးမြှုပ်နှံမှုများကို လာရောက်ရင်းနှီးမြှုပ်နှံထားခြင်းများဖြစ်ကြောင်း တွေ့ရှိရသည်။ ထို့ပြင် ၎င်းနေရာများ၌ လူနေထိုင်နိုင်ရန်လိုအပ်သည့် ရေ၊ လျှပ်စစ်မီး၊ ဆက်သွယ်ရေးနှင့် အခြားအခြေခံအချက်အလက်များကိုလည်း တစ်ဖက်နိုင်ငံမှ ရယူခဲ့သည်ကိုတွေ့ရှိရသည်။ လက်ရှိအခြေအနေတွင် KK Park နယ်မြေအား ရှင်းလင်းခြင်းများကို ဆောင်ရွက်ခဲ့ပြီး ရွှေကုက္ကိုလ်နယ်မြေ၊ ကျောက်ခတ်နယ်မြေနှင့် အခြားဒေသများ၌လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များဖြင့်အပြည့်အဝလုံခြုံရေးရယူပြီး ဆက်လက်ဖော်ထုတ်ရှင်းလင်းခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ကာ Online လိမ်လည်လောင်းကစားမှုများ ကျူးလွန်မှုများကို ဖော်ထုတ်တွေ့ရှိရပါက ထိရောက်စွာအရေးယူ အမြစ်ပြတ်နှိမ်နင်း ချေမှုန်းသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံအစိုးရအနေဖြင့် Online လိမ်လည်လောင်းကစားမှုများကျူးလွန်မှုများကို နိုင်ငံတကာနှင့်ပူးပေါင်း၍ တင်းတင်းကျပ်ကျပ်ပြတ်ပြတ်သားသား ကိုင်တွယ်ဖော်ထုတ်အရေးယူခြင်းများဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အနေဖြင့်လည်း မြန်မာနိုင်ငံအတွင်း ပိုင်နက်နယ်မြေကိုအသုံးချ၍ အိမ်နီးချင်းနိုင်ငံများနှင့် နိုင်ငံတကာအပေါ် ရာဇဝတ်မှုများကျူးလွန်နေမှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် တိုက်ဖျက်ဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားထားရှိပြီးဖြစ်သည်။ မကြာမီရက်ပိုင်းအတွင်း သွားရောက်ခဲ့သည့် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်ခရီးစဉ်များတွင်လည်း ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်သူလူထုများနှင့်တွေ့ဆုံစဉ် Online လိမ်လည် လောင်းကစားမှုများကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် တိုက်ဖျက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဆက်လက်၍လည်း ပြတ်သားစွာချေမှုန်းသွားမည်ဖြစ်ကြောင်း အတိအလင်းပြောကြားခဲ့ပြီးဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် Online လိမ်လည် လောင်းကစားမှုကျူးလွန်မှုများကို မြန်မာနိုင်ငံအတွင်းကျယ်ကျယ်ပြန့်ပြန့်ဆက်လက်နှိမ်နင်းသွားမည်ဖြစ်ပြီး ၂၀၂၅ ခုနှစ်၊ နို၀င်ဘာလ ၁၄ ရက်နေ့၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကူမင်းမြို့၌ ကျင်းပသည့်တရုတ်-မြန်မာ-ထိုင်း-ကမ္ဘောဒီးယား-လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့ပါဝင်သည့် Online လိမ်လည်မှုများ ပူးပေါင်းတိုက်ဖျက်ရေးအစည်းအဝေးတွင်ပါဝင်သည့်နိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍လည်း ထိထိရောက်ရောက်တားဆီးနှိမ်နင်းသွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံသူ၊ နိုင်ငံသားများအနေဖြင့်လည်း Online လိမ်လည်လောင်းကစားမှုများကျူးလွန်မှုများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ ရရှိပါက သက်ဆိုင်ရာသို့ပေးပို့ခြင်းဖြင့် Online လိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ ပူးပေါင်းပါဝင်တိုက်ဖျက်သွားကြပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

(၁၀၀)




ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား ဖော်ထုတ်ဖမ်းဆီးရမိမှုကို တွေ့ရစဉ်။

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ တရားမဝင် ကုန်ပစ္စည်းတင် မော်တော်ယာဉ်နှင့် ရေယာဉ် ဖမ်းဆီးရမိ

နေပြည်တော် နို၀င်ဘာ ၁၈

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **နို၀င်ဘာလ ၂ ရက်**တွင် မြဝတီမြို့နယ်၊ စကား၀ါလမ်း၊ မြေကွက်အမှတ်(၁၀၄)ရှိ ဂိုဒေါင်(၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ်၁၅၀၀၀၀၀)ကိုလည်းကောင်း၊ ဘားအံမြို့နယ်၊ သာယာကုန်းကျေးရွာ၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်း (၆)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၀၉၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ်၄၀၅၉၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **နို၀င်ဘာလ ၁၃ ရက်နှင့် ၁၄ ရက်**တို့တွင် ညောင်လေးပင်မြို့နယ်နှင့် ဒိုက်ဦးမြို့နယ်တို့အတွင်း၌ တရားမဝင် အခြားသစ် (၈ ဒသမ ၅၈၃)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၅၉၉၆၈)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **နို၀င်ဘာလ ၁၅ ရက်**တွင် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်မြို့၊ ရွှေမဲဆိပ်ကမ်း၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသည့် ရေယာဉ်(၁)စင်းပေါ်မှ သွင်းကုန်လိုင်စင်၊ သွင်းကုန်ကြေညာလွှာ (ID)ပါ ဖော်ပြချက်နှင့် ကိုက်ညီမှုကန်မှုရှိသည့် လုပ်ငန်းသုံးပစ္စည်း (၈)မျိုးအား အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ခွင့်ပြုပေးခဲ့ပြီး သွင်းကုန်ကြေညာလွှာ(ID)တွင် ဖော်ပြထားခြင်းမရှိသော အကောက်ခွန်မဲ့ကုန်ပစ္စည်းများဖြစ်သည့် လုပ်ငန်းသုံးပစ္စည်း (၄၀)မျိုး၊ လူသုံးကုန်ပစ္စည်း (၉)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၂၉၈၉၂၄၅၄)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် MV. Moe Hein ရေယာဉ် (၁)စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည် (၃)ဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်း (၄)မျိုး၊ လူသုံးကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၃၁၄၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၅၇၂၀၆၄၅၄)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

၂၀၂၅ ခုနှစ်၊ **နို၀င်ဘာလ ၂ ရက်၊ ၁၃ ရက်၊ ၁၄ ရက်နှင့် ၁၅ ရက်**တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၃၂)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၉၉၈၅၆၄၂၂)**ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **မြဝတီ**

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၃၁၇ ဦးအား သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် နိုဝင်ဘာ ၁၈

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီမြို့-ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ အပါအဝင် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် အိန္ဒိယနိုင်ငံသား ၂၆၉ ဦး၊ လာအို နိုင်ငံသား ၃၁ ဦး၊ ဗီယက်နမ်နိုင်ငံသား ၁၆ ဦးနှင့် တောင်ကိုရီးယားနိုင်ငံသား တစ်ဦး၊ စုစုပေါင်း ပြည်ပနိုင်ငံသား၃၁၇ဦးတို့အားမြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။



မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်စဉ်။

ဦးစွာ ကရင်ပြည်နယ်အစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းသူကျော်နှင့် တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံများသို့ ပြည်နှင့်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်နှင့်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ Counsellor Mr. Pranav Ganesh နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ လာအိုနိုင်ငံသံရုံးမှ Second Secretary Mr. Bounkham Manivan နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံရုံးမှ First Secretary Mr. LE Trung Kien နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ တောင်ကိုရီးယားသမ္မတနိုင်ငံ သံရုံးမှ Counsellor Mr. Rhee Wuchan နှင့်တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ နိုဝင်ဘာလ ၁၈ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၀၈၄၀ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၈၅၃ ဦးကို ထိုင်းနိုင်ငံမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၉၈၇ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန်အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို ပျက်ပြားစေရန်ရည်ရွယ်၍ နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းပြုလုပ်သူများအား အရေးယူ

နေပြည်တော် နိုဝင်ဘာ ၁၈

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပမှုကိုပျက်ပြားစေရန် ရည်ရွယ်၍ လူမှုကွန်ရက်စာမျက်နှာများ၊ အများပြည်သူဆိုင်ရာနေရာများ၌ ဟောပြောခြင်း၊ ပြောဆိုခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ ဆန္ဒပြခြင်း၊ စာရေးသားခြင်း၊ ရုပ်ပုံပိုစတာများချိတ်ဆွဲခြင်း စသည်တို့ဖြင့် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းများ၊ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များအား ထိခိုက်ပျက်စီးအောင် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း ပြုလုပ်သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားခြင်းမှ ကာကွယ်ပေးရေးဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာလ ၁၃ ရက် ည ၁၀ နာရီ ၄၅ မိနစ်တွင် ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ရုံးအကူ ကိုဘိုဘိုထွန်း (၂၄)နှစ်သည် ဈေးရပ်ကွက်ရှိ မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးမှ ရုံးလုပ်ငန်းများဆောင်ရွက်ပြီး နေအိမ်သို့ ဆိုင်ကယ်ဖြင့် ပြန်လာစဉ် မီးပွိုင့်လမ်းဆုံအရောက်၌ ဈေးရပ်ကွက်နေ ထွန်းမင်းလတ် (၄၉)နှစ် မောင်းနှင်လာသည့်ဆိုင်ကယ်ဖြင့် တိုက်မိမည့်အခြေအနေဖြစ်ပွားခဲ့ရာ ထွန်းမင်းလတ်က လက်သီးဖြင့်ထိုးခဲ့သဖြင့် ကိုဘိုဘိုထွန်းတွင် နာကျင်ဒဏ်ရာများရရှိခဲ့သောကြောင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲမှ ရုံးအကူ ကိုဘိုဘိုထွန်းအား ယင်း၏တာဝန်ဝတ္တရားများမထမ်းဆောင်နိုင်အောင် နာကျင်အောင်ပြုလုပ်ခဲ့သူ ထွန်းမင်းလတ်အား နိုဝင်ဘာလ ၁၅ ရက်တွင် အုတ်တွင်းမြို့မရဲစခန်း (ပ)၁၁၀/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ ပုဒ်မ ၂၄(က)ဖြင့် လည်းကောင်း။

အလားတူ နိုဝင်ဘာလ ၁၄ ရက်တွင် ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်၊ အနောက်တက်ကျေးရွာ၌ ပြည်ခိုင်ဖြိုးပါတီမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးကျော်တိုး ဦးဆောင်သည့်အဖွဲ့သည် ကျေးရွာနေပြည်သူများအား မဲဆွယ်စည်းရုံးဟောပြောခြင်းများ ကွင်းဆင်းဆောင်ရွက်ရာ၌ အဆိုပါကျေးရွာနေ ဝင်းဦး(ခ)ဘက်ဟိုး (၄၂)နှစ်သည် လွှတ်တော်ကိုယ်စားလှယ်များ ဥပဒေနှင့်အညီ မဲဆွယ်စည်းရုံးခြင်း မပြုလုပ်နိုင်စေရန်အတွက် ကျေးရွာနေပြည်သူများအား လိုက်လံဖိတ်ကြားခြင်း ပြုလုပ်နေသည့် ပြည်ခိုင်ဖြိုးပါတီမှ ရပ်/ကျေးအမှုဆောင် ဒေါ်အမာစိန် (၅၂)နှစ်အား ဓားဖြင့်ခုတ်ခဲ့သဖြင့် ဒေါ်အမာစိန်တွင် ထိခိုက်ဒဏ်ရာရရှိခဲ့သောကြောင့် ဝင်းဦး(ခ)ဘက်ဟိုးအား ရွှေကျင်မြို့မရဲစခန်း(ပ)၄၄/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က)ဖြင့် လည်းကောင်း အမှုဖွင့်ဖမ်းဆီးပြီး ထိရောက်ပြစ်ဒဏ်ရရှိရေးဆောင်ရွက်လျက်ရှိသည်။

ထို့အတူ နိုဝင်ဘာလ ၉ ရက် ည ၁၁ နာရီ ၃၀ မိနစ်ခန့်တွင် မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ပျိုးခင်းကုန်းကျေးရွာနေ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဝင်းညွန့် (၅၈)နှစ်သည် နေအိမ်၌ ရှိနေစဉ် PDF အမည်ခံအကြမ်းဖက်သမားအင်အား ၅၀ ဦးခန့်မှ ဆိုင်ကယ်များဖြင့်ရောက်ရှိလာပြီး ကျေးရွာအုပ်ချုပ်ရေးမှူးရုံးအား ဖွင့်ခိုင်းကာ အဆိုပါရုံးအတွင်းထားရှိသည့် ပထမအကြိမ် မဲစာရင်းစာရွက်စာတမ်းများနှင့် ဦးဝင်းညွန့် ကိုင်ဆောင်သည့် လက်ကိုင်ဖုန်းတစ်လုံးတို့အား လုယက်ယူဆောင်ကာ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ မပြုလုပ်ရန်ခြိမ်းခြောက်ပြောဆိုခဲ့သဖြင့် အဆိုပါအကြမ်းဖက်သမားများအား နိုဝင်ဘာလ ၁၀ ရက်နေ့တွင် စလင်းမြို့မရဲစခန်း (ပ)၁၃/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(ခ)/ ၂၆(ခ)ဖြင့်လည်းကောင်း။

အလားတူ နိုဝင်ဘာလ ၁၁ ရက်တွင် ပဲခူးတိုင်းဒေသကြီး၊ကြို့ပင်ကောက်မြို့နယ်၊ စစ်ကုန်းကျေးရွာနေ အခြေခံပညာမူလတန်းကျောင်း ဒုတိယကျောင်းအုပ်ဆရာမကြီးဖြစ်သူ ဒေါ်မို့မို့ခိုင်သည် နေအိမ်၌ရှိနေစဉ် PDF အမည်ခံအကြမ်းဖက်သမား ၈ ဦး ရောက်ရှိလာပြီး ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း မပြုရန် ခြိမ်းခြောက်ပြောဆိုခဲ့သဖြင့် အဆိုပါ အကြမ်းဖက်သမားများအား နိုဝင်ဘာလ ၁၅ ရက်နေ့တွင်ကြို့ပင်ကောက်မြို့မရဲစခန်း (ပ)၁၉၀/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က)/(ခ) ဖြင့်လည်းကောင်း။

အလားတူ နိုဝင်ဘာလ ၁၂ ရက်နေ့တွင် မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ ညောင်ထောက်ကျေးရွာသို့ စောအောင်မြင့်မြတ် (၂၀)နှစ် ဦးဆောင်သည့် KNU အကြမ်းဖက်အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများရောက်ရှိလာပြီး ကျေးရွာသူ/ရွာသားများအား ခေါ်ယူတွေ့ဆုံကာ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ ဆန္ဒမဲမပေးကြရန် ခြိမ်းခြောက်ပြောဆိုခဲ့သောကြောင့် စောအောင်မြင့်မြတ်ဦးဆောင်သည့် KNU အကြမ်းဖက်အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများအား နိုဝင်ဘာလ ၁၂ ရက်တွင် ဘီးလင်းမြို့မရဲစခန်း(ပ)၃၂၀/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(ခ) ဖြင့်လည်းကောင်း။

အလားတူ နိုဝင်ဘာလ ၁၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ တံတားမြို့၊ အမှတ်(၄)ရပ်ကွက်၊ အနော်ရထာလမ်းထိပ်၌ စိုက်ထူထားသည့် ပြည်ခိုင်ဖြိုးပါတီ၏ မဲဆွယ်စည်းရုံးရေးဆိုင်းဘုတ်အား ဆုတ်ဖြဲဖျက်ဆီးခြင်းခံခဲ့ရသဖြင့် ဖျက်ဆီးသွားသူ (စုံစမ်းဆဲ)အား နိုဝင်ဘာလ ၁၂ ရက်တွင် တံတားနယ်မြေရဲစခန်း(ပ)၇/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က) ဖြင့် လည်းကောင်း။

အလားတူ နိုဝင်ဘာလ ၁၂ ရက် ညနေ ၅ နာရီ ၃၀ မိနစ်ခန့်တွင် ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ စောရန်ပိုင်အရှေ့ရပ်ကွက်နေ ပြည်သူ့ရှေ့ဆောင်ပါတီ(PPP)မှ လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးနန္ဒမျိုးအောင်သည် နေအိမ်၌ရှိနေစဉ် ၎င်းနေအိမ်ရှေ့ သစ်တောလမ်းပေါ်မှအမျိုးသားတစ်ဦး(စိစစ်ဆဲ)က (PPP)ကို မဲမပေးပါနဲ့ဟု အော်ဟစ်ပြောဆိုခဲ့သဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်းအား ဥပဒေနှင့်အညီ မဲဆွယ်စည်းရုံးခြင်း မပြုလုပ်နိုင်စေရန် နှောင့်ယှက်ဟန့်တားခဲ့သည့် အမျိုးသားတစ်ဦး(စိစစ်ဆဲ)အား နိုဝင်ဘာလ ၁၂ ရက်နေ့တွင် အလုံမြို့မရဲစခန်း (ပ)၂၇၄/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄ (က) ဖြင့်လည်းကောင်း။

အလားတူ နိုဝင်ဘာလ ၁၂ ရက်တွင် မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ ပလိပ်ကျေးရွာ မြွေဘုရားသွားလမ်းထိပ်၌ ပြည်ခိုင်ဖြိုးပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်း ၄ ဦး၏ မဲဆွယ်စည်းရုံးရေးအတွက် စိုက်ထူထားသည့် ဗီနိုင်းဆိုင်းဘုတ်အား ဖျက်ဆီးခံထားရသောကြောင့် ဖျက်ဆီးသွားသူ (စိစစ်ဆဲ)အား နိုဝင်ဘာလ ၁၄ ရက်နေ့တွင် ပလိပ်နယ်မြေရဲစခန်း (ပ)၃၈/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က) ဖြင့်လည်းကောင်း။

အလားတူ နိုဝင်ဘာလ ၁၃ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ်၊ ဆပ်ကွင်းကျေးရွာဘုန်းကြီးကျောင်းအနီး ပြည်သူ့ရှေ့ဆောင်ပါတီ (PPP)မှ လွှတ်တော်ကိုယ်စားလှယ်လောင်း၏ မဲဆွယ်စည်းရုံးရေးအတွက် စိုက်ထူထားသည့် ဗီနိုင်းဆိုင်းဘုတ်အား ဖျက်ဆီးခံထားရသောကြောင့် ဖျက်ဆီးသွားသူ(စိစစ်ဆဲ)အား နိုဝင်ဘာလ ၁၃ ရက်နေ့တွင် ကန်ကြီးထောင့်မြို့မရဲစခန်း (ပ)၁၂၈/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က) ဖြင့်လည်းကောင်း။

အလားတူ နိုဝင်ဘာလ ၁၅ ရက်တွင် မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ ၁၂၆ လမ်းနှင့် ၅၇ လမ်းထောင့်၌ စိုက်ထူထားသည့် ပြည်သူ့ပါတီ၏ မဲဆွယ်စည်းရုံးရေးဆိုင်းဘုတ်အား ဖျက်ဆီးခံထားရသောကြောင့် ဖျက်ဆီးသွားသူ(စိစစ်ဆဲ)အား နိုဝင်ဘာလ ၁၆ ရက်နေ့တွင် ပြည်ကြီးတံခွန်မြို့နယ်၊ စက်မှုနယ်မြေရဲစခန်း(ပ)၁၄၃/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က) ဖြင့် လည်းကောင်း အမှုရေးဖွင့်ကာ ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

## Open Tender ခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အောက်ဖော်ပြပါလုပ်ငန်းဆောင်ရွက်ရန်ရှိပါသဖြင့် အတွေ့အကြုံရှိ၍ စိတ်ပါဝင်စားသောကုမ္ပဏီများအနေဖြင့် တင်ဒါတင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်-

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းဆိပ်ကမ်း၊ တော်ဝင်သံကူကွန်ကရစ်ဆိပ်ခံတံတား၏တောင်ဘက်ကပ်လျက်မြေနေရာတွင် အပြည်ပြည်ဆိုင်ရာကမ်းရိုးတန်းဆိပ်ကမ်းသစ်တစ်ခုတည်ဆောက်နိုင်ရန်အတွက် တိုင်းတာခြင်း၊ လေ့လာဆန်းစစ်ခြင်းနှင့် ပုံစံဒီဇိုင်းများရေးဆွဲခြင်းလုပ်ငန်း။

၂။ တင်ဒါပုံစံဝယ်ယူနိုင်သည့် နေ့ရက်နှင့်အချိန် - ၂၀-၁၁-၂၀၂၅ ရက်နေ့မှ ၂၈-၁၁-၂၀၂၅ ရက်နေ့အထိ (ရုံးချိန်အတွင်း)

၃။ တင်ဒါဖွင့်မည့် နေ့ရက်နှင့်အချိန် - ၅-၁၂-၂၀၂၅(သောကြာနေ့)၊ ၁၃:၀၀ နာရီ

၄။ တင်ဒါပုံစံရောင်းချမည့်နေရာ - အမှတ်-၁၀၊ ပန်းဆိုးတန်းလမ်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးချုပ်၊ မြို့ပြအင်ဂျင်နီယာဌာန

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း၊ ၀၉-၄၃၀၄၉၃၁၇၊ ၀၉-၄၀၈၉၀၈၈၀၀ သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါလုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမျိုးအမည် |
|---|---|---|
| ၁ | ၃၁၉/မမ/CE | တိုင်းအမှတ်(၅)၊ တောင်ငူ<br>ပျဉ်းမနား-ဘူတာ တွဲစစ်ရုံးတည်ဆောက်ခြင်းလုပ်ငန်း |
| ၂ | ၃၂၀/မမ/CE | တိုင်းအမှတ်(၃)၊ မန္တလေး<br>တိုင်းအမှတ်(၃)နယ်မြေ၊ မန္တလေး-လားရှိုးလမ်းပိုင်း တံတားအမှတ်(၂၄၈)ဂုတ်ထိပ်တံတားဆေးသုတ်ခြင်းလုပ်ငန်း |

တင်ဒါပိတ်မည့်နေ့/အချိန် - (၃-၁၂-၂၀၂၅)နေ့လယ် (၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၁၉-၁၁-၂၀၂၅)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

**ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း 294352, 291994**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## အလုပ်သမားဝန်ကြီးဌာန
## တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့၏ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့်ဆောင်ရွက်မည့် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါ (Open Tender) တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | အကြောင်းအရာ | အရေအတွက် |
|---|---|---|
| (က) | လှိုင်သာယာမြို့နယ်၊ လူမှုဖူလုံရေးအဖွဲ့ပိုင် မြေကွက်(၂)ကွက်တွင် ခြံစည်းရိုးကာရံခြင်း(RC တိုင်၊ RC Beam ၂ ထပ်၊ မြေပေါ်အမြင့် ၁၀ ပေ၊ ၄ ပေအမြင့် မြေဖို့ခြင်းအပါအဝင်)လုပ်ငန်း | (၁)မျိုး |

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများအား ရုံးချိန်အတွင်း နေပြည်တော်၊ လူမှုဖူလုံရေးအဖွဲ့ရုံးချုပ်၊ စီမံခန့်ခွဲရေးဌာနတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါပုံစံရောင်းချမည့်ရက် - ၁ -၁၂ -၂၀၂၅ ရက်နေ့မှ ၅ -၁၂ -၂၀၂၅ ရက်နေ့အထိ (ရုံးချိန်အတွင်း) ၁၀:၀၀ နာရီမှ ၁၆:၀၀ နာရီအထိ

၄။ တင်ဒါ Specification နှင့် ဈေးနှုန်းလွှာတင်သွင်းရမည့်နေ့ရက် - ၈ -၁၂ -၂၀၂၅ ရက်နေ့မှ ၉ - ၁၂ - ၂၀၂၅ ရက်နေ့ထိ (ရုံးချိန်အတွင်း)၁၀:၀၀ နာရီမှ ၁၆:၀၀ နာရီအထိ

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၉-၇၇၆၁၇၄၁၀၄၊ ၀၉-၆၈၉၃၂၃၁၁၀၊ ၀၉-၇၉၇၈၉၂၀၅၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဝန်ကြီးဌာနတင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**အလုပ်သမားဝန်ကြီးဌာန**

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့သစ်လုပ်ငန်း
## ဒီဇယ်ဆီအိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ မြန်မာ့သစ်လုပ်ငန်းတွင် သုံးစွဲရန်လိုအပ်သောဒီဇယ်ဆီများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါ(Open Tender)ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

၂။ ဝယ်ယူမည့်ဂါလန်အရေအတွက်နှင့် ပေးပို့ရမည့်နေရာအသေးစိတ်အား ရောင်းချမည့်တင်ဒါပုံစံတွင် ဖော်ပြထားပါသည်။

၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့သစ်လုပ်ငန်း(ရုံးခွဲ)၊ ရွှေတိဂုံဘုရားလမ်း၊ အင်ဂျင်နီယာဌာနသို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

တင်ဒါရောင်းချမည့်ရက် - ၁၉-၁၁-၂၀၂၅/နံနက် ၁၀:၀၀ နာရီ

တင်ဒါပိတ်မည့်ရက် - ၃-၁၂-၂၀၂၅/နေ့လယ် ၁၅:၀၀ နာရီ

တင်ဒါရောင်းချမည့်နေရာ - အင်ဂျင်နီယာဌာန၊ မြန်မာ့သစ်လုပ်ငန်း

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**အမှတ် ၇၄/၇၆၊ ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၈၂၅၄၁၉၁၊ ၀၉-၅၃၄၁၆၀၅၊ ၀၉-၅၁၁၈၉၂၅**

### ပျောက်ဆုံးကြောင်း
ပပဝင်း(ဘ)ဦးမြဆန်း ၁၂/တတန(နိုင်)၁၈၁၄၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ဇေယျာမိုး(ဘ)ဦးခင်မိုး ၁၂/ကမရ(နိုင်)၀၆၀၅၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 842066)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၈၇၇၉၆၉၃

### ပျောက်ဆုံးကြောင်း
ဆန်းကျော်ဌေး(ဘ)ဦးတင်ရှိန် ၈/နမန(နိုင်)၂၃၁၉၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၇၇၄၀၁၅၂

### ပျောက်ဆုံးကြောင်း
ပဲခူးမြို့နေ သန်းထွန်း(ဘ)ဦးမာနီကွန်း ၇/ပခန(နိုင်)၀၀၂၁၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ရွှေပြည်သာမြို့နယ်၊ ရွှေလင်းယုန်လမ်းနေ ဟိန်းထက်အောင်(ဘ)ဦးဌေးဝင်း ၁၂/ရပသ(နိုင်)၁၁၅၀၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ဝေါမြို့နေ ခင်ထက်ထက်ဝေ(ဘ)ဦးခင်စိုး ၇/ဝမန(နိုင်)၂၀၄၆၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ကိုဖိုးထောင်(ခ)ဦးအောင်မျိုးခန့်
## အသက်(၄၈)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့၊ အမှတ်(၁)ရပ်ကွက်နေ (ဦးကျော်ဝင်း-ဒေါ်ကျင်ဟန်)တို့၏သား၊ ဆော်ဒီအာရေဗျနိုင်ငံဆိုင်ရာမြန်မာသံအမတ်ကြီး ဦးနေမျိုးဦး-ဒေါ်မျိုးပပစိုးတို့၏ညီ၊ ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ ဇမ္ဗူသီရိမြို့နယ်နေ ဦးကျော်စိုးမိုး-ဒေါ်မြတ်ဆုအောင်(ဒုတိယညွှန်ကြားရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရုံးချုပ်)တို့၏မောင်၊ မအေးချမ်းမိုးပွင့်၊ မောင်အောင်ဘုန်းမြတ်တို့၏ဦးလေး ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၉၀)ရပ်ကွက်၊ ရတနာပုံလမ်း၊ အမှတ်(၈၃၉)နေ ဒေါ်သီရိလှိုင်၏ချစ်လှစွာသောခင်ပွန်း၊ မောင်ဥက္ကာခန့်မောင်၏ဖခင်သည် ၁၇-၁၁-၂၀၂၅ ရက်(တနင်္လာနေ့)မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်အချိန်တွင် (၉၆)ပါးသောရောဂါဖြင့် မြောက်ဥက္ကလာပအထွေထွေပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်အနိစ္စရောက်သွားပါသောကြောင့် ကြွင်းကျန်သောရုပ်ကလာပ်ကို ၁၉-၁၁-၂၀၂၅ ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၁ နာရီတွင် ကျီစုသုသာန်သို့ပို့ဆောင်ပြီး မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၃-၁၁-၂၀၂၅ ရက်(တနင်္ဂနွေနေ့)နံနက် ၉ နာရီတွင် ဘုရားအမှူးရှိသော သံဃာတော်အရှင်မြတ်တို့အားပင့်ဖိတ်၍ ဆွမ်းအစရှိသောဒါတဗ္ဗဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းပြီး ရေစက်သွန်းချအမျှပေးဝေမည်ဖြစ်ပါသောကြောင့် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ပျောက်ဆုံးကြောင်း
မို့မို့ခိုင်(ဘ)ဦးစိုးနိုင် ၁၄/ညတန(နိုင်)၂၀၂၅၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 465821)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၂၂၁၉၆၂၅

### ပျောက်ဆုံးကြောင်း
စုဝေနှင်း(ဘ)ဦးခင်မောင်ဦး ၁၄/ပတန(နိုင်)၂၉၄၈၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 931599)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၅၃၉၀၆၇၉

### ပျောက်ဆုံးကြောင်း
ပိုးအိစံ(ဘ)ဦးထွေးမြင့် ၇/ပခန(နိုင်)၄၃၃၉၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အ ကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
သန်းသန်းထွေး(ဘ)ဦးမြလှိုင် ၁၂/သကတ(နိုင်)၀၀၀၉၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ရဲထွဋ်ဦး(ဘ)ဦးလှဦး ၁၂/တတန(နိုင်)၁၇၈၅၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 464425)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၃၀၄၇၆၇

### ပျောက်ဆုံးကြောင်း
ခင်စုလှိုင်(ဘ)ဦးတင်သိန်း ၁၂/မဂတ(နိုင်)၀၈၃၁၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 537325)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
ကျောက်မဲမြို့၊ ၄ ရပ်ကွက်နေ ခင်လင်း(ခ)ကျော်ကျော်ဦး(ဘ)အီဟွာ(ခ)အေးဝင်း ၁၃/ကမန(နိုင်)၀၆၃၂၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 339885)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၉၀၆၂၉၃၅

## မြန်မာ့သစ်လုပ်ငန်း
## ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာန
## အိတ်ဖွင့်တင်ဒါကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာနမှ ကျွန်း/သစ်မာ(သစ်လုံး/ခွဲသား)များကို အောက်ဖော်ပြပါအတိုင်း ရောင်းချမည်ဖြစ်ပါသည်-

(က) **ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာန**
ကျွန်းသစ်လုံး(ရန်ကုန်) (၄၀၀)တန်ခန့်၊ သစ်မာသစ်လုံး(နယ်)(၁၂၅၀)တန်ခန့်နှင့် သတဖ-ကျွန်းခွဲသား(နယ်)(၃၉)တန်၊ ကျွန်းခွဲသား(၇၄)တန်ခန့်

(ခ) **သစ်အခြေခံစက်မှုလုပ်ငန်းဌာန**
ကျွန်းခွဲသား(၂၇၀)တန်ခန့်

(ဂ) ရောင်းချမည့်ရက်နှင့်အချိန် - (၃-၁၂-၂၀၂၅)၊ နံနက်(၉:၀၀)နာရီ

(ဃ) ရောင်းချမည့်နေရာ - တော်ဝင်ခန်းမ၊ မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်)ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ (တင်ဒါကျင်းပမည့်ရက်ပြောင်းလဲမှုရှိပါက ထပ်မံအကြောင်းကြားပါမည်။)

၂။ MSMEs လုပ်ငန်းရှင်များအနေဖြင့် လိုအပ်သောကုန်ကြမ်းများအား ဝင်ရောက်ယှဉ်ပြိုင်ဝယ်ယူနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်)နှင့် **website** ဖြစ်သော **www.mte.com.mm** တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၄။ ဆက်သွယ်ရန်-**Ph; 01-287430, 01-528771, 01-528764**

### ပျောက်ဆုံးကြောင်း
ခင်ငြိမ်းချမ်း(ဘ)ဦးတင်မောင်ဝင်း ၁၂/ဒဂမ(နိုင်)၀၄၇၄၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
အေးနွဲ့မိုး(ဘ)ဦးအောင်ပိုက် ၈/မသန(နိုင်)၁၆၄၁၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၅၀၄၉၀၈၂

### ပျောက်ဆုံးကြောင်း
အေးမမ(ဘ)ဦးတင်ငွေ ၁၄/မမန(နိုင်)၀၀၃၀၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၂၃၀၀၈၄၇

### ပျောက်ဆုံးကြောင်း
ရာဇာစိုးအောင်(ဘ)ဦးအောင်မြင့်စိန် ၁၂/တကန(နိုင်)၂၄၁၂၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 975602)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၅၀၄၉၀၈၂

### ပျောက်ဆုံးကြောင်း
ခိုင်ထူးဝေ(ဘ)ဦးမောင်ဟန် ၉/ကပတ(နိုင်)၃၁၂၅၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၂၃၀၀၈၄၇


နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော
သဘာဝအစစ်မို့ အရသာထူး စိတ်ရွှင်ကြည်နူး ....
(ASEAN-OSHNET AWARD) တွင်
BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး
ရွှေဖီဦး
ရွှေဖီဦး BLACK TEA (နောင်တရား)ကို
Export Quality အဆင့်မီစွာ
ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။
Tea Mix
Lemon Tea
Black Tea
SHWE PHE OO
Lemon Tea
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။
အရည်အသွေးမြင့်မား တာယာ မှာ
TRISTAR
TBB,TBR,PCR တာယာ အရွယ်အစားမျိုးစုံအပြင်
ဆိုင်ကယ် တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး
ရောင်းချလျက်ရှိပါသည်။
THE BEST QUALITY TYRE
WQA
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်
“ဆုံးရှုံးမှုအန္တရာယ်ဘေး
မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ”
Hotline - 09-450450561, 09-450450562, 09-450450563
AUNG THITSA OO INSURANCE


OKKAN SUGAR MILL
ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး
FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la
Phone,09 798157939(Office),09 773646431(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar

❖ ဒေသတစ်ခုနှင့် နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ပညာတတ်လူသားအရင်းအမြစ်ကောင်းများ မဖြစ်မနေလိုအပ်မည်ဖြစ်သည့်အတွက် မိမိတို့အနေဖြင့် ပညာရေးကို အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် MSME လုပ်ငန်းရှင်များအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများအား အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ အင်တိုက်အားတိုက် တိုက်ဖျက်လျက်ရှိ

## ရွှေကုက္ကိုလ်နယ်မြေအတွင်း Online လိမ်လည်မှုများ၊ Online လောင်းကစားမှုများနှင့် ဒုစရိုက်မှုများကျူးလွန်မှုရှိ/မရှိအား အဖွဲ့စုံပါဝင်သည့်ပူးပေါင်းစစ်ဆေးရေးအဖွဲ့များဖြင့် ရှင်းလင်းဆောင်ရွက်နေ

နေပြည်တော် နိုဝင်ဘာ ၁၈

မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံတကာနှင့်တစ်ကမ္ဘာလုံးကိုအန္တရာယ်ပေးနေသည့် Online လိမ်လည်မှုများ၊ Online လောင်းကစားမှုများတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားတိုက်ဖျက်ဆောင်ရွက်လျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၏ အသက်၊ သွေး၊ ချွေးများ၊ ယာဉ်ယန္တရားများ၊ ငွေကြေးများစွာ ကုန်ကျခံရင်းနှီးပေးဆပ်၍ ပူးပေါင်းပါဝင်တိုက်ဖျက်လျက်ရှိသည်။

ထိုသို့ Online လိမ်လည်လောင်းကစားမှုများကိုတိုက်ဖျက်လျက်ရှိရာတွင် ကရင်ပြည်နယ်၊ ရွှေကုက္ကိုလ်နယ်မြေအတွင်း Online လိမ်လည်မှုများ၊ Online လောင်းကစားမှုများနှင့် ဒုစရိုက်မှုများကျူးလွန်မှုမရှိစေရေး နိုင်ငံတော်အစိုးရအနေဖြင့်ညွှန်ကြားထားရှိပြီး မြေပြင်တွင်

စာမျက်နှာ ၂၇ ကော်လံ ၃ ●




မြဝတီမြို့နယ်၊ KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများပြုလုပ်နေသည့် အဆောက်အအုံများအား စနစ်တကျဖောက်ခွဲဖျက်ဆီးရှင်းလင်းနေမှုကို တွေ့မြင်ရစဉ်။

# ၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုချီးမြှင့်ပွဲ အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် နိုဝင်ဘာ ၁၈

၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုချီးမြှင့်ပွဲအခမ်းအနားကို နိုဝင်ဘာလ ၂၀ ရက် နံနက် ၉ နာရီ ၃၀ မိနစ်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-1)၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယင်းနေ့ နံနက် ၉ နာရီ ၂၀ မိနစ်မှစတင်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV-HD၊ MRTV Parliament၊ MWD HD၊ MWD Variety HD Channel၊ Readers Channel၊ Channel 9 နှင့် Up to Date Channel၊ မြန်မာ့အသံရေဒီယို၊ သဇင် FM၊ MOI Website၊ MOI Youtube၊ MRTV App အပါအဝင် MRTV Online Platform တို့မှ တိုက်ရိုက် (LIVE)ရိုက်ကူးထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။ **မြဝတီ**

# ရခိုင်ပြည်နယ်နှင့်မလေးရှားနိုင်ငံသို့ပို့ဆောင်မည့် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၁၈

နိုင်ငံတော်အစိုးရအနေဖြင့် အနာဂတ်မျိုးဆက်သစ်လူငယ်များအပါအဝင် လူသားမျိုးနွယ်စုတစ်ခုလုံးကို အန္တရာယ်ဖြစ်စေသည့် မူးယစ်ဆေးဝါးများသယ်ဆောင်ရောင်းချမှုများအား ထိရောက်စွာတားဆီးကာကွယ်တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်သတ်မှတ်၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် မူးယစ်ဆေးဝါးသယ်ဆောင်လေ့ရှိသည့်လမ်းကြောင်းများ၌ စစ်ဆေးရှာဖွေဖော်ထုတ်ဖမ်းဆီးမှုများတိုးမြှင့်လုပ်ဆောင်နေသကဲ့သို့ အိမ်နီးချင်းနိုင်ငံများနှင့်ပူးပေါင်း၍ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ပူးတွဲစစ်ဆင်ရေးများကို ဆောင်ရွက်ခြင်းများကြောင့် မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်သူများသည် ပင်လယ်ရေကြောင်း၏အားသာချက်ကိုအသုံးချကာ ရေလမ်းကြောင်းအားပြောင်းလဲအသုံးပြုလာသည်ကို

စာမျက်နှာ ၂၂ ကော်လံ ၁ ❍



ပုသိမ်မြို့၊ (၁)ရပ်ကွက်၊ ဆင်အိုးဖိုရပ်၊ ကမ်းနားလမ်းရှိ ဂိုဒေါင်အမှတ်(၁၉)၌ ဖမ်းဆီးရမိ တရားခံ ၂ ဦးနှင့်အတူ အိုက်စ် ၄၀၀၀ ကီလိုဂရမ်၊ ခန့်မှန်းကာလတန်ဖိုးငွေကျပ် ၁၂၀ ဘီလီယံခန့်ကိုတွေ့ရစဉ်။

# မွန်တိုးတက်ရေးပါတီနှင့် ငြိမ်းချမ်းရေးအကျိုးဆောင်ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ ပါရှိ

နေပြည်တော် နိုဝင်ဘာ ၁၈

မွန်တိုးတက်ရေးပါတီနှင့်ငြိမ်းချမ်းရေးအကျိုးဆောင်ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို ယနေ့ထုတ်မြဝတီသတင်းစာ စာမျက်နှာ(၇)နှင့် စာမျက်နှာ(၈)တို့တွင် ဖော်ပြပါရှိပါသည်။ **မြဝတီ**

